BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

မိုးကြိုး သတင်း

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ် * ခရစ်နှစ် ၂၀၀၂ ခုနှစ် | အမှတ် (၂၇)

# (၅၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ပြည်တွင်းပြည်ပနေရာအနှံ့၌ အနှစ်သာရပြည့်ဝစွာကျင်းပပြုလုပ်ခဲ့

## ဒီမိုကရေစီစနစ်သို့ အမြန်ဆုံးကူးပြောင်းနိုင်ရေးအတွက်အကောင်အထည်ဖော်ရန် အဓိပ္ပာယ်ပြည့်ဝသည့်ဆွေးနွေးမှုများပြုလုပ်ရန် အချိန်တန်ပြီဟု NLD ကတောင်းဆိုချက်ထုတ်ပြန်

**ယခုနှစ်တွင်ကျရောက်သည့် (၅၄) နှစ်မြောက် လွတ်လပ်ရေးနေ့မတိုင်မီက မြန်မာပြည်သူတရပ်လုံးနှင့် နိုင်ငံတကာပြည်သူများ မျှော်လင့်လိုလားတွက်ဆထားခဲ့သည့် အလားအလာကောင်းများမှာ လွတ်လပ်ရေးနေ့ကျော်လွန်သွားခဲ့သော်လည်း တစုံတရာဖြစ်ထွန်းပေါ်ပေါက်လာခြင်းမရှိဘဲ အားမလိုအားမရမှုများနှင့်သာ လွန်မြောက်ပြီးဆုံးသွားခဲ့ရပြန်ပြီဖြစ်ကြောင်းသိရသည်။**



(၅၂)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပခဲ့စဉ်က

၂၀၀၂ ခုနှစ်၊ဇန်နဝါရီ(၄)ရက်သောကြာနေ့တွင်ကျရောက်သည့် ၅၄ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ရွှေဂုံတိုင်းလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ထိုနေ့ နေ့လည် (၁၂)နာရီခန့်က ကျင်းပပြုလုပ်ခဲ့ကြောင်း နိုင်ငံတကာသတင်းဌာနများ၌ ဖော်ပြပါရှိသည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်နိုင်ခဲ့ခြင်းမရှိသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးအောင်ရွှေနှင့် ဒုဥက္ကဋ္ဌဦးတင်ဦး အပါအဝင်အဖွဲ့ချုပ်အဖွဲ့ဝင်များ တိုင်းရင်းသားပါတီ(၆)ပါတီတို့မှ



ဝါရင့်နိုင်ငံရေးသမားကြီးများလည်းတက်ရောက်ခဲ့ကြ။

ကိုယ်စားလှယ်တော်များ၊ လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးများ၊ နိုင်ငံခြားသံတမန်များနှင့် ပြည်သူလူထု(၆၀၀)ကျော်တို့ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

ထိုအခမ်းအနား၌အဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ရွှေနှင့် ဒု-ဥက္ကဋ္ဌဦးတင်ဦးတို့က ဒေါ်အောင်ဆန်းစုကြည်နှင့်နအဖတို့လျှို့ဝှက်စွာ တွေ့ဆုံနေမှုနှင့်ပတ်သက်၍ "နှစ်ဘက်အကြားယုံကြည်မှုတည်ဆောက်နေတဲ့အဆင့်မှာ ကြာနေမယ့်အစား အဓိပ္ပာယ်ပြည့်ဝတဲ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သင့်နေပြီဖြစ်ကြောင်း၊ ဆွေးနွေးမှုမြန်မြန်အဖြေထွက်လေလေ တိုင်းပြည်မြန်မြန်အကျိုးရှိလေလေဖြစ်ကြောင်း"ပြောဆိုသွားခဲ့သည်ဟု သိရှိရသည်။ အခမ်းအနားတွင် ဒု-ဥက္ကဋ္ဌဦးတင်ဦးက (၁၃)မျက်နှာပါရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ကြေညာချက်တစောင်ကိုလည်းဖတ်ကြားသွားခဲ့ကြောင်းလည်းသိရသည်။

အဆိုပါအခမ်းအနား၌ လိပ်ခဲတည်းလည်းဖြစ်နေရသည့် မြန်မာ့နိုင်ငံရေးအခြေအနေအပေါ် တောင်းဆိုချက်(၇)ခုပြုလုပ်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်အားနေအိမ်တွင် ထိန်းသိမ်းထားခြင်းမှ အမြန်ဆုံးလွှတ်ပေးရန်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုအမြန်ဆုံးလွှတ်ပေးရန်တို့ပါရှိသည်ဟု သိရသည်။

အလားတူ နအဖ စစ်အုပ်စုကလည်း လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အခမ်းအနားတခုကျင်းပခဲ့ရာ ထိုအခမ်းအနားသို့ပေးပို့သည့် နအဖ ဥက္ကဋ္ဌဗိုလ်သန်းရွှေ၏ သဝဏ်လွှာတွင် ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အရိပ်အရောင်တလုံးတပါဒမျှ ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်းသိရှိရသည်။ ■



နိုင်ငံခြားသံတမန်များနှင့်နိုင်ငံတကာသတင်းဌာနများလည်းပါဝင်။

### မြန်မာ့နိုင်ငံရေးသောင်းတင်းရေးကျ ဖြစ်နေရသည့် အခြေအနေမှ ဝဝလုံနိုင်သော ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ဆုံးတည်ဆောက်ရန်

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ဆုံးဖြတ်ချက်များ ပြည်သူလူထုကြီးထံအစီရင်ခံ

ယခုနှစ်တွင် ကျရောက်သည့် (၅၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယကြီးတွင် မြန်မာ့နိုင်ငံရေးအခြေအနေမရေမရာဖြစ်နေရမှုများအပေါ် အားမလိုအားမရဖြစ်နေကြသည့် တိုင်းရင်းသားလူမျိုးစုများနှင့် မြန်မာပြည်သူလူထုကြီး တရပ်လုံးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြတ်သားခိုင်မာသည့် ဆုံးဖြတ်ချက်များကို အစီရင်ခံထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်များကို "မိုးကြိုး"မှ ဖော်ပြလိုက်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွတ်လပ်ရေးနေ့တောင်းဆိုချက်

၁။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟူသော စကားရပ်များအရရင်း၊ နိုင်ငံရေးတွင် အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေမရှိသည်ကြောင့်ရင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီတို့သည် ယခုနှစ်ဦး အချိန်အခါသမယ၌ တိုင်းပြည်လွတ်လပ်ရေးနေ့ကို အဓိပ္ပာယ်ပြည့်ဝသောနိုင်ငံရေး ဆွေးနွေးပွဲများသို့ လူသစ်၊ စိတ်သစ်၊ အတွေးအခေါ်သစ်များနှင့် ရိုးသားပွင့်လင်းစွာ အမြန်ဆုံးခြေလှမ်းတိုးဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

၂။ နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော ပြဿနာအရပ်ရပ်အားလုံးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီတို့ ပူးတွဲဖြေရှင်းခြင်းဖြင့် ပြေလည်နိုင်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၃။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသော အထွေထွေအခက်အခဲများကို တိုင်းရင်းသားလူမျိုးစုများအပါအဝင် နိုင်ငံရေးအင်အားစုများအားလုံးညီညွတ်စွာအတူတကွ ဖြေရှင်းရန်လိုအပ်ကြောင်း ဆုံးဖြတ်သည်။

၄။ ပြည်သူလူထုတရပ်လုံး တိုင်းရင်းသားလူမျိုးစုများအပါအဝင် နှစ်ရှည်လများ မျှော်လင့်စောင့်ဆိုင်းနေရသော စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အမြန်တည်ဆောက်ရန် ဆုံးဖြတ်သည်။

၅။ လွတ်လပ်ရေးနေ့တည်းဟူသော ဂုဏ်ကျက်သရေပြည့်လှသည့် ဤနေ့ကြီးနေ့မြတ်မှစ၍ နိုင်ငံရေးပါတီအားလုံးအား လှုပ်ရှားခွင့်၊ စည်းရုံးခွင့်၊ စာရွက်စာတမ်းများ ရိုက်နှိပ်ဖြန့်ဖြူးခွင့်စသည့် နိုင်ငံရေးလုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခွင့်ပေးသင့်ကြောင်း ဆုံးဖြတ်သည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်အားနေအိမ်တွင် ထိန်းသိမ်းထားခြင်းမှ အမြန်ဆုံးပြန်လွှတ်ပေးရန် ဆုံးဖြတ်သည်။

၇။ နိုင်ငံရေးအကျဉ်းသားများအားလုံး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင်တို့အားခြွင်းချက်မရှိဘဲ အမြန်ဆုံးပြန်လည်လွှတ်ပေးရန် ယခုနှစ်ဦးအချိန်အခါသမယနှင့်တိုက်ဆိုင်နေသော ဂုဏ်အသရေရှိလှသည့် ဤ ၂၀၀၂ ခုနှစ်၊ ဇန္နဝါရီလ(၄)ရက်နေ့၊ လွတ်လပ်ရေးနေ့တွင် ဆုံးဖြတ်သည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်။

**မင်းဆိုးကို မိုးကြိုး ပစ်ပြီ**

## အယ်ဒီတာ့အာဘော်

# ဒုတိယအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအား ပါဝင်ဆင်နွှဲကြ

မြန်မာပြည်သည် ၁၈၂၄–၁၈၅၂ နှင့် ၁၈၈၅ တို့တွင် အင်္ဂလိပ်–မြန်မာ စစ်ပွဲများ သုံးကြိမ်တိုင်ဖြစ်ပြီးနောက် ကိုလိုနီဘဝသို့သက်ဆင်းခဲ့ရသည်။ ထီးနန်း ပျောက်၍ သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရသည်။

ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲမှရေတွက်သော် ၁၂၃ နှစ်တိုင်တိုင် အမျိုးသား လွတ်မြောက်ရေးသို့ပေးအပ်လာသော အခြေအနေပေါ်မူတည်၍ မြန်မာအမျိုးသား အဆက်ဆက်ကြိုးပမ်းခဲ့ကြသည်၊ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်ကို မြန်မာအမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းက အထင်အရှားပြဆိုခဲ့သည်။ ၁၈၂၅ ခုနှစ်မှစ၍ မရေမတွက်နိုင်သော မျိုးချစ်အာဇာနည်အပေါင်း၏ သွေးချွေး တို့ဖြင့် လွတ်လပ်ရေးကိုကြိုးပမ်းခဲ့ကြသည်။ ၁၈၈၅ မှ ၁၉၀၀ ခုနှစ်အထိ အင်္ဂလိပ် နယ်ချဲ့အား လက်နက်မချ အညံ့မခံပဲ ရရာလက်နက်ဖြင့် ဆွဲကိုင်တိုက်ခိုက်ခဲ့သော တိုက်ပွဲဝင်မှုများမှ စတင်သန္ဓေတည်၍ ၁၉၀၆ ခုနှစ် YMBA, GCBA နှင့် ၁၉၂၀ ခုနှစ် ကျောင်းသား သပိတ် ၁၉၃၀ ခုနှစ် ဆရာစံအရေးတော်ပုံနှင့် ဒို့ဗမာအစည်းအရုံး ဖွဲ့စည်းလှုပ်ရှားမှု၊ ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်၊ ၁၃၀၀ပြည့် အရေးတော်ပုံနှင့် ဒုတိယ ကမ္ဘာစစ်အတွင်း ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် မြန်မာ့တပ်မတော်တို့၏ ဖဆပလဖွဲ့စည်း၍ လွတ်လပ်ရေးလှုပ်ရှားမှုများအပါအဝင် တမျိုးသားလုံး၊ အမျိုးသား စည်းလုံးညီညွတ်ရေးကိုရယူ၍နယ်ချဲ့စနစ်အား ဖြုတ်ချခဲ့သော ပင်လုံညီလာခံအဆုံး၊ အဆက်မပြတ်တိုက်ပွဲများဆင်နွှဲ၍ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူတရပ်လုံး၊ နယ်ချဲ့ ဆန့်ကျင်ရေးလှုပ်ရှားမှု (ဝါ) ပထမအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲရလာဒ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့သည်မှာ ယနေ့ကာလဆိုလျှင် ၅၄ နှစ် ပြည့်ပြီးဖြစ်သည်။

သို့သော် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရသည်။ အမျိုးသား ညီညွတ်ရေး တစထက်တစပြိုကွဲမှုနှင့်အတူ စစ်အာဏာရှင်စနစ်မှ မြန်မာနိုင်ငံအား လွှမ်းမိုးခဲ့သည်။ စစ်အာဏာရှင်စနစ် ဖိုလ်ကျလွှမ်းမိုးမှုကြောင့် လွတ်လပ်ရေးအတွက် အသက်သွေးချွေးပေးလှူသွားသော အာဇာနည်ထောင်သောင်းတို့၏ အန္တိမရည်မှန်းချက် ဖြစ်သော ပြည်သူတို့၏ဒီမိုကရေစီအခွင့်အရေးများ ပျောက်ကွယ်သွားခဲ့သည်။ အဖိနှိပ်ခံ ပြည်သူတရပ်လုံးသည် အင်္ဂလိပ်နယ်ချဲ့စနစ်အောက်တွင် အမျိုးသားရေးလက္ခဏာ ကွယ်ပျောက်၍ သူ့ကျွန်ဘဝရောက်ခဲ့ရသည်နည်းတူ စစ်အာဏာရှင်စနစ်အောက်တွင် ဒီမိုကရေစီအခွင့်အရေးများ ကွယ်ပျောက်လျက် စစ်ကျွန်ဘဝဖြင့် နွံနစ်နေကြရသည်။ ခေတ်သစ်မြန်မာ့လူ့ဘောင်သစ်သည် လက်တဆုပ်စာ ဖိနှိပ်သူလူတန်းစားကို အလုပ် အကျွေးပြုသည့် စစ်တပ်လူတန်းစားနှင့် “အဖိနှိပ်ခံ” သာမန်အရပ်သူအရပ်သား လူတန်းစာဟူ၍ လူတန်းစားနှစ်ရပ်ခွဲခြား ခံလိုက်ရသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးမှစ၍ အရပ်ဘက်ပြည်သူလူထုသည် စစ်အုပ်စု၏ ကျွန်ပြု စစ်သွေးစုပ်ခြင်းကိုခံနေရသည်။

၁၈၂၄ မှ ၁၉၄၇ အထိ နှစ်ပေါင်း ၁၂၃ နှစ်အတွင်း ကျွန်ပြုခံမြန်မာတိုင်းရင်းသား အားလုံးသည် ၎င်းတို့၏ပခုံးပေါ်သို့ကျရောက်လာသည့် ကိုလိုနီစနစ်ဆန့်ကျင်ရေး (ဝါ) အမျိုးသားလွတ်မြောက်ရေးတာဝန်ကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင် လျက် အောင်ပွဲရသည့်အထိထမ်းဆောင်ခဲ့သည် သမိုင်းတာဝန်ကိုကျေပွန်ခဲ့သည်။ ထိုနည်း အတူ ၁၉၆၂ ခုနှစ်မှစ၍ နှစ်ပေါင်း ၄၀ ကြာ စစ်အာဏာရှင်စနစ်၏ ဖိနှိပ်ကျွန်ပြုမှုကို လည်း အဖိနှိပ်ခံပြည်သူတို့က မရပ်မနားဆန့်ကျင်တိုက်ပွဲဝင်နေကြသည်ကို တွေ့မြင်ကြရ သည်။ ၁၉၆၂ ဇူလိုင် ကျောင်းသားအရေးအခင်းမှစ၍ ၁၉၆၇ ကျွန်ဆွယ်အရေးအခင်း၊ ၁၉၇၀ တက္ကသိုလ်ရွှေရတု၊ ၁၉၇၄ အလုပ်သမားအရေးအခင်း ၁၉၇၄ ဦးသန့် အရေးအခင်း၊ ၁၉၇၅ ရွှေဂုံတိုင်အရေးအခင်း၊ ၁၉၇၆ မှိုင်းရာပြည့်အရေးတော်ပုံ၊ ၁၉၈၆ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုစသည့်တို့သည် အဖိနှိပ်ခံတိုင်းရင်းသားပြည်သူ တို့၏ လက်နက်ကိုင်တိုက်ပွဲနှင့် ဟန်ချက်ညီစွာတိုက်ပွဲဝင်ခဲ့သည့် သမိုင်းဝင်တိုက်ပွဲများ ဖြစ်သည်။

သို့ပါ၍ မိမိတို့၏ဘိုးဘွားများသည် သူတို့၏သမိုင်းတာဝန်ဖြစ်သော နယ်ချဲ့ ဆန့်ကျင်ရေး(ဝါ)ကိုလိုနီဘဝမှလွတ်မြောက်ရေးဟူသည့် ပထမအမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကို အမျိုးသားသွေးစည်းညီညွတ်ရေးအင်အားဖြင့် အောင်ပွဲရသည်အထိ ကြိုးပမ်း စွမ်းဆောင်နိုင်ခဲ့သည်နည်းတူ ယခု ဒုတိယအကြိမ် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ (ဝါ)စစ်ကျွန်အဖြစ်မှ လွတ်မြောက်ရေး၊ ဒီမိုကရေစီအခွင့်အရေးများ ပြန်လည်ရရှိရေး တိုက်ပွဲအားလည်း အမျိုးသားသွေးစည်းညီညွတ်ရေးအင်အားဖြင့်သာ ရယူတည်ဆောက် ကြရန် တိုက်တွန်းနှိုးဆော်အပ်ပေသည်။

---

# ကမ္ဘာလွှမ်းခြုံဖြန့်ကြက်မှု (၆)

**၁၅၊ ၃၊ ၂၀၀၁ နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် “လူငယ်ပညာပေးဟောပြောပွဲ”အစီအစဉ်မှ ဦးလွင်ဟောပြောခဲ့သည့် “ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု” (Globalization) ဟောပြောချက် အပိုင်း (၆) ဖြစ်ပါသည်။**



အတွင်းရေးမှူး ဦးလွင်

**…ဘဏ်ကြီးတွေဆီကနေ ငွေချေးပြီး စက်ရုံကြီးတွေ၊ လုပ်ငန်းကြီးတွေတည်ထောင်တာ၊ တချိန်ကတော့ သူတို့ဟာသိပ်တိုးတက်တာ၊ အခုတော့လည်း လုပ်ငန်းတွေမနိုင်မနင်း ဖြစ်ပြီးဒေဝါလီခံခဲ့ရတဲ့အဖြစ်မျိုးတွေ…**

ဓါတ်အားအရမ်းတိုးလာရင် ဒါမှမဟုတ် ဓါတ်အားလျော့ကျသွားရင် Safe Guard မရှိလို့မဖြစ်ဘူး။ Golden Strait-jacket ဟာ Safe Guard ပဲဖြစ်ပါတယ်။ သို့သော်လည်း တချို့နိုင်ငံတွေဟာ Golden Strait-jacket အမြဲတမ်း မဝတ်ထားကြဘူး။ ဝတ်ထားလိုက် ပြန်ချွတ်လိုက်လုပ်တတ်ကြပါတယ်။ အချို့ကျ တော့ တစိတ်တပိုင်းပဲဝတ်ကြတယ်။ ကြယ်သီး အပြည့်တတ်ပြီးမဝတ်ကြဘူး။ အပြည့်မဝတ်ရင် တော့ Globalization ခေတ်ထဲမှာ အခက်အခဲ အကျပ်အတည်းတွေ၊ အဆင်မပြေမှု ကမောက် ကမဖြစ်မှုတွေနဲ့ မလွဲမသွေကြုံကြရပါလိမ့်မယ်။ မြင်သာအောင်ပြောရရင် ၁၉၉၇ ခုနှစ်မှာ ထိုင်းနိုင်ငံကစတင်ပြီး ဖြစ်ပွားခဲ့တဲ့ အာရှ စီးပွားရေးအကျပ်အတည်းဟာ Golden Strait-jacket ကိုသေချာစွာ ဝတ်မထားခဲ့၍ ဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။

Electric Herds မှာ (၂)မျိုးရှိတယ်။ Long Horn (ချိုရှည်တဲ့နွား)၊ Short Horn (ချိုတိုတဲ့နွား)ဆိုပြီးရှိပါတယ်။ Short Horn ဆိုတာ Stock Share/ Bond တွေကို အရောင်းအဝယ်လုပ်တဲ့ လုပ်ငန်းတွေပါ။ Bond (စာချုပ်)တွေကိုဝယ်လို့ ရောင်းလို့ရပါတယ်။ ရှယ်ယာဝယ်တဲ့သဘောပါပဲ။ ဘဏ်လုပ်ငန်း ကောင်းရင်ကောင်းသလို ဘဏ်လုပ်ငန်း တွင်ကျယ်ရင်တွင်ကျယ်သလို Bond တွေက ဈေးတက်သွားတယ်။ Bond ဆိုတာ အင်မတန် ဈေးကောင်းတဲ့ပစ္စည်းတခုလို့ ပြောနိုင်ပါတယ်။ ဗမာပြည်မှာတော့ Bond တွေ ထုတ်ရောင်း တာမကြားမိသေးဘူး။ ကာလတိုလုပ်ငန်းတွေ အတွက် ငွေထုတ်ချေးတာကို Short Horn လို့ခေါ်ပါတယ်။ Short Horn နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကိုလုပ်တဲ့ နာမည်ကြီးကုမ္ပဏီတွေ က ကမ္ဘာပေါ်မှာရှိပါတယ်။ နမူနာကိုပြောရရင် Merill Lynch ၏ credit/ Suisse Fuji Bank တို့ဖြစ်ပါတယ်။ Merill Lynch ဟာ ငွေကြေးလုပ်ငန်းတွေလုပ်ပါတယ်။ ဘဏ်ဆိုလည်း ဟုတ်ပါတယ်။ မြန်မာပြည်မှာလိုဆိုရင်တော့ ဟွန်ဒီ (Hondi) လုပ်ငန်းလုပ်တယ်လို့ ပြောနိုင် တယ်။ ဟွန်ဒီ(Hondi) အကြီးစားလုပ်ငန်းကြီး ဖြစ်ပါတယ်။

Long Horn ဆိုတာကတော့ နှစ်ရှည် ကိစ္စတွေလုပ်တာကိုခေါ်တာပါ။ လုပ်ငန်း ဆောင်တာကြီးကြီးဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီ တွေကို ငွေချေးတဲ့လုပ်ငန်းဖြစ်ပါတယ်။ တခြား နိုင်ငံတွေမှာ ဆည်ကြီးတွေ၊ ဓါတ်အားပေး လုပ်ငန်းတွေ၊ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းတွေ လုပ်တဲ့ အခါ ပုဂ္ဂလိကကုမ္ပဏီတွေက လုပ်တာများ တယ်။ အစိုးရကသိပ်လုပ်တာမဟုတ်ဘူး။ ဥပမာ ပြောရရင် GE (General Electronic) GM (General Motor) IBM နဲ့ အခုနာမည်ကြီး နေတဲ့ Microsoft ကုမ္ပဏီကြီးတွေဖြစ်တယ်။ သူတို့ဟာ ကမ္ဘာ့အချမ်းသာဆုံးတွေလည်းဖြစ် တယ်။ နောက်ကျနော်တို့ ရင်းရင်းနှီးနှီးသိနေကြ တဲ့ Hyundai နဲ့ Daewoo ကုမ္ပဏီကြီးတွေ၊ သူတို့ဟာ ဘဏ်ကြီးတွေဆီကနေ ငွေချေးပြီး စက်ရုံကြီးတွေ၊ လုပ်ငန်းကြီးတွေ တည်ထောင် တာ၊ တချိန်ကတော့ သူတို့ဟာ သိပ်တိုးတက် တာ၊ အခုတော့လည်း လုပ်ငန်းတွေမနိုင်မနင်း ဖြစ်ပြီး ဒေဝါလီခံရတဲ့ အဖြစ်မျိုးတွေနဲ့ကြုံလာရ တယ်။ အဲဒီလို လုပ်ငန်းကြီးတွေကို ကာလရှည် ချေးတဲ့ ကုမ္ပဏီကြီးတွေ လုပ်ငန်းကြီးတွေကို Long Hornဆိုပြီး နာမည်တွင်လာတယ်။ Long Horn, Short Horn တွေဟာ စီးပွားရေး လုပ်ငန်းလုပ်တဲ့အခါ လုပ်ငန်းတွင်ကျယ်အောင် Electronic ပစ္စည်းတွေသုံးပြီးလုပ်တယ်။ အဲဒီလို လုပ်တဲ့အခါ Electronic Herds ဆိုပြီး နာမည် တွင်လာခြင်းဖြစ်တယ်။ Long Horn/ Short Horn များရှိတဲ့နေရာကို Cyber Space လို့ခေါ်ပါတယ်။ Cyber Space က ကြီးထွား လာတဲ့အခါ Super Market ဖြစ်လာ တယ်။ မြန်မာပြည်က Super One လို Super Market မျိုးကိုပြောတာမဟုတ်ဘူး။ Super One ထက် အဆမတန်ကြီးမား ကျယ်ပြန့်တယ်။ Super Market ကြီးတွေ ဟာ တိုကျို(Tokyo)၊ ဖရန့်ဖတ် (Frankfurt)၊ ဆစ်ဒနီ(Sydney)၊ ဟောင်ကောင် (Hong Kong)၊ ရှန်ဟဲ (Shanghai)၊ စင်ကာပူ(Singapore)၊ ဘုံဘေ(Bombay)၊ ဇူးရစ် (Zurich)၊ ပါရီ(Paris)၊ လန်ဒန် (London)၊ နယူးယောက် (New York) စတဲ့မြို့ကြီးတွေမှာရှိပါတယ်။ ဒီ့တွေဟာ ကမ္ဘာ အနှံ့ မြို့ကြီးတွေဆီမှာ ဝေးကွာကွဲပြားနေကြ ပေမယ့် အချိန်မရွေး စက္ကန့်နဲ့အမျှ အဆက် အသွယ်ရှိတယ်။ အဆက်အသွယ်မပြတ်ဘူး။ တယ်လီဖုန်း (Telephone) ဆက်လို့ရတယ်။ အီးမေးလ်(E-mail)ပို့လို့ရတယ်။ ဝက်(ဘ) ဆိုက်(Website)ပို့လို့ရတယ်။ အင်တာနက် (Internet)ထဲထည့်ပြီး ဆက်သွယ်လို့ရတယ်။ တနေရာတည်း၊ တအိမ်တည်း၊ တခန်းထဲမှာ အလုပ်လုပ်နေသလိုမျိုးအဆက်အသွယ်ရှိတယ်။ တွင်ကျယ်အောင်လုပ်နေကြတယ်။ အဲဒီ Super Market တွေဟာကမ္ဘာ့ငွေကြေးဈေးကွက် အားလုံးကို ချုပ်ကိုင်ထားတဲ့သဘောဖြစ်တယ်။ Stock Share/Bond အမျိုးမျိုးတို့ကို ကုမ္ပဏီ တမျိုးမျိုးကိုထုတ်ပေးတယ်။ Cyber Space ကနေ Super Market / Super Market ကနေတဖြည်းဖြည်းကြီးထွားလာပြီး Mega Market ဖြစ်လာတယ်။ ၁၉၉၇ ခုနှစ် မှာ တကမ္ဘာလုံးသောစီးပွားရေးလုပ်ငန်းအဖွဲ့ အစည်းများရဲ့ ကွပ်ကဲမှုအောက်မှာရှိနေတဲ့ Equities Stock Bond Share (ပိုင်ဆိုင်မှုများ)တန်ဖိုး၏စုစုပေါင်း(တကမ္ဘာလုံး) ၇၃% ကို Super Market ၂၅ ခုက ချုပ်ကိုင်ထား ပါတယ်။ တဖန်ကမ္ဘာ့ငွေလုံးငွေရင်းရဲ့ထက်ဝက် (တန်ဖိုးအားဖြင့်) US$ 20.4 Trillion ကိုလည်း ချုပ်ကိုင်ထားပါတယ်။

**ဆက်လက်ဖော်ပြပါမည်**



Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာ**
**ခင်လွန်း၊ မောင်ဖေသက်နီ**

P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com

# ဖွံ့ဖြိုးရေးဘောဂဗေဒ

**အောင်သစ်**

(၁) စင်စစ်လူ့တသက်တာသည် သမိုင်းကို ဖြတ်သန်းနေရသော ခရီးစဉ်တခုဟုဆိုနိုင်လိမ့်မည်ထင်ပါသည်။ ဤသို့ဆိုလျှင် စာရေးသူတို့မျိုးဆက်(၄၀နှင့်၅၀)ကြား ဖြတ်သန်းခဲ့ကြရသော ငယ်ဘဝများသည် စစ်ပွဲများကိုနောက်ခံပြုကာ နိုင်ငံရေးငြင်းခုံပွဲများ အယူအဆရေးရာတိုက်ပွဲများဖြင့်လှုပ်ခပ်နေသောခရီးဟု ပြောရပါလိမ့်မည်။

သို့သော်သမိုင်းသည် သက်ငြိမ်ပန်းချီကားမဟုတ်ပါ။ ပြောင်းလဲနေသောဖြစ်စဉ်ဟု ဆိုကြပါသည်။ ယနေ့ကမ္ဘာသည် စစ်မြေပြင်မှ စားပွဲဝိုင်းသို့ ဦးလှည့်နေသောကမ္ဘာဖြစ်သည်။ အယူအဆရေးရာငြင်းခုံရန်စောင်မှုများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသို့လှည့် ပြောင်းနေသောကမ္ဘာကြီးဖြစ်သည်။

စစ်အေးလွန်ကမ္ဘာ၏ တိမ်းညွတ်မှုမှာ စစ်နှင့်တော်လှန်ရေးမှသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ မျက်နှာမူလာပြီဟု ဆိုနိုင်ပါလိမ့်မည်။ ထိုအခါ ပတ်ဝန်းကျင်မှအသံများသည် ကြားနေကြအသံများမဟုတ်တော့။ အမြင်များမှာလည်း တွေ့နေကျမြင်ကွင်းများမဟုတ်တော့။ အမြင်အကြားတို့မှ တုံ့ပြန်လိုက်သော ရည်မှန်းချက်တို့မှာလည်း သဘာဝတူစွာ ပင်ပြောင်းလဲလာရတော့သည်၊ ပြောရလျှင်ထိန်ခေါ်မှု အသစ်များနှင့် ရင်ဆိုင်လာရတော့သည်။

(၂) ဘောဂဗေဒနယ်ပယ်တွင်ဖွံ့ဖြိုးရေး ဘောဂဗေဒဆိုသည့် ဘာသာခွဲတခုပေါ်ပေါက်ခဲ့သည်မှာကြာပါပြီ။ (သို့သော်) မကြာလှသော ဆယ်စုနှစ်များအတွင်းမှာမှ ပို၍ကျယ်လောင်မြည်ဟီးလာခြင်းဖြစ်သည်။ ယခုအခါမှာတော့ ဤဘာသာရပ်သည် ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်နေပါပြီ။

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ ဖွံ့ဖြိုးချမ်းသာစေချင်သည်မှာ သဘာဝကျပါသည်။ သမိုင်းခေတ်၏တောင်းဆိုချက်နှင့်လည်း တထပ်တည်းကျနေပါသည်၊ ဤအတွက်လိပ်ပြာမသန့်စရာ မရှိနိုင်ပါ။ အရေးကြီးသည်မှာ စိတ်ကူးဆန္ဒကို လက်တွေ့ခြေလှမ်း လှမ်းနိုင်ဖို့ဖြစ်ပါသည်။ ဤသို့ဆိုလျှင် သမရိုးကျအမြင်များ အစွဲအလန်းဟောင်းများနှင့်ခရီးတွင်မည်မဟုတ်ပါ။ အတွေးသစ်၊ အမြင်သစ်၊ တောင်းဆိုမှုအသစ်များအတွက် အသိအလိမ္မာတံခါးကို ကျယ်ကျယ်ဖွင့်နိုင်ဖို့လိုပါလိမ့်မည်။

ယနေ့အခါမှာ တခါကအိမ်နီးချင်းနိုင်ငံများသည်ပင် ဖွံ့ဖြိုးရေးလှေကားထစ်ဆီသို့ သူ့ထက်ငါ အပြိုင်တက်လှမ်းနေကြချိန်ဖြစ်ပါသည်။ ခန်းဆောင်နီထဲမှာ အိပ်မောကျကောင်းနေဆဲဆိုလျှင်တော့ ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာကြီး၏ အနိမ့်ဆုံးတွင်ပြတ်ကျန်ရစ်ပါလိမ့်မည်။

(၃) နိုင်ငံတနိုင်ငံ၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်လာစေရန် မည်သည့်အချက်များ လိုအပ်နေပါသနည်း။ ပညာရှင်များ၏အဆိုအရ အချက်ငါးချက် ပြည့်စုံရမည်ဟု မှတ်သားရသည်။ ယင်းတို့မှာ –

(က) လူသားအရင်းအမြစ်။
(ခ) သဘာဝအရင်းအမြစ်။
(ဂ) အရင်းအနှီး။
(ဃ) နည်းပညာ။
(င) တည်ငြိမ်သော လုပ်ငန်းပတ်ဝန်းကျင်ဟုဆိုသည်။

**တခါကအိမ်နီးချင်းနိုင်ငံ များသည်ပင် ဖွံ့ဖြိုးရေးလှေကားထစ်ဆီသို့ သူ့ထက်ငါ အပြိုင်တက်လှမ်းနေကြချိန်ဖြစ်ပါသည်။ ခန်းဆောင်နီထဲမှာ အိပ်မောကျကောင်းနေဆဲဆိုလျှင်တော့ ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာကြီး၏ အနိမ့်ဆုံးတွင်ပြတ်ကျန်ရစ်ပါလိမ့်မည်...**

ဤအချက်များထဲတွင် မည်သည့်အချက် အဓိကအကျဆုံးဆိုသည်မှာကား ပညာရှင်များပင် အငြင်းပွားကြဆဲဖြစ်ပါသည်။ ဘယ်အချက်ကဖြင့် အရေးအကြီးဆုံးဟုဆိုကာတချက်ချက်ကို အသေကိုင်စွဲခြင်းသည်ပင် တိမ်းစောင်းမှုများ ဖြစ်စေနိုင်သည်ဟုလည်း အချို့ပညာရှင်များက သုံးသပ်ကြသည်။

စာရေးသူလက်လှမ်းမီသမျှအချက်တချက်ခြင်းအပေါ် ဆင်ခြင်မှုများကို ဆက်လက်တင်ပြပါမည်။

(က)လူသားအရင်းအမြစ်

သင့်တင့်လျောက်ပတ်သောလူဦးရေ ရှိရမည်ဟုဆိုကြသည်။ မှီခိုသော လူဦးရေထက် အလုပ်လုပ်သောလူဦးရေက ပိုများသင့်သည်ဟုလည်းဆိုသည်။ အလုပ်လုပ်သော လူဦးရေဆိုရာတွင်လည်း တကယ်အစွမ်းအစရှိသော အလုပ်အင်အားစု ဖြစ်သင့်သည်ဟုဆိုသည်။ တဦးချင်းစွမ်းဆောင်ရည်မရှိသော ဝေလေလေ လူအုပ်မဖြစ်စေရပါ။ သေချာသည်ကတော့ လူများလေ လုပ်အားများလေ ကောင်းလေ ဆိုသောအယူအဆကို ပယ်လိုက်ကြခြင်းပင်။

ဤတွင် လူဦးရေကန့်သတ်ရေး၊ မွေးနှုန်းသေနှုန်းလျှော့ချရေးပြဿနာများနှင့်ဆက်စပ်လာသည်။ ပညာရေး ရေချိန်မြှင့်ပေးရေးမှာ သော့ချက်ဖြစ်လာသည်။ ယနေ့နာမည်ကြီးနေသော အရှေ့အာရှနိုင်ငံများဆိုလျှင် မွေးနှုန်းနှင့်သေနှုန်းကို သိသိသာသာလျှော့ချနိုင်ပြီဟုဆိုသည်၊ ပညာရေးအသုံးစရိတ်ကိုလည်း သိသိသာသာ မြှင့်တင်နေကြသည်ဟုဆိုသည်။

(ခ)သဘာဝအရင်းအမြစ်

ဤအချက်မပါဘဲနှင့်လည်း ဖွံ့ဖြိုးနိုင်ပါသည်ဟု အချို့ပညာရှင်များက သုံးသပ်ကြသည်။ အထူးသဖြင့် သယံဇာတဘာမှမရှိဘဲ ထိပ်းတန်းရောက်နေသော စင်္ကာပူကိုထောက်ပြကြသည်။ မြန်မာပြည်မှာကား သဘာဝအရင်းအမြစ်အလျှံအပယ်ဟု ပြောသံဆိုသံကြားနေရသည်။ သို့သော် မြန်မာ့စီးပွားရေး ပညာရှင်တဦး အဆိုအရမူ ဤကိစ္စကိုမျက်စိမှိတ်ယုံထား၍မဖြစ်သေးပါချေ။ သေချာသည့်အချက်တော့ ရှိသည်။ မြေကြီးကရွှေသီးသည်ဆိုသော်ငြားလည်း အတတ်ပညာရှင်နှင့်အရင်းအနှီးသာမရှိလျှင်တော့ ရွှေသီးမည်မဟုတ်၊ ဖုံတွေခဲတွေသာ သီးလာပါလိမ့်မည်။

(ဂ)အရင်းအနှီး

တချိန်ကတော့ နိုင်ငံခြားအရင်းအနှီးဆိုလျှင် ကိုလိုနီနှောင်ကြိုးဟုဆိုကာ နှာခေါင်းရှုံ့ကြသည်။ ယခုတော့(နိုင်ငံရေးအရောင်အသွေးမရွေး)တိုင်းပြည်တိုင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ တံခါးအကျယ်ဆုံးဖွင့်ပြီး အပြိုင်ခေါ်နေကြပါပြီ၊ ရင်းနှီးမြှုပ်နှံရမည့်နိုင်ငံကပင် ခပ်အေးအေးနှင့်အသေအချာစဉ်းစားရွေးချယ်နေရသည့် အနေအထားဖြစ်သည်။ လာမည့်ရာစုဆိုလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေနှင့်လိုသလောက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဖို့မလွယ်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။ ဤအခြေအနေတွင် နိုင်ငံခြားကြောက်ရောဂါကို အမြစ်ဖြတ်နိုင်ဘို့ လိုနေပြီဟုယူဆပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်လာနိုင်စရာ လမ်းနှစ်သွယ်ရှိသည်ဟုဆိုသည်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့ (F.D.I)နှင့် စတော့ရှယ်ယာနှင့် အရောင်းအဝယ်နည်းတို့ဖြစ်သည်။ (F.D.I)မှာ အရင်းအနှီးသာမက ပညာပါရနိုင်၍ ပိုကောင်းသည်ဟုဆိုနိုင်ပါသည်။ သို့သော် အလွယ်တကူရဖို့မသေချာပါ။ ရင်းနှီးမြှုပ်နှံသူကဘက်စုံတွက်ချက်စဉ်းစားပါလိမ့်မည်။ ဒုတိယနည်းက မြန်မြန်ငွေဖြစ်လွယ်သည်။

သို့သော် ဤနည်းဖြင့်ရရှိနိုင်ရန် မိမိနိုင်ငံတွင် စတော့ရှယ်ယာဈေးကွက်ရှိဖို့လိုမည်။ အထိုက်အလျောက်လည်း စီးပွားရေးဖွံ့ဖြိုးနေရမည်။ ဤအချက်များမရှိဘဲနှင့်တော့စိတ်ကူးယဉ်နိုင်မည်မဟုတ်ပါ။ တချိန်တည်းမှာပင်ပြည်တွင်းစုဆောင်းမှုနှင့်ရင်းနှီးမြှုပ်နှံမှုကိုအားပေးဖို့လည်း လိုပါလိမ့်မည်။ နိုင်ငံခြားကိုသာရေရှည်အားကိုးနေရလျှင် ကိုယ့်အားကိုယ်ကိုးပြီး ရေရှည်ထိန်းထားနိုင်သော ဖွံ့ဖြိုးမှုမျိုးရနိုင်မည်မဟုတ်ပါချေ။ အာရှမှ စူပါစတားနိုင်ငံ(ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်္ကာပူ၊ တောင်ကိုးရီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား(တရုတ်)ဆိုလျှင် (၁၉၆၀ မှ ၁၉၉၀)အထိ အနှစ်သုံးဆယ်အတွင်း စုဆောင်းငွေ၏ ၂၀ ရာနှုံး တိုးလာသည်ဟု သိရသည်။ ၎င်းငွေ ၏ ၃၅ ရာနှုံးကို ရင်းနှီးမြှုပ်နှံသည်ဟုဆိုသည်။

တခုတော့ရှိသည်။ စုဆောင်းကြပါ။ ရင်းနှီးမြှုပ်နှံကြပါဆိုပြီး အော်နေရုံနှင့်တော့ ဘာမှဖြစ်လာနိုင်မှာမဟုတ်ပါ။ စုချင်၊ ရင်းနှီးချင်လာအောင် အခြေအနေနှင့်မက်လုံးများရှိဖို့လိုအပ်ပါသည်။

(ဃ)နည်းပညာ

ပညာရှင်အများစုက အရေးကြီးဆုံးအချက်ဟု ယူဆကြသည်။ ယနေ့နည်းပညာတိုးတက်မှုမှာ အံ့မခန်းဖြစ်သည်။ ၁၈ ရာစု စက်မှုတော်လှန်ရေးထက် အရှိန်အဟုန်ပြင်းသည်ဟု သုံးသပ်ကြသည်။ "တော်လှန်ရေး"ဟူသော စကားလုံးနှင့်ပင် မလုံလောက်၊ နည်းပညာပေါက်ကွဲမှုဟူ၍ပင် သုံးနှုန်းပြောဆိုနေကြသည်၊ ပြောလည်းပြောလောက်ပါပေသည်။ ယနေ့ ထုတ်လုပ်ရေး၏အဆင့်တိုင်းမှာ နည်းပညာမပါလျှင်မပြီးသည့် ပဲခူးဆားဖြစ်နေသည်၊ ကုန်ကြမ်းထုတ်လုပ်ရေးဖြစ်သော အခြေခံအဆင့်မှာပင် နည်းပညာက အခရာဖြစ်နေတော့သည်။

ဤအခြေအနေတွင် မဟာသာကီဝင်မာနဖြင့် တံခါးပိတ်နေလို့မဖြစ်တော့ပါ။ မိမိကိုယ်ပိုင်ပညာနှင့် ပညာရှင်မမွေးထုတ်နိုင်သရွေ့ နိုင်ငံခြားကို အားကိုးနေရမည်သာဖြစ်သည်။ ယနေ့အရပ်ရပ် အခြေအနေအရ နိုင်ငံတကာ အသိုင်းအဝန်းနှင့်ကင်းကွာနေ၍ ဖြစ်ကိုမဖြစ်နိုင်တော့ပါ။ တချိန်တည်းမှာပင် ပညာရေးရင်းနှီးမြှုပ်နှံမှုကို အမြော်အမြင်ကြီးကြီးဖြင့် လုပ်ဖို့ အထူးလိုအပ်လာပါတော့မည်။ ရောက်လုနီးပြီဖြစ်သော ပညာခေတ်ကြီးတွင် ပရိတ်ကြီးနှင့် နီးနိုင်မည်မထင်ပါ။

(င)တည်ငြိမ်သောပတ်ဝန်းကျင်

တိတိကျကျပြောရလျှင်နိုင်ငံရေး တည်ငြိမ်မှုကိုအဓိကဆိုလိုပါသည်၊ ဤအချက်ကိုအငြင်းမပွားကြသော်လည်း မည်သည့်စနစ်မျိုးဖြင့်တည်ငြိမ်မှုကိုဖန်တီးကြမည်နည်းဆိုသော ကိစ္စအတွက်ကားအငြင်းပွားကြဆဲပင်၊ ဤပြဿနာမှာ ဖြေရှင်းရအခက်ဆုံးလည်းဖြစ်လိမ့်မည်ထင်ပါသည်။

ရာစုအဆုံး၏ ဆယ်စုနှစ်များကပေးလိုက်သော သမိုင်းအဖြေများကတော့ရှိသည်၊ သို့သော် အချို့ကလုံးလုံးလျားလျား လက်မခံကြသေး။ သေချာသည်ကတော့ အပြန်အလှန် ထိန်းညှိစစ်ဆေးနိုင်သောစနစ်သည်သာ ရေရှည်တည်ငြိမ်မှုကိုပေးနိုင်မည်ဆိုခြင်းပင်။

မည်သို့ပင်ဆိုစေ၊ ပြည်နာမှငွေရှာကောင်းသည်ဆိုသော စီးပွားရေးမျိုးမှာ ပွဲလန့်ဖျာခင်းဖြတ်လမ်းသမားဖြစ်ပါသည်။ ဤလိုလူမျိုးနှင့်တိုင်းပြည်တည်ဆောက်၍မရနိုင်ပါ။ အဆင့်အတန်းရှိသော စီးပွားရေးသမားတိုင်း တည်ငြိမ်သည့် ပတ်ဝန်းကျင်ကို လိုလိုလားလားမျှော်လင့်ကြပါလိမ့်မည်။ ဤအခြေအနေမျိုးကို ဝိုင်းဝန်းဖန်တီးကြဖို့ အလွန်အရေးကြီးပါလိမ့်မည်ဟု ယူဆပါသည်။

ဆိုခဲ့ပါ အချက်(၅)ချက်အပြင် ဖြည့်စွက်စဉ်းစားစရာများလည်းရှိနိုင်ပါသည်။ "ဥပမာ" အခြေခံအဆောက်အဦးများတောင့်တင်းခိုင်မာရေး၊ အာမခံချက်ရှိသောဘဏ္ဍာရေးနှင့်ငွေကြေးပေါ်လစီများချမှတ်နိုင်ရေး ယနေ့ ရေပန်းစားနေသော ဈေးကွက်စီးပွားရေး ဆိုသည်တွင် နိုင်ငံတော်အစိုးရ၏ပါဝင်မှု လို/မလို၊ လိုလျှင် မည်သည့်အတိုင်းအတာအထိ မည်သည့်ပုံစံစသဖြင့် အသီးသီးဖြစ်ကြပါသည်။ စိတ်ဝင်စားသူများ ဝိုင်းဝန်းဆင်ခြင်ကြပါကုန်။ ■

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်( လွတ်မြောက်နယ်မြေ)၏ ဗဟိုကော်မတီအစည်းအဝေးကျင်းပပြီးစီး

## NLD ၏လွတ်လပ်ရေးနေ့ဆုံးဖြတ်ချက်များကို ထောက်ခံကြောင်းကြေညာချက်ထုတ်ပြန်



ညီလာခံသို့တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များအား အမှတ်တရတွေ့ရစဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၏ တတိယအကြိမ်ဗဟိုကော်မတီအစည်းအဝေးတရပ်ကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ၂၀၀၂ခုနှစ် ဇန်နဝါရီ(၃)ရက်နေ့မှ (၁၂)ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ NLD(LA)၏ဗဟိုကော်မတီဝင်များ၊ NLD(LA)လူငယ်နှင့် အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ခဲ့ကြောင်းသိရှိရပြီး၊ အစည်းအဝေးတွင် အဓိပ္ပာယ်ပြည့်ဝသောနိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံးဖြစ်ပေါ်လာရေး၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ဝန်းရံပံ့ပိုးပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အပါအဝင် NLD(LA) ၏ရှေ့လုပ်ငန်းစဉ်များချမှတ်သည့်ကိစ္စများ ပြုလုပ်နိုင်ခဲ့ကြကြောင်းသိရှိသည်။

အစည်းအဝေးနောက်ဆုံးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဆုံးဖြတ်ချက်(၇)ရပ်ကို အပြည့်အဝထောက်ခံကြောင်း ဖော်ပြထားသည့်ကြေညာချက်တစောင်ကိုထုတ်ပြန်ခဲ့ပြီး သတင်းစာရှင်းလင်းပွဲတရပ်လည်းပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲ၌ NLD(LA)၏ ပြောရေးဆိုခွင့်ရှိသူပုဂ္ဂိုလ်တဦးက.... အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တရားဝင်ထုတ်ပြန်ထားပြီးဖြစ်သောသဘောထားအရ အမြဲတမ်းရန်သူဟူ၍မရှိသည့်အတွက် တိုင်းပြည်ပြန်လည်ထူးထောင်ရေးတွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူလူထုလက်ခံသည်ဆိုပါက လက်ရှိစစ်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟုသိရှိရသည်။ ■



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# မိုးကြိုးသတင်းစဉ်နှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် NRP မှပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနိုင်အောင်တို့တွေ့ဆုံမေးမြန်းခြင်း



**ဒေါက်တာနိုင်အောင်**

**မေး – NRP ကို ဘယ်တုန်းက စဖွဲ့စည်းခဲ့သလဲ။ ဖွဲ့စည်းပုံကဘယ်လိုတွေဖွဲ့စည်းထားသလဲ။**

**ဖြေ –** NRP ကိုကျနော်တို့တရားဝင်စတင် လည်ပတ်ဖြစ်တာကတော့ ၁၉၉၉ခုနှစ် နှစ်ကုန်ပိုင်းလောက်ကစတယ်လို့ ပြောလို့ရမှာပေါ့။ ဒါပေမယ့်ဒီ Programအကြောင်းကို ၉၈ လောက်ကစတင်ဆွေးနွေးဖြစ်ပြီး ၉၉ခုနှစ်ကျတော့မှ NCUB ခေါင်းဆောင်တွေအားလုံးတို့က NRP ကိုစပြီးဖွဲ့စည်းဖို့ ကျနော်တို့ကိုတာဝန်ပေးပြီးတဲ့နောက်ပိုင်းမှာ ဖွဲ့စည်းကြတယ်ပေါ့လေ။ တကယ်တမ်း ပြောမယ်ဆိုရင် NRP က Programပါ။ ဒီ Program ကို ဆက်စပ်မှုချောမွေ့အောင်လုပ်ပေးနိုင်ဖို့ (Facilitating team)ဆိုတာကို ကျနော်တို့ဖွဲ့စည်းထားပါတယ်၊ (Facilitating team)က NRP အကြောင်းကို (National reconciliation) နဲ့ပတ်သက်လို့ အကောင်အထည်ဖော်နိုင်မယ့် အဖွဲ့အစည်းတွေကတင်လာတဲ့ အကြံပြုချက် (သို့မဟုတ်) သူတို့တင်ပြလာတဲ့လုပ်ငန်းစဉ် အဆိုပြုချက်တွေအပေါ်မှာ သင့်တော်၏ မသင့်တော်၏ဆိုတာ NRP ကသတ်မှတ်ထားတဲ့ ဘောင်ထဲနေ ဦးတည်ချက်ကိုက်ညီ မကိုက်ညီ စစ်ဆေးပြီး ဆောင်ရွက်ပေးရတဲ့အဖွဲ့ ဖြစ်ပါတယ်။ နောက်ပြီးအဲဒီ (F.T) ကပဲ NRP အကြောင်းကို တော်လှန်ရေးထဲမှာရှိနေတဲ့အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ ပိုပြီးသိလာအောင် လှုံ့ဆော်ပေးရတာမျိုးကို လုပ်ရတာဖြစ်ပါတယ်။ ပြီးတော့မှ အဖွဲ့အစည်းတွေက တင်လာတဲ့ Program တွေ၊ လုပ်ငန်းစဉ်တွေ၊ အဆိုပြုချက်တွေအားလုံးကို လေ့လာသုံးသပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဆုံးဖြတ်ပေးတယ်။ နောက်ဆက်စပ်ပေးတဲ့ အလုပ်တွေလုပ်ပြီးတော့ ထောက်ခံချက်နဲ့အတူ အလှူရှင်ပိုင်းနဲ့ဆက်သွယ်ပြီးဆောက်ရွက်တဲ့ (Secretariat) အဖွဲ့ဆိုတာရှိပါတယ်။ အဲဒီအဖွဲ့ကို ကျနော်တို့ရဲ့ ထောက်ခံချက်တွေကို ပို့လိုက်တဲ့အခါမှာ (Secretariat) ကသက်ဆိုင်ရာ (Donor) အဖွဲ့အစည်းကနေ အကူအညီတွေရှာဖွေပြီး ပြန်ပေးဖို့လုပ်ပါတယ်။

**မေး – ဟုတ်ကဲ့ခင်ဗျား အခုလိုသိရတာဝမ်းသာပါတယ်။ NRP ရဲ့ရည်ရွယ်ချက်ကိုလည်း ပြောပြပေးပါလား….။**

**ဖြေ –** NRP ရဲ့အဓိကရည်ရွယ်ချက်ကတော့ ကျနော်တို့ဗမာပြည်မှာ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကနေပြီးတော့မှ သွားရမယ့်လုပ်ငန်းစဉ်အတွက် ပြင်ဆင်မှုလုပ်ငန်းစဉ်တွေအားလုံးကို ကျနော်တို့ကူညီဖို့ ဖြစ်ပါတယ်။ ဒါက နိုင်ငံရေးဦးတည်ချက် ဖြစ်ပါတယ်။ လုပ်ငန်းစဉ်အရပြောမယ်ဆိုရင်တော့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းတွေနဲ့တွေ့ဆုံဆွေးနွေးပွဲအတွက် ပြင်ဆင်တဲ့လုပ်ငန်းတွေအားလုံးကို ကျနော်တို့ တတ်နိုင်သမျှဦးတည်ချက်ထားပြီးတော့ တွေ့ဆုံဆွေးနွေးအကြံပြုတဲ့ဖြစ်စဉ်ကို လုပ်ငန်းစဉ်တခုအနေနဲ့ထားပါတယ်။ နောက်တခုက ပဋိပက္ခဖြေရှင်းရေး (Conflict resolution, Conflict management)နဲ့ပတ်သက်ပြီးလုပ်ငန်းစဉ်တခုထားပါတယ်။ တွေ့ဆုံဆွေးနွေးပွဲကိစ္စတွေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဆိုင်တဲ့အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းကိစ္စတွေကိုလည်း တဖက်တလမ်းကနေ ကျနော်တို့ကူညီပါတယ်။

**မေး – NRP ရဲ့ ယခုလက်ရှိလုပ်ဆောင်နေတဲ့အချက်တွေကို ရှင်းပြနိုင်သရွေ့ ရှင်းပြပေးပါ။**

**ဖြေ –** အခုကျနော်တို့တင်ပြသလိုပါပဲ၊ NRP ကတော့ ပထမတချက် Program ဖြစ်တယ်။ နောက်တခုက မြန်မာပြည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲနဲ့ပတ်သက်ပြီး ပြင်ဆင်ရမယ့်ကိစ္စတွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ပတ်သက်ပြီး ပြင်ဆင်ရမယ့်ကိစ္စတွေကိုကူညီရန် ဖြစ်တယ်။

အဲဒီအောက်မှာလုပ်ငန်းစဉ်တွေကို အဖွဲ့အစည်းတွေကမှ အကောင်အထည်ဖော်ကြတာပါ။ NRP ကတိုက်ရိုက် အကောင်အထည်ဖော်တာမဟုတ်ပါဘူး။ NRP ကလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အကောင်အထည်ဖော်နေတဲ့ အဖွဲ့အစည်းတွေကိုကူညီပေးတာဖြစ်ပါတယ်။ ပထမလုပ်ငန်းတခုကတော့ ဒီအဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာတိုင်းရင်းသားတွေအလိုက်၊ တိုင်းရင်းသားလူမျိုးတမျိုးချင်းအလိုက် တွေ့ဆုံဆွေးနွေးတိုင်ပင်တဲ့ လုပ်ငန်းစဉ်တခုရှိတယ်၊ ဒါကို ကျနော်တို့ကူညီပါတယ်။ ဥပမာအားဖြင့်ဆိုရင် ကျနော်တို့ KNU ကနေဦးစီးပြီးတော့မှ (Karen Ethnic Nationalities Seminar)လုပ်တယ်။ KNU အပါအဝင်တခြားကရင်အဖွဲ့အစည်းတွေပါဝင်ပြီးတော့ ဒီနေ့ဗမာပြည်နိုင်ငံရေးပြဿနာကို ဆွေးနွေးကြတဲ့အခါ ကရင်လူထု၊ ကရင်အဖွဲ့အစည်းတွေနဲ့ ဘယ်လိုဖြေရှင်းချင်တယ်ဆိုတဲ့ အပေါ်မှာ ကျနော်တို့ကူညီပါတယ်။

ဒုတိယတခုက ပြည်နယ်အလိုက်အဆင့်တွေရှိပါတယ်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်အဆင့်မှာလဲ ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြတဲ့ ပအို့(ဝ်)၊ ပလောင်၊ ဝ၊ လားဟူ ….အစရှိတဲ့တိုင်းရင်းသားပြည်သူတွေကြားထဲမှာ တွေ့ဆုံဆွေးနွေးပွဲကိစ္စတွေကို လုပ်ကြတာရှိတယ်။ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုကသက်ဆိုင်ရာပြည်နယ်အလိုက် တိုင်းရင်းသားလူမျိုးတွေရဲ့ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်ဆိုတာကို ဆက်လက်ပြီးလုပ်ကြပါတယ်။ အဓိကအားဖြင့် မူကြမ်း ဥပဒေတခုထွက်လာရေးထက် သူတို့တိုင်းရင်းသားအချင်းချင်း ပြည်နယ်အဆင့်အတန်းအတွက် နောက်ဖက်ဒရယ်ပြည်ထောင်စုအတွက် နိုင်ငံရေးပြဿနာကို ဥပဒေကြောင်းရှုဒေါင့်၊ ဖွဲ့စည်းပုံရှုဒေါင့်ကနေပြီး ဘယ်လိုဖြေရှင်းမလဲဆိုတဲ့အခြေခံအောက်မှာ သူတို့ဆက်ပြီးလုပ်လိုတဲ့တင်ပြချက်တွေကိုလည်း ကျနော်တို့ကူညီပါတယ်။

ဥပမာအားဖြင့် (UNLD-LA)ဖြစ်ပေါ်တိုးတက်လာတဲ့ကိစ္စမျိုး၊ နောက်တပ်ပေါင်းစုတွေဖြစ်တဲ့ NDF, NCUB, DAB စတဲ့ Intra Ethnic တွေ့ဆုံဆွေးနွေးပွဲတွေ၊ နောက် NCUB က ကမ္ဘာ့ကထပြုပြီးလုပ်တဲ့ Dialogue နဲ့ပတ်သက်တဲ့ မဟာဗျူဟာဆွေးနွေးပွဲတွေဆိုရင်လည်း NRPရဲ့ရည်ရွယ်ချက်နဲ့ကိုက်ညီတဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ကျနော်တို့ကူညီပါတယ်။ အရည်အသွေးမြှင့်တင်ရေးနဲ့ပတ်သက်လို့လည်း နိုင်ငံတကာရဲ့ပဋိပက္ခကြုံတွေ့နေရတဲ့ အခြေအနေတွေကိုသဘောပေါက်ပြီး ဗဟုသုတရှိအောင် အကြံသစ်၊ ဉာဏ်သစ်တွေရအောင်ဆိုပြီး ကျနော်တို့ကြိုးစားခဲ့တာတွေရှိပါတယ်။ တောင်အာဖရိကဖြစ်စဉ်နဲ့ပတ်သက်လို့ ဗမာပြည် မှာရှိနေတဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို ဗဟုသုတရအောင်ကြိုးစားတဲ့အရာမျိုး ကျနော်တို့လုပ်ပါတယ်။ နောက်တခုက အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့လုပ်ငန်းက လူတဦး၊ အဖွဲ့အစည်းတခုရဲ့ လုပ်ငန်းတင်မဟုတ်ဘဲ လူအားလုံးအဖွဲ့အစည်း အားလုံးနဲ့သက်ဆိုင်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက် တတ်နိုင်သမျှအောက်ခြေထုရဲ့ပါဝင်မှုဆန္ဒလည်း ရှိချင်တာကြောင့် ဒီဖြစ်စဉ်ကိုနေရာတိုင်းမှာပုံစံအမျိုးမျိုးနဲ့ ရှိစေချင်တဲ့အတွက် အမျိုးသမီးအစီအစဉ်နဲ့ လူငယ်အစီအစဉ်ကိုလည်း NRP ကပံ့ပိုးပါတယ်။ တွန်းအားပေးပါတယ်။ အမျိုးသမီးအဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေတဲ့ အမျိုးသမီးများအဖွဲ့ချုပ်၊ တိုင်းရင်းသားလူငယ်တွေမှာဆိုရင်SYCB,MYDVနောက်ဆုံးအခုပေါ်လာတဲ့UNYL အဆင့်ထိအားလုံးစုပေါင်းပြီးလုပ်တဲ့လုပ်ငန်းမျိုးတွေကို ကူညီနေတာဖြစ်ပါတယ်။ NRP အနေနဲ့ကတဖွဲ့ချင်းကိစ္စသက်သက်ကိုသာမကူညီတာဖြစ်ပြီး၊ အဖွဲ့အစည်းတွေပေါင်းစပ်လုပ်ကိုင်ပြီးဦးတည်ချက်၊ရည်ရွယ်ချက်ကိုက်ညီတဲ့ကိစ္စမျိုးဆိုရင် NRP ကကူညီပါတယ်။ ရှေ့လျှောက်ပိုင်းမှာတော့ လူထုပါဝင်မှုအခန်းကဏ္ဍနဲ့ ပတ်သက်ပြီး Program တွေ လုပ်သွားဖို့ ကျနော်တို့ ပြင်ဆင်နေပါတယ်။

**မေး –NRPရဲ့လုပ်ငန်းတွေအကောင်အထည်ဖော်တဲ့အခါမှာ ထင်ရှားသိသာတဲ့ အောင်မြင်မှုများကိုဖော်ပြပေးပါလား။**

**ဖြေ** – သိသာထင်သာတဲ့အောင်မြင်မှုတွေကတော့ အထူးသဖြင့်လုပ်ငန်းပြီးစီးခဲ့တဲ့ နှစ်ကာလအပိုင်းတွေမှာ တိုင်းရင်းသားလုပ်ငန်းတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းလုပ်ငန်းတွေများပါတယ်။ သေသေချာချာသိသာထင်ရှားဖြစ်တာက တိုင်းရင်းသားအဖွဲ့အစည်းတွေမှာသူ့လူမျိုးအလိုက်ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတွေကြားထဲမှာပဲဖြစ်ဖြစ် ပိုပြီးနားလည်မှုတွေရှိလာတယ်။ ပိုပြီးပူးပေါင်းဆောင်ရွက်မှုတွေရှိလာတယ်။ နောက်တခုက ခုလိုပြည်နယ်အလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကိစ္စတွေဆောင်ရွက်တဲ့အခါမှာ ယခင်ကထက်ပိုပြီးတော့မှ ပြဿနာတွေအပေါ်မှာ လေးလေးနက်နက်ကိုင်တွယ်ပြီး ထိစပ်လာတာမျိုး၊ ပိုပြီးတော့မှအရှည်သဖြင့်စဉ်းစားလာတာမျိုးတွေ တွေ့ရပါတယ်။ တော်လှန်ရေး၊ နိုင်ငံရေးသက်သက်ပဲလုပ်နေတဲ့အချိန်တုန်းက ကျနော်တို့မဖြေရှင်းနိုင်တဲ့ အခြေအနေမျိုးတွေအတွက်ကို ပိုပြီးဖြေရှင်းနိုင်ဖို့ လမ်းစမျိုးတွေတွေ့လာရတာရှိတယ်။ ဥပမာ– ချင်းလူမျိုးတွေဆိုလို့ရှိရင် သူတို့မှာမျိုးနွယ်စုအများကြီးရှိတဲ့အပေါ်မှာ ဒီ(Constitution Process)ကိုအသုံးပြုပြီး သူတို့ ချင်း တခုလုံးရဲ့ ပြဋ္ဌာန်းမှု၊ ချင်းထဲမှာရှိနေတဲ့လူမျိုးအသီးသီးတို့နဲ့ပူးပေါင်းဆောင်ရွက်နိုင်မှုအတွက် နည်းလမ်းရှာဖို့နေရာတွေ တွေ့လာတာမျိုးရှိပါတယ်။ တိုင်းရင်းသားတွေနဲ့ပတ်သက်လို့ အထူးသဖြင့် အကောင်းအဆိုးအောင်မြင်မှုတခုကို ပြပါဆိုလို့ရှိရင်တော့ လက်နက်ကိုင်တပ်ပေါင်းစုဖြစ်တဲ့ (NDF)အပြင် လက်နက်ကိုင်မဟုတ်တဲ့ တိုင်းရင်းသားပါတီတွေ ကိုစုစည်းထားတဲ့ UNLD (LA) ဆိုတာ ပေါ်ပေါက်လာတယ်။

နောက်ပြီး NDF နဲ့ UNLD(LA) အဖွဲ့အစည်းတွေရော အဲဒီမှာမပါတဲ့တိုင်းရင်းသားအဖွဲ့အစည်းတွေအားလုံးပေါင်းပြီး တွေ့ဆုံဆွေးနွေးပွဲကို ဖြစ်စဉ်တွေပြင်ဖို့အတွက်ကို သူတို့ ENSCC ဆိုတာမျိုးပေါ်ထွန်းလာတာရှိတယ်။ သူတို့တွေကြားမှာ မူဝါဒအရစုစည်းလာတာရှိတယ်။ အမျိုးသမီးပိုင်းအနေနဲ့ဆိုရင် Women League of Burma ဆိုတာ ပေါ်လာတာရှိတယ်။ လူငယ်ပိုင်းအနေနဲ့ တိုင်းရင်းသားတွေချည်ဖွဲ့ထားတဲ့ UNYL ဆိုတဲ့ အဖွဲ့ချုပ်တခုပေါ်လာတယ်။ ထို့အတူတိုင်းရင်းသားတွေကိုအခြေခံဖွဲ့ထားတာမဟုတ်တဲ့SYCB မျိုးတွေကိုကူညီတာပါ။ အချို့အဖွဲ့အစည်းတွေက ဒီသဘောကိုနားမလည်တဲ့အခါမှာ သူတို့တင်ပြတာတွေတော့ ဘာလို့မရလဲဆိုတာမျိုးတွေရှိပါတယ်။ နောက်ပိုင်းမှာတော့ ဒီဟာကို သေသေချာချာ စနစ်တကျအကြောင်းပြန်ကြားမှုတွေ၊ ရှင်းလင်းပြမှုတွေလုပ်နေတာရှိပါတယ်။

တတိယအချက်က ဒီကိစ္စကို လုပ်လာပြီးတဲ့နောက်ပိုင်း တိုင်းရင်းသားတွေရဲ့လှုပ်ရှားမှုပိုမိုများပြားလာတဲ့အခါ ဗမာတိုင်းရင်းသားတွေနဲ့ အခြားတိုင်းရင်းသားလူမျိုးတွေကြားမှာ အမြင်လွဲမှု၊ အမြင်စောင်းမှုတွေပိုရှိလာတယ်ဆိုတဲ့လွဲမှားတဲ့ကောက်ချက်ချမှုပေါ့လေ။ NRP ရဲ့အောက်မှာတိုင်းရင်းသားလှုပ်ရှားမှုတွေပိုပြီးတော့ဖြစ်လာတဲ့အခါကျတော့ သူတို့ရဲ့အသံတွေသူတို့ရဲ့အမြင်တွေပိုပြီးပေါ်လာနိုင်တာသဘာဝကျပါတယ်။ ဒီအသံတွေအမြင်တွေကလည်း နဂိုကရှိနေတဲ့အသံတွေ အမြင်တွေဖြစ်ပါတယ်။ ဒါတွေကိုပဲကျနော်တို့ကပိုပြီးသိလာနိုင်အောင်လုပ်ပြီး ဖြေရှင်းဖို့ကသာအဓိကဖြစ်ပါတယ်။ NRP ကြောင့်ပေါ်လာတဲ့ ကိစ္စမျိုးမဟုတ်ပဲ ဒီကိစ္စတွေဟာနဂိုကတည်းက ရှိနေတဲ့ကိစ္စတွေမို့ ဒီကိစ္စတွေကိုအဖွဲ့အစည်းတွေကနိုင်ငံရေးအမြင်နဲ့ချဉ်းကပ်ပြီး နိုင်ငံရေးအရရှင်းကြဖို့ဖြစ်ပါတယ်။ NRP အနေနဲ့ တိုက်ရိုက်ရှင်းရမယ့်တာဝန်မျိုးမဟုတ်ပါဘူး။ နိုင်ငံရေးအဖွဲ့အစည်းတွေကမှ တိုက်တိုက်တွန်းတွန်းလုပ်ပေးတဲ့အပေါ်မှာ အမျိုးသမီးထုရဲ့လှုပ်ရှားမှုတွေ လူငယ်ထုရဲ့လှုပ်ရှားမှုတွေများလာတဲ့အပေါ်မှာ တချို့နိုင်ငံရေးအဖွဲ့အစည်းများကဒါကိုနားလည်မှုလွဲတဲ့အမြင်မျိုးတွေရှိပါတယ်။

> **အရည်အသွေးမြှင့်တင်ရေးနဲ့ပတ်သက်လို့လည်း နိုင်ငံတကာရဲ့ ပဋိပက္ခကြုံတွေ့နေရတဲ့ အခြေအနေတွေကိုသဘောပေါက်ပြီး ဗဟုသုတရှိအောင် အကြံသစ်၊ ဉာဏ်သစ်တွေရအောင်ဆိုပြီး ကျနော်တို့ ကြိုးစားခဲ့တာတွေ ရှိပါတယ်…**

လုပ်ငန်းမျိုးကိုလဲကူညီနေတဲ့အပေါ်မှာ ဒီအဖွဲ့အစည်းတွေကြားထဲမှာလည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုရှိလာကြပါတယ်။ ပြောမယ်ဆိုလို့ရှိရင် ပြီးခဲ့တဲ့နှစ်ကာလပိုင်းတွေမှာ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားလူမျိုးတွေကြားထဲမှာပိုပြီး မဟာဗျူဟာအရရော နိုင်ငံရေးအရရော လက်တွေ့ဆောင်ရွက်မှုအရပါ ပိုပြီးပူးပေါင်းဆောင်ရွက်မှု ရှိလာနိုင်အောင် ကြိုးစားပံ့ပိုးကူညီပေးနိုင်တဲ့အပြင် အမျိုးသမီးတွေနဲ့လူငယ်တွေကြားထဲမှာလည်း လှုပ်ရှားမှုတွေပိုများလာအောင် ပံ့ပိုးကူညီပေးနိုင်ပါတယ်။

**မေး –အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ်ကနေပြီးတော့ကြုံတွေ့ရင်ဆိုင်နေရတဲ့အခက်အခဲတွေများရှိနေရင် ပြောပြပေးပါလား။**

**ဖြေ –** တခုကဘာလဲဆိုတော့နားလည်မှုပေါ့။ အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ်ဆိုတဲ့ ဒီ Program အောက်မှာတာဝန်ယူဆောင်ရွက်ပြီး အကောင်အထည်ဖော်နေတဲ့ အဖွဲ့အစည်းတွေများတဲ့အခါ ဒီ Program ကို ယေဘုယျအားဖြင့် တပ်ပေါင်းစုလို့ ထင်လာကြတာမျိုး….သို့မဟုတ် အဖွဲ့အစည်းလို့ထင်တဲ့ အထင်အမြင်လွဲမှုမျိုး ကျနော်တို့ခဏခဏရင်ဆိုင်ရပါတယ်။ နောက်တခုကအကူအညီရရှိရေးနဲ့ပတ်သက်လို့ ကျနော်တို့အနေနဲ့ တဖွဲ့ချင်းကို ကူညီတယ်ဆိုတာမျိုးထက် အဖွဲ့အစည်းတွေကြားထဲမှာ ကျနော်တို့တင်ပြခဲ့တဲ့ ဦးတည်ချက်ရည်ရွယ်ချက်တွေကို ဦးတည်ပြီးလုပ်တဲ့လုပ်ငန်းဗမာပြည်ရဲ့နိုင်ငံရေးဖြစ်စဉ် နိုင်ငံရေးလှုပ်ရှားမှုတွေထဲမှာလူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍတွေပိုပြီးတော့ပါဝင်သင့်တယ်လို့ ကျနော်တို့ ရိုးရိုးသားသားယူဆတဲ့အတွက် ဒီဟာကို ပံ့ပိုးကူညီတဲ့အနေအထားမျိုးဖြစ်ပါတယ်။ ခုနကပြောတဲ့ နားလည်မှုလွဲတဲ့ အခက်အခဲမျိုးတွေတော့ရှိပါတယ်။ ဒါကိုကျနော်တို့အနေနဲ့တတ်နိုင်သမျှ ဆွေးနွေးရှင်းပြတဲ့နည်းအားဖြင့်သော်၎င်း၊ အစည်းအဝေးများဖိတ်ခေါ်ပြီးတော့ ရှင်းပြတဲ့နည်းအားဖြင့်သော်၎င်း ဖြေရှင်းသွားဖို့ရှိပါတယ်။

နောက်နားလည်မှုလွဲတာတခုက NRP လုပ်ငန်းက ဘယ်တပ်ပေါင်းစုအောက်မှာလဲဆိုတဲ့ နားလည်မှုလွဲတာမျိုးပေါ့လေ၊ NRP ဆိုတာက NCUB တို့ NCGUB တို့ကနေစတင်ပြီးတော့မှစေ့ဆော်တာဖြစ်ပေမယ့်လို့ NCUB,NCGUB တို့ အဝန်းအဝိုင်းထဲမှာ ရှိမနေတဲ့အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားတွေပါလာအောင်ကြိုးစားတဲ့ သီးသန့်လွတ်လပ်တဲ့ Program ဖြစ်ပါတယ်။ ဒါပေမယ့်ခုနအဖွဲ့အစည်းတွေ၊ တပ်ပေါင်းစုတွေနဲ့ နိုင်ငံရေးအရအမြဲတမ်းဆက်စပ်တိုင်ပင်ပြီးလုပ်ရမယ်ဆိုတဲ့အမြင်မျိုး ကျနော်တို့မှာရှိပါတယ်။ ဒီအပေါ်မှာ ဒီသဘောထား ဒီအခြေအနေကိုနားမလည်တဲ့ အဖွဲ့အစည်းများကနေ NRP ကိုအမြင်လွဲတဲ့ အခက်အခဲလေးတွေတော့ရှိပါတယ်။

စာမျက်နှာ(၅) ကော်လံ(၁)သို့ ▶

## ▶ ဒေါက်တာနိုင်အောင်နှင့်တွေ့ဆုံ မေးမြန်းခြင်းမှ

**မေး – နောက်ဆုံးအနေနဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ်ကနေပြီး ပြည်သူလူထုကိုပြောချင်တာမျိုး ဆွေးနွေးချင်တာမျိုး ရှိခဲ့ရင်ပြောပေးပါလား။**

**ဖြေ –** အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်လုပ်လာပြီးတော့မှ ဒီလုပ်ငန်းရဲ့ရည်ရွယ်ချက်၊ ဒီလုပ်ငန်းရဲ့လေးနက်မှုတွေကို ကျနော်တို့လည်းလုပ်ရင်းကိုင်ရင်းနဲ့ ပိုပြီးသဘောပေါက်လာတယ်။ တခုကဘာလဲဆိုတော့ ကျနော်တို့ဗမာပြည်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာတတ်တဲ့ ယဉ်ကျေးမှုတခုသေသေချာချာ ပျိုးထောင်ဖို့လိုအပ်တယ်လို့ ကျနော်တို့ထင်ပါတယ်၊ ဆိုလိုတာက ဒီမိုကရေစီဖြစ်စဉ်ထဲမှာသွားမယ်ဆိုရင် ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ ကျင့်သုံးနည်းတွေကိုပိုပြီး ကျင့်သုံးကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီနည်းမှာအဓိကကျင့်သုံးရမယ့်နည်းကတွေ့ဆုံဆွေးနွေးအဖြေရှာညှိနှိုင်းပြီး လုပ်ငန်းတွေကို ဆက်စပ်အကောင်အထည်ဖော်တဲ့ ကိစ္စပါ။ ကျနော်တို့ကအခြေအနေတချို့မှာမှားတယ်မှန်တယ်ဆိုတဲ့ကိစ္စတင်မဟုတ်ပဲနဲ့ နှစ်ဦးနှစ်ဘက်စလုံးရဲ့အကျိုးပြုမှုကို ရှေ့ရှုပြီးလုပ်ရတဲ့ကိစ္စမျိုးတွေရှိပါတယ်။ နေရာတိုင်းမှာအရာတိုင်းကတရားအရမမှန်ကန်ဘူးဆိုတဲ့အပေါ်မှာ ဒီကိစ္စမျိုးတွေဖြေရှင်းနိုင်ဖို့ ခုနကပြောတဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာပြီး သူဘက်ကိုယ့်ဘက်နှစ်ဘက်စလုံးအသာစီးရနိုင်တဲ့ နှစ်ဘက်စလုံးအတွက်ကောင်းကျိုးဖြစ်နိုင်တဲ့လုပ်ငန်းမျိုး၊ တွေးတောမှုမျိုး၊ စဉ်းစားမှုမျိုး၊ဆောင်ရွက်မှုမျိုးကို ကျနော်တို့ လုပ်သွားဖို့လိုပါတယ်။

နောက်တခုကငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ငြိမ်းချမ်းရေးကိုဆောင်ရွက်တဲ့နေရာမှာ ကျနော်တို့ဘယ်လောက်ပဲ ရင်ထဲကပျူငှာတယ်လို့ပြောပြီး ငြိမ်းချမ်းရေးလိုလားပါတယ်လို့ပြောပြော၊ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့စိတ်သဘောထားတွေမွေးနိုင်မှရမယ် ဆိုတာကိုပိုမြင်လာပါတယ်။ ငြိမ်းချမ်းရေးကို အဖွဲ့အစည်းတွေ၊ အဖွဲ့အစည်းရဲ့ခေါင်းဆောင်တွေနဲ့တင်ဆောင်ရွက်ဖို့မဟုတ်ဘဲ လူတိုင်းလူတိုင်းပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ငြိမ်းချမ်းရေးဆိုတာကိုရနိုင်မှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ ပြဿနာတွေကိုမှန်မှန်ကန်ကန်မြင်နိုင်ပြီးတော့ ရင်ထဲမှာလက်ခံနိုင်၊ နားထောင်နိုင်ဦးမှဆိုတာ ကျနော်တို့မြင်လာပါတယ်။ ပြဿနာကိုသိရုံမဟုတ်ဘဲ တဖက်ကခံစားချက်တွေကို သေသေချာချာနားထောင်နိုင်ဖို့လိုပါတယ်။ အဲဒီလိုဘက်နှစ်ဘက်စလုံးကတဘက်နဲ့တဘက်ခံစားချက်တွေကို အပြန်အလှန်နားလည်နိုင်မှ နှစ်ဘက်စလုံးကအပြုသဘောမျိုးနဲ့ရှေ့ရှုလုပ်ဆောင်မှုသဘောမျိုးပါမှ အပြန်အလှန်အသိအမှတ်ပြုနိုင်ပါမှအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာအဖြစ်တွယ်လာပြီး အဲဒီအပေါ်မှာ ငြိမ်းချမ်းရေးကို တည်ဆောက်လို့ရမယ်ဆိုတာကို ကျနော်တို့ပိုပြီးမြင်လာပါတယ်။ ကျနော်တို့ရတဲ့အတွေ့အကြုံပေါ်မှာမူတည်ပြီး ပြည်သူလူထုကြီးလည်းတတ်နိုင်သမျှ တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးရဖို့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို လေးလေးနက်နက်လုပ်ဆောင်ဖို့ လူတိုင်းမှာ တာဝန်ရှိတယ်ဆိုတဲ့အကြောင်း ကျနော်တင်ပြချင်ပါတယ်။ ■

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝင်းအတွင်း ချိန်ကိုက်လောင်ချာဗုံးများဖမ်းဆီးရမိ

## ကေအဲန်ယူမှမိမိတို့လက်ချက်မဟုတ်ဟုတုံ့ပြန်ပြောဆို

ရန်ကုန်အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်အနီးတွင် အချိန်ကိုက်နာရီနှင့်ဆက်သွယ်ထားသည့် လောင်ချာဗုံးနှစ်လုံးကို သတင်းအရ အချိန်မီဖမ်းဆီးရမိခဲ့ကြောင်း ၉–၁–၂၀၀၂ ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သည့် နအဖ၏ ကြေညာချက်ကို ကိုးကား၍ အေပီ သတင်းဌာနက ဖော်ပြထားသည်။

လေယာဉ်ပြေးလမ်းမကို တည့်တည့်ချိန်ရွယ်ထားသည့် အဆိုပါလောင်ချာဗုံး နှစ်လုံးကို (၆–၁–၂၀၀၂) တနင်္ဂနွေနေ့က မပေါက်ကွဲမီ အချိန်လေးအတွင်း အချိန်မီဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်၌ဖော်ပြထားပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ မည်သည့်အဖွဲ့က ထောင်ထားသည်ကို အတိအကျဖော်ထုတ်ပြောဆိုခြင်းမရှိသော်လည်း ထိုလက်နက်



ချိန်ကိုက်လောင်ချာဗုံးများ

အမျိုးအစားမှာ ကေအန်ယူကရင်အမျိုးသားအဖွဲ့အစည်းမှ အသုံးပြုတတ်သောလက်နက်များဖြစ်ကြောင်း ကြေညာချက်၌ထည့်သွင်းဖော်ပြထားသည်ဟုသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဒီမိုကရက်တစ်မြန်မာ့အသံမှ ကရင်အမျိုးသားအစည်းအရုံးအထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာကို ဆက်သွယ်မေးမြန်းခဲ့ရာ ဖဒိုမန်းရှာက ထိုကိစ္စသည် ကေအန်ယူကလုပ်တာမဟုတ်ကြောင်း၊ ကေအန်ယူအနေဖြင့် NLD နှင့် နအဖ စတင်ဆွေးနွေးတော့မလိုလို သတင်းကြားကတည်းက ရှုပ်ထွေးမှုဖြစ်မလာရန် ထိုသို့လှုပ်ရှားမှုများဘာမျှမလှုပ်ရှားခဲ့ကြောင်း၊ အဆိုပါလက်နက်များမှာ နအဖတွင်လည်းအသုံးပြုတတ်ကြောင်း၊ နအဖတွင် ရန်သူများ အများအပြားရှိနေရာ ၎င်းတို့၏အတွင်းပိုင်းတွင်လည်း ရန်သူများရှိနေပြီး အချင်းချင်းဖြုတ်ထုတ်လုပ်ဆောင်နေကြောင်း၊ ယခုတွေ့ရှိရသည့်လက်နက်များမှာ နအဖက ထွက်လာသည့် လက်နက်များဟုသာယူဆကြောင်း ပြောဆိုသွားခဲ့သည်ဟုသိရှိရပြီး၊ ပြည်ပရောက် အတိုက်အခံအင်အားစုများကလည်း နအဖ သတင်းစာများတွင် ငြိမ်းချမ်းရေးဆွေးနွေးရန် အရိပ်ပြပြီး တဖက်တွင်ယခုလိုလက်နက်များကိစ္စထုတ်ဖော်ပြခြင်းမှာ နအဖတို့သုံးနေကြ နိုင်ငံရေးကစားကွက်သာဖြစ်ကြောင်း ဝေဖန်ပြောဆိုနေကြသည်ဟုသတင်းရရှိသည်။ ■

# မြန်မာနိုင်ငံတွင် နယူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်မည်ဟု နအဖစစ်အုပ်စုမှ အတိအလင်းကြေညာပြောဆို

နအဖစစ်အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်က မြန်မာနိုင်ငံသည် နယူကလီးယားသုတေသနလုပ်ငန်းများကို ဆေးပညာဆိုင်ရာနှင့်နယူကလီးယားစွမ်းအင်ထုတ်လုပ်ရေးအတွက် ရည်ရွယ်လုပ်ကိုင်ရခြင်းဖြစ်သည်ဟု တရားဝင်ထုတ်ဖော်ပြောဆိုလိုက်ကြောင်း VOA အမေရိကန်အသံမှ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ(၁၁)ရက်နေ့က ထုတ်လွှင့်သွားခဲ့သည်။

နအဖ စစ်အုပ်စုသည် ရုရှားနိုင်ငံမှ နယူကလီးယားဓာတ်ပေါင်းဖိုတခုဝယ်ယူကာ စမ်းသပ်သုတေသနလုပ်ရန် စီစဉ်နေသည် ဆိုသည့်သတင်းများ ထွက်ပေါ်နေသည်မှာ ကြာပြီဖြစ်သည်။ လွန်ခဲ့သည့် (၁၂)လအတွင်း နယူကလီးယားပညာရပ်ဆိုင်ရာ သင်တန်းများတက်ရောက်ရန် မြန်မာသင်တန်းသားအချို့ မော်စကိုသို့စေလွှတ်ခဲ့ကြောင်း၊ နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency)ကလည်း နအဖစစ်အုပ်စုနှင့် နယူကလီးယားဆိုင်ရာဆက်ဆံမှုများအကြောင်း မော်စကိုအစိုးရထံသို့ အသေးစိတ်စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ဟု VOA မှထုတ်လွှင့်သွားခဲ့သည်။

သို့ရာတွင် နအဖ နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်ကမူ နယူကလီးယားနှင့်ပတ်သက်၍ မည်သည့်သဘောတူညီချက်မျှ မလုပ်ရသေးကြောင်းနှင့် နယူကလီးယားစွမ်းအင်သုံးစွဲနိုင်ရန်အတွက် လေ့လာစမ်းသပ်မှုများသာပြုလုပ်မည်ဖြစ်ကြောင်း ပြောဆိုသွားသည်ဟုသတင်းရရှိသည်။

မြန်မာ နအဖ စစ်အုပ်စုသည် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီထံဆက်သွယ်ကာ နယူကလီးယားစမ်းသပ်ဓာတ်ပေါင်းဖိုတခုတည်ဆောက်ရန်စီစဉ်နေကြောင်း၊ နောက်နှစ်လအကြာတွင် စစ်ဆေးရေးအဖွဲ့တဖွဲ့ မြန်မာနိုင်ငံသို့စေလွှတ်ကာ နအဖ၏ပြင်ဆင်ထားမှုများကိုစစ်ဆေးခဲ့ကြောင်း နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency)အဖွဲ့မှပြောကြားခဲ့သည်ဟု VOA မှထုတ်လွှင့်သွားခဲ့သည်။

နယူကလီးယားပညာရပ် ကျွမ်းကျင်သူများကမူ မြန်မာစစ်အုပ်စုသည် နယူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရန် ဆန္ဒရှိလျှင်ပင် အမှန်တကယ်ရုပ်လုံးပေါ်လာရန်အတွက် နှစ်အတန်ကြာဦးမည်ဖြစ်ကြောင်း၊ အာရှတိုက်အတွင်းရှိနိုင်ငံများကလည်း မြန်မာနိုင်ငံ၏ နယူကလီးယားသုံးစွဲချင်သည့်အနေအထားကို အလေးထားစဉ်းစားကြမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု VOA သတင်းဌာန၏အသံလွှင့်ချက်အရသိရှိရသည်။ ■

# ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိ မြန်မာပြည်အရေး မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိ

## ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရာဇာလီအစ္စမေး(လ်)နှင့်ကိုအိဇုမိတို့တလေသံတည်းပြောဆို



ဂျပန်ဝန်ကြီးချုပ်ဂျူနီချီရိုကိုအိဇုမိ

လက်ရှိဂျပန်ဝန်ကြီးချုပ် မစ္စတာဂျူနီချီရိုကိုအိဇုမိက နိုင်ငံရေးအကြပ်အတည်းများ၊ စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်နေရသည့်မြန်မာနိုင်ငံအပေါ် လူမှုရေးအကူအညီများထောက်ပံ့မည့် ဂျပန်နိုင်ငံ၏ပေါ်လစီကို ပြောင်းလဲမည်မဟုတ်ကြောင်း ဇန်နဝါရီလ (၁၀)ရက်နေ့ကထုတ်ဖော်ပြောကြားသွားသည်ဟု ဇန်နဝါရီလ(၁၁)ရက်နေ့တွင်ဒီဗွီဘီမှထုတ်လွှင့်သွားခဲ့သည်။

ဝန်ကြီးချုပ်ကိုအိဇုမိသည် အာဆီယံအဖွဲ့ဝင်(၅)နိုင်ငံသို့ အလည်အပတ်ခရီးထွက်စဉ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်၌ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေး(လ်)နှင့် တွေ့ဆုံစဉ် ယခုကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်သည်၊ ထို့အပြင် ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်ဒီမိုကရေစီပြန်လည်ထွန်းကားရေးသည် အရေးကြီးသည့် အချက်တချက်အဖြစ်မှတ်ယူကြောင်း၊ တချိန်တည်းမှာပင် နိုင်ငံပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့်ကူညီထောက်ပံ့မှုများပြုလုပ်ရေးသည်လည်း အရေးကြီးကြောင်း၊ ထိုအချက် (၂)ချက်ကိုတပြိုင်နက်တည်းပူးတွဲ အကောင်အထည်ဖော်လိုကြောင်းဖြင့်လည်း ပြောကြားခဲ့သည်ဟုသိရှိရသည်။

ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိ၏ ထိုသို့ပြောဆိုချက်များအပေါ် မစ္စတာရာဇာလီကလည်း ဝမ်းမြောက်စွာဖြင့်ကြိုဆိုလိုက်ပြီး ဂျပန် နိုင်ငံ၏ လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးခြင်းအတွက်ချီးကျူးကြောင်း၊ မြန်မာနိုင်ငံတွင်တိုးတက်မှုများရှိစေရေးအတွက် နောက်ထပ်ကူညီထောက်ပံ့မှုများ ဆက်လက်ပေးလိမ့်မည်ဟုမျှော်လင့်ကြောင်းပြန်လည်ပြောကြားခဲ့သည်ဟုသိရသည်။ စောစောပိုင်းထွက်ပေါ်လာခဲ့သည့်သတင်းများအရ မစ္စတာရာဇာလီသည် ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိအား မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များအတွက် အကူအညီများပိုမိုပေးရန်မေတ္တာရပ်ခံတောင်းဆိုလိမ့်မည်ဟု မလေးရှားနိုင်ငံမှ အရာရှိတဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။

ဘီဘီစီအသံလွှင့်ဌာန၏ သတင်းတပုဒ်တွင်မူ ဂျပန်ဝန်ကြီးချုပ်၏တိုတောင်းလှသည့် ခရီးစဉ်အတွင်း မြန်မာပြည်ဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့်တွေ့ဆုံခဲ့ခြင်းသည် ဂျပန်နိုင်ငံအနေဖြင့် မြန်မာ့နိုင်ငံရေး၊ စီးပွားရေးကိစ္စရပ်များအပေါ် အလေးအနက်ထားမှုများ ရှိခြင်းကြောင့်ဟု နိုင်ငံရေးအကဲခတ်များက သုံးသပ်နေကြကြောင်း ကြေညာသွားခဲ့သည်။ ထို့အပြင် မစ္စတာကိုအိဇုမိနှင့်ထိုင်းဝန်ကြီးချုပ် တွေ့ဆုံသည့်အခါ၌လည်း မြန်မာ့အရေးဆွေးနွေးကြဦးမည်ဟု ဘီဘီစီသတင်းအရသိရှိရသည်။

၁၉၈၈ ခုနှစ်အတွင်း ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီတောင်းဆိုနေသူများ အားစစ်တပ်က ပစ်ခတ်သတ်ဖြတ်အာဏာသိမ်းခဲ့ပြီးနောက်ပိုင်း ဂျပန်အစိုးရက မြန်မာနိုင်ငံကိုပေးနေသည့် အိုဒီအေနှင့် အခြားထောက်ပံ့မှုများကို ရပ်ဆိုင်းပစ်ခဲ့သည်။ သို့ရာတွင် ၁၉၉၄ ခုနှစ်မှစ၍လူသားချင်း စာနာထောက်ထားသည့် အကူအညီများ အနည်းငယ်ပြန်လည် ပေးအပ်ခဲ့ရာ ၂၀၀၁ ခုနှစ်၊ မတ်လ သို့ရောက်သောအခါ ကူညီပံ့ပိုးသည့် ငွေကြေးပမာဏ ဂျပန်ယန်းငွေ ၃.၅ ဘီလီယံ အထိရှိလာခဲ့သည်။

၁၉၉၈ ခုနှစ်အတွင်းကလည်း ရန်ကုန်မင်္ဂလာဒုံလေဆိပ်ပြေးလမ်းပြုပြင်ရေးနှင့် လေယာဉ်အတက်အဆင်းလုပ်သည့်အခါ အသုံးပြုသည့်မီးများတပ်ဆင်ရေးတို့အတွက် လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် အမေရိကန်ဒေါ်လာသန်း(၂၀)ဖိုးခန့်ကူညီထောက်ပံ့ခဲ့သေးသည်။

ဘီဘီစီအသံလွှင့်ဌာနမှ မြန်မာ့ရေးရာလေ့လာသုံးသပ်သူ Larry Jagan က ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအား လူသားချင်းစာနာထောက်ထားသည့်ဘက်ကရော၊ ကုန်သွယ်ရေးဘက်ကပါ ပြန်လည်ပါဝင်ပတ်သက်ရန် အထူးလိုလားလျက်ရှိသည်မှာ သံသယရှိစရာမလိုဟု သုံးသပ်ထားပေသည်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်ကလည်း ဂျပန်ဝန်ကြီးချုပ်အား မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်နှင့် ထောက်ပံ့မှုများပိုမိုပေးရန် ပြောဆိုခဲ့သည်ဟုသိရသည်။ မြန်မာစစ်အုပ်စုအား အပြည့်အဝထောက်ခံနေသည့် ၎င်းသည် မစ္စတာရာဇာလီကြားဝင်ဆောင်ရွက်ပေးနေသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အုပ်စုအကြားတွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် စေ့စပ်ပေးနေမှုများ တိုးတက်အောင်မြင်နေသည်ဟု ဂျပန်ဝန်ကြီးချုပ်ကို ပြောကြားခဲ့သည်ဟုယုံကြည်ရကြောင်း ဘီဘီစီ သတင်းအရသိရှိရသည်။

သို့ရာတွင် မြန်မာနအဖစစ်အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်ကမူ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ထိုင်း–မြန်မာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအစည်းအဝေး၌ NLD နှင့် နအဖတို့အကြား မှန်တိုင်းထန်မှုများမရှိတော့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား တနေ့ကျလျှင်ပြန်လွှတ်ပေးမှာဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု ဒီမိုကရက်တစ်မြန်မာ့အသံထုတ်လွှင့်ချက်အရသိရှိရသည်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံအား ယခုကဲ့သို့အကူအညီများ ပြန်လည်ပေးခဲ့သော်လည်း အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကမူ မြန်မာနိုင်ငံအပေါ်ပြစ်ဒဏ်ခတ်ထားမှုများကို ဖယ်ရှားပေးမည့်လက္ခဏာ တစုံတရာ မပြသသေးပေ။ ■

# ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်းတောဒေသတဝိုက်၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား လူအသေအပျောက်ရှိကြောင်း ဘင်္ဂလားဒေ့(ရှ်)နယ်စပ်မှလာသောသတင်းများအရသိရှိရ

မြန်မာနိုင်ငံအနောက်ဖက်ခြမ်း ရခိုင်ကမ်းရိုးတန်းဒေသရှိ ဘူးသီးတောင်၊ မောင်းတောဒေသတဝိုက်၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုကြောင့် လူ(၂၀)ကျော်အသက်ဆုံးရှုံးခဲ့ရကြောင်း မြန်မာ၊ ဘင်္ဂလားဒေ့(ရှ်)နယ်စပ်မှလာသော သတင်းများအရသိရှိရသည်။

အဆိုပါဝမ်းပျက်ဝမ်းလျှောရောဂါသည် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ သင်္ဘောဆိပ်ကျေးရွာ၌ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ လလယ်ပိုင်းမှစ၍စတင်ဖြစ်ပွားခဲ့ပြီး ထိုဒေသတွင်နေထိုင်နေကြသူ ဒေသခံများထဲမှလူ(၅၀၀)ကျော်ရောဂါခံစားနေရကြောင်း သိရှိရသည်။ ရောဂါပျံ့နှံ့မည်ကိုစိုးရိမ် ကြောက်ရွံ့သဖြင့် ဒေသဆိုင်ရာအာဏာပိုင်များသည် ဘူးသီးတောင်၊ မောင်တောဒေသတဝိုက်ကို ဂရုတစိုက် ဖြင့်ကြပ်မတ်နေကြောင်းသိရှိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ အထူးကုဆရာဝန်ကြီးများ၊ရန်ကုန်မြို့မှဆရာဝန်ကြီးများ၊ WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အရာရှိများ၊ ဝန်ထမ်းများသည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊မောင်းတောဒေသသို့သွားရောက်ကာ ဝမ်းပျက်ဝမ်းလျှောရောဂါဝေဒနာခံစားနေရသူများကို ဆေးကုသပေးနေယုံသာမကဘဲ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်အောင်ကာကွယ်နည်းစသည့် ကျန်းမာရေးဆိုင်ရာပညာပေးမှုများပြုလုပ်နေခဲ့ကြောင်း သတင်းများရရှိသည်။ ယခုအခါ ဝမ်းပျက်ဝမ်းလျှောရောဂါကို အတန်အသင့်ထိန်းချုပ်နိုင်ပြီ ဖြစ်ကြောင်းလည်း သိရှိရသည်။

မြန်မာနိုင်ငံအနောက်ဖက်ခြမ်း ဘင်္ဂလားဒေ့(ရှ်)နိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့် ရခိုင်ကမ်းရိုးတန်းဒေသသည် နှစ်စဉ်နှစ်တိုင်း မုန်တိုင်းတိုက်ခတ်မှုများကို အလူးအလဲခံနေရသည်သာမကဘဲ သောက်သုံးရေမသန့်ရှင်းမှုကြောင့် ရောဂါဝေဒနာပေါင်းများစွာ ခံစားနေရကြောင်း၊ နအဖစစ်တပ်မှ ကျေးရွာများကို အတင်းအဓမ္မ နေရာပြောင်းရွှေ့ပစ်ခြင်းများကြောင့် ရခိုင်ပြည်နယ်ရှိ နေရာပြောင်းရွှေ့ခြင်း ခံရသူများထဲမှ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် အစာအဟာရချို့တဲ့မှုကိုခံစားနေရကြောင်း WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ နှစ်ပတ်လည်အစီရင်ခံစာအရသိရှိရသည်။ ■

# “ဟာလော့ခနီ” မွန်ဒုက္ခသည်စခန်းရှိ ကရင်ဒုက္ခသည်(၇၀၀)ကျော်တို့ ပြေးစရာနေရာမရှိဟု ကယ်ဆယ်ရေးလုပ်သားများကပြောဆို

မြန်မာစစ်တပ်က လွန်ခဲ့သည့်နှစ်နိုဝင်ဘာလအတွင်း မီးရှို့ဖျက်ဆီးပစ်ခဲ့သည့် ထီးဖားထိုးစခန်းမှ ကရင်ဒုက္ခသည်(၇၀၀)ကျော်တို့သည် ခိုလှုံနေထိုင်ရန်နေရာရှာမရသည့် အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း KRC ခေါ် ကရင်ဒုက္ခသည်ရေးရာကော်မတီမှ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ထီးဖားထိုးစခန်းတွင်နေထိုင်ခဲ့ကြသည့် မိသားစု (၁၅၉)စုမှ ကရင်ဒုက္ခသည် (၇၂၄) ယောက်တို့သည် ဟာလော့ခနီ မွန်ဒုက္ခသည်စခန်း၌ ယာယီခိုလှုံခွင့်ရရန်ကြိုးစားခဲ့သော်လည်း မရရှိခဲ့သဖြင့် အခက်အခဲများနှင့်ရင်ဆိုင်နေရသည်ဟု ကယ်ဆယ်ရေးလုပ်သားတဦးကပြောဆိုခဲ့သည်။

“ဒုက္ခသည်တွေဟာ ကရင်လူမျိုးတွေဘဲ။ အခုလောလောဆယ်တော့ သူတို့ဟာမွန်ဒုက္ခသည်ရေးရာကော်မတီရဲ့အကူအညီနဲ့ ဟာလော့ခနီစခန်းရဲ့စာသင်ကျောင်းနားမှာရှိတဲ့ မြေကွက်လပ်မှာနေထိုင်နေကြတယ်။ ထိုင်းအစိုးရက သူတို့ကိုခိုလှုံခွင့်ပေးဖို့ငြင်းဆန်နေတာကြောင့် ထိုင်းနိုင်ငံထဲမှာရှိတဲ့ ဘယ်ဒုက္ခသည်စခန်းမှာမှ သူတို့နေလို့ရမှာမဟုတ်ပါဘူး”ဟု အဆိုပါကယ်ဆယ်ရေးလုပ်သားက ပြောပြခဲ့သည်။

မွန်ပြည်သစ်ပါတီမှ သူတို့အားရွှေ့ပြောင်းနေခိုင်းသည့်နေရာသည် မြန်မာ နအဖတပ်များကျင်လည်ကျက်စားသည့် နေရာဒေသဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် အဆိုပါနေရာသို့သွားရန် စိုးရိမ်ကြောင့်ကျနေကြကြောင်း သတင်းများရရှိသည်။

“သူတို့ထိုင်းနိုင်ငံထဲမှာရှိတဲ့ စခန်းကိုရွှေ့ပေးဖို့ကြိုးစားနေတာပဲ။ ဒါပေမယ့် ထိုင်းအာဏာပိုင်တွေကခွင့်မပြုကြဘူး။ မွန်ပြည်သစ်ပါတီကလည်း သူတို့ကို ကာလယ်စွန်ဖိုင် ကိုပြောင်းရွှေ့စေချင်ကြတယ်။ ဒါပေမယ့်သူတို့က မသွားရဲဘူး။ အဆိုးဆုံးကတော့ သူတို့ဆီမှာ ဘီဘီစီကပေးထားတဲ့ နှစ်လစာ ဆန်ဘဲရှိတယ်” ဟု ကရင်ဒုက္ခသည်ရေးရာကော်မတီမှ တာဝန်ရှိသူတဦးကပြောကြားခဲ့သည်။

ကာလယ်စွန်ဖိုင်သည် ထိုင်းမြန်မာနယ်စပ်မှတမိုင်ခန့်သာကွာဝေးပြီး ထီးဖားထိုးစခန်းနှင့် ဟာလော့ခနီစခန်းအကြား၌တည်ရှိသည်။ ထို့အပြင် မြန်မာ နအဖစစ်သားများသည် ကာလယ်စွန်ဖိုင်အနီး မြစ်တဖက်ခြမ်းရှိ ဘုန်းကြီးကျောင်း၌အမြဲလိုလိုနေထိုင်လေ့ရှိသည်။

ဘီဘီစီဟုခေါ်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းက ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ နှစ်လစာအတွက် စားနပ်ရိက္ခာများကို အဆိုပါဒုက္ခသည်များအားကူညီထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။ သို့ရာတွင် ထိုင်းအစိုးရက ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ပြီး မြန်မာနိုင်ငံမှထွက်ပြေး လာကြသည့် ဒုက္ခသည်များကို ကူညီထောက်ပံ့ရန် ခွင့်မပြုသဖြင့် ဘီဘီစီအဖွဲ့သည် မြန်မာဒုက္ခသည်များကိုဆက်လက်၍ ကူညီထောက်ပံ့နိုင်တော့မည်မဟုတ်ပေ။

“နောက်နှစ်လကြာရင် သူတို့ဘာဖြစ်မယ်ဆိုတာ မှန်းကြည့်လို့ကိုမရဘူး”ဟုအဆိုပါကယ်ဆယ်ရေးလုပ်သားက ဆက်လက်ပြောပြခဲ့သည်။ ထိုင်းနိုင်ငံရှိ အမေရိကန်သံရုံး၊ ကနေဒါသံရုံးနှင့် ဥရောပသမဂ္ဂတို့က ထိုင်းအစိုးရအား အဆိုပါကရင်ဒုက္ခသည်များကို ယာယီနေထိုင်ခွင့်ပေးရန်တောင်းဆိုခဲ့သော်လည်း ထိုင်းအစိုးရက ငြင်းဆန်ခဲ့သည်။ ■

# ရိုးမရိပ်သာညများ

## သူငယ်ချင်းဒေါက်တာဇော်မင်းသို့ . .(၁)

**ကိုထက်မိုး**

အခန်း(၁)

**တတိယထောင်စုနှစ်အဝင်ဝကနေ့ရက်များ။**

နှင်းတွေကမှောင်ပိန်းဆို့ဆိုင်းနေတော့၊ လရောင်ကလည်း မှုန်မှိုင်းမှိုင်းပါ။ ‘သောင်ရင်းမြစ်’ကြီးကနှင်းမှိုင်းမှိုင်းထဲမှာ ဝေဝေဝါးဝါး။ ရေစီးသံကိုတော့ကြားနေရသည်။

“အကျဉ်းထောင်ထဲတွင် နှစ်ရှည်လများ စိတ်ပိုင်းဆိုင်ရာညှင်းပန်းခံရမှုကြောင့် ဒေါက်တာဇော်မင်း၏ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ်ကောင်းအောင်ဆိုးဝါးနေပြီး သူ့မိသားစုကိုပင်မမှတ်မိချင်တော့”

ရေဒီယိုလေလှိုင်းပေါ်မှ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) ရဲ့ သတင်းထုတ်ပြန်ချက်ပါ။ အညှိုးကြီးကြီးနှင့် လက်စားချေချင်ဆိုတဲ့ကျဉ်ဆံက နှင်းထုထဲက ပြေးထွက်လာသည်။

ကိုင်ထားတဲ့သေနတ်ကို ပို၍မြတ်နိုး၊ တင်းကြပ်စွာဆုပ်ကိုင်ဖြစ်တယ်။ ခုနေခါ .... ဒါဘဲတတ်နိုင်သေးတယ် သူငယ်ချင်း။

အခန်း(၂)

လွန်ခဲ့တဲ့အနှစ်၂၀ ဆီက ကျွန်တော်တို့ တတွေကလည်း အနှစ် ၂၀ နားမှာ။ ‘ရိုးမရိပ်သာ’ အဆောင်ညတွေထဲက အခုလို ‘နှင်းရက်’ တရက်မှာ ကျွန်တော်တို့စတင်သိခဲ့ကြတယ်။ ကျွန်တော်က ပေါးလေးဝါးလားလူ၊ မြို့ပြဆင်ခြေဖုံးမှာနေတယ်။ စာအုပ်အဟောင်း ရောင်းရင်းကျောင်းတက်။ ‘ထက်မိုး’ဆိုတဲ့ ပုံနှိပ်စာလုံးကိုအင်မ်းမရမြင်ရရေး အားသွန်ခွန်လောင်းနေတဲ့ရက်တွေပ။ သူက ဆေးတက္ကသိုလ်ကျောင်းသား။ အဖေကစိုက်ပျိုးရေးက ပညာရှင်အရာရှိကြီး။ ယဉ်ကျေး–သိမ်မွေ့–အေးချမ်းသော မိသားစုဘဝမှလာသူ။ စာဖတ်ဝါသနာပါတာတခုမှာသာတူကြတာပါ။ (သူကလဲ ‘ဇော်နတ်ဇော်’ဖြစ်ရေး ကြိုးပမ်းနေချိန်ဆိုပြီး နောင်တော့သိရပါတယ်။) စတင်မိတ်ဆက်ပေးစဉ်က သူ့ဘက်ကတော့သာမန်ပေမယ့် ကျွန်တော့်အတွက်ကတော့ လှုပ်လှုပ်ခပ်ခပ်ကိုဖြစ်သွားရတာပါ။ ကျွန်တော်က (အမေ့လို) တက္ကသိုလ်ဘုန်းနိုင်ဝတ္ထုတွေဆို အင်မ်းမရနှစ်သက်နေပြီး၊ အခါခါဖတ်ဖတ်လို့ အထပ်ထပ်မှတ်မိနေသူ။ တဖက်ကလဲ(ကျနော်တို့ကဆင်းရဲတော့)အမေ့ရဲ့ ‘စိတ်ညစ်လိုက်တာ’ ဆိုတဲ့ ဇာတ်ကောင်ကို အားကျစိတ်ရယ်–အားလုံး ပေါင်းမိတဲ့အခါ၊ ဆိုပါတော့ (ဂ–တန်း ကျောင်းသားအရွယ်မှာ) စိတ်ရောဂါထူးကုဆရာဝန်ကြီး ဖြစ်ချင်ခဲ့သူပါ။ ကိုဇော်မင်းနဲ့ စဆုံစည်းရတော့ အဲဒီငုတ်နေတဲ့ သိမ်ငယ်စိတ်ကလေးက ပြန်ပေါ်လာပါတယ်။ ကိုဇော်မင်း ဆိုတာကျနော့်အတွက်တော့ ပထမဆုံးသူငယ်ချင်း ဆရာဝန်ပါ။

ဒါပေမယ့် ကျနော့်ရဲ့လှုပ်လှုပ်ပူပူစရိုက် (လူကလဲပုဆိုးတိုတို၊ အသားညိုညို၊ ပေစုတ်စုတ်၊ လွယ်အိတ်တကားကားနဲ့ပေကိုး) ဒီစရိုက်ဟာ သူ့နဲ့အံမဝင်ဘူးထင်ပ။ ကာလတခုထိ (သူ့ဘက်က)သိပ်ပြီး ဟက်ဟက်ပက်ပက် မရှိလှတဲ့အခါ ကျနော့်ဘက်ကလည်း ရင်နှီးချင်စိတ်အရှိန်လျှော့ဆင်းလာပါတယ်။ (သူကပေါင်းသင်းဆက်ဆံရေးဘက်မှာတော့ အားနည်းပါတယ်။ မာနကြီးတယ်လို့တောင်ထင်ချင်စရာပါ။)

အခန်း(၃)

တရက်မှာတော့ ကျနော်တို့တတွေ အဆောင်မှာတောအရက် (လျှို့ဝှက်)ဝိုင်းဖွဲ့သောက်နေတုန်း သူရောက်လာပါတယ်။ ဒီလထုတ် (အဲဒီနေ့မှစဖြန့်တဲ့) မဂ္ဂဇင်းအသစ်တစောင်ကိုင်လို့။ အရက်ဝိုင်းနားဝင်ထိုင်တယ် (သောက်တော့မသောက်ပါ)။ မဂ္ဂဇင်းချထား။ စကားဝင်ပြော။ သူချထားတဲ့မဂ္ဂဇင်းကို ကျနော်က ကောက်ကိုင်၊ မဂ္ဂဇင်းပါ(ကို)အောင်ချိမ့်ရဲ့ကဗျာကိုဖတ်တယ်။ ကြိုက်တယ်။ အရက်ထပ်သောက်။ မူးတော့ ခုနကဖတ်ထားတဲ့ကဗျာကို ကျနော် အလွတ်ရွတ်ပါတယ်။ ကျနော့်ကိုသူမျက်လုံးကြီး ပြူးပြီးကြည့်ပါတယ်။ အံ့အားသင့် လျက်က–

“ခင်ဗျား အဲဒီကဗျာကို ဘယ်တုန်းက ဖတ်ဖူးတာလဲ” မေးတယ်။

“ခုနကဘဲ”

သူမျက်လုံးပိုပြူးသွားပါတယ်။ (ပါရမီရှင်တယောက်ကို အခုမှနဖူးတွေ့ဒူးတွေ့ တွေ့ဘူးလိုက်တဲ့အကြည့်မျိုးဘဲ ထင်ပါရဲ့ဗျာ။)

အဲဒီအချိန်ကစပြီး သူနဲ့ကျနော်တို့ ပိုခင်တွယ်သွားကြပါတော့တယ်။

အခန်း(၄)

“ကိုထက်မိုးက မြန်မာစာကလည်းဖြစ်တယ်၊ ကဗျာဆရာလဲဖြစ်တယ်၊ စာဖတ်အားလည်းကောင်းတော့ ကျနော်သိချင်တာလေး တခုမေးချင်ပါတယ်။”

တညနေ ကျောင်းထဲက “ဦးချစ်ဆိုင်”မှာ ကျနော်တို့တတွေ ဝိုင်းထိုင်နေကြချိန် (ကျနော့်နဘေးမှာထိုင်နေသော)သူက ကျနော့်ကို တောင်းပန်မေး မေးလာပါသည်။ (ကျနော်က သူ့ကိုထိုအချိန်ထိ ကျောင်းစာမှာ‘တော်’သော၊ (ပြင်ပ)စာဖတ်ဝါသနာပါသူတဦး၊ ဒီမျှလောက်သာ အကဲဖြတ်ထားသည်။) ယခုကျနော် ဝါသနာထုံရာဘာသာရပ်အကြောင်း သိချင်ပါသည်ဟု စူးစမ်းလာသောအခါ (ဘဝင်မြင့်မြင့်နှင့်ပင်) ‘မေးပါ၊ မေးပါ၊ ကျနော်သိသမျှ ဖြေပါ့မယ်’ (နှိမ့်ချ)သယောင်ယောင်နှင့် ခပ်ကြွားကြွားပင်။)

“ဟို ဇင်နိုးကြူးအယူအဆအပေါ် ကိုထက်မိုးရဲ့ကိုယ်ပိုင်အမြင်လေးအဲဒါ”ကျနော် တချက် တွန့်ကနဲဖြစ်သွားသည်။ သူ့မျက်နှာမှာ ပညာစမ်းလိုသောအရိပ်အယောင်မတွေ့ရပါ။ ကိုယ်ပိုင်အမြင်နှင့်ချိန်ညှိချင်သော သုတေသီတဦး၏စူးစမ်း လေ့လာလိုစိတ်ကိုသာတွေ့ရသည်။ (ဝိုင်းအတွင်းရှိနေသူတွေမှာ သက်တူရွယ်တူတွေလဲဖြစ်၊ စာပေသမားတွေလဲဖြစ်သည်။ တီးရင်တော့ မြည်ရဲရမယ်ဆိုတဲ့ ဘဝင်နှင့်)ကျနော်က ‘ဇင်’ဆိုတာကဘယ်သူ၊ ‘နိုး’ဆိုတာကဘယ်ဝါ’မှစကာ ကျနော်ဖတ်မိ၊ မှတ်မိသမျှသွန်ချပါတော့သည်။ ကိုယ်ပိုင်အမြင်ကိစ္စမှာတော့(မဂ္ဂဇင်းပါ)ကျနော်နှစ်သက်သူတယောက်ရဲ့ ကောက်ချက်ကို ကိုယ်ပိုင်အမြင်လုပ်ကာ စကားကိုခန့်ခန့်ငြားငြားနှင့် အဆုံးသတ်လိုက်ပါသည်။ (စိတ်ထဲလည်းပေါ့ပါး ကြွ–ရွ–လျက်ပေါ့) ကျန်သူများကတော့ စိတ်ဝင်စားတချက်၊ မဝင်စားတချက်။ ကိုဇော်မင်းကတော့ စူးစူးစိုက်စိုက်ကိုနားထောင်ပါသည်။ လူအများကလည်းရှိနေပြန်၊ပညာစမ်းတဲ့သဘောသက်ရောက်မှာစိုးလို့လဲထင်ပါရဲ့ ဘာတခွန်းမှတော့ ပြန်မမေးပါ။ (သူ့ရဲ့ယဉ်ကျေးမှုပါ)

နောက်တပတ်ခန့် သူနဲ့ကျနော်လက်ဖက်ရည်ဆိုင်မှာ (၂)ယောက်ထဲဆုံကြတော့ ဟိုတနေ့က ကျနော့်အမြင်နဲ့ ပတ်သက်ပြီးမရှင်းသည်များကိုထပ်မေးပါသည်။ ကျနော်ကလည်း အိုးနင်းခွက်နင်းနှင့်ဖြေပြီး –

“ကိုဇော်မင်းကောဘယ်လိုမြင်သလဲ၊ ခင်ဗျားရဲ့ကိုယ်ပိုင်အမြင်ကိုလည်း ကျနော်သိချင်ပါတယ်”ဟု(ဝတ်ကျေတန်းကျေ)ကျနော်ပြန်မေးပါသည်။

သည်အခါကျမှ သူ့အမြင်(အစစ်)ကို အေးအေးဆေးဆေး၊ ချက်ကျလက်ကျ ပိုင်ပိုင်နိုင်နိုင်၊ ရှင်းရှင်းလင်းလင်း၊ ကျယ်ကျယ်ပြန့်ပြန့် တင်ပြပါတော့သည်။

(မဆလ ခေတ်ဆိုး၊ ခေတ်မှောင်ကြီးထဲမှာ လူငယ်တွေရဲ့အတွေးအခေါ်တွေဟာ ဘယ်လောက်ထိစနစ်တကျ အသတ်ခံထားရတယ်ဆိုတာ အားလုံးသိကြပါတယ်။)

ကိုဇော်မင်းဟာ တတ်ယောင်ကားမလုပ်၊ စနစ်တကျစူးစမ်းလေ့လာမှုရှိသည်။ အကျိုးသင့်အကြောင်းသင့်ရှိသည်။ အချက်အလက်ရှိရှိ လုပ်ကိုင်တတ်သူ၊ မြင့်မြင့်တွေးပြီး ဝေးဝေးကြည့်တတ်သူတယောက်ဖြစ်ပါတယ်။

ကျနော့်အတွက်တော့ အရွယ်တူချင်း လေးစားမိခဲ့သမျှထဲမှာ သူဟာ ‘ပထမ’ ပါ။

**ဆက်လက်ဖော်ပြပါမည်**

> **မဆလ ခေတ်ဆိုး၊ ခေတ်မှောင်ကြီးထဲမှာ လူငယ်တွေရဲ့ အတွေးအခေါ်တွေဟာ ဘယ်လောက်ထိစနစ်တကျ အသတ်ခံထားရတယ်ဆိုတာ အားလုံး သိကြပါတယ်...**


မိုးကြိုးသတင်းစဉ်

သို့

**စာမူများ၊ ဝေဖန်အကြံပြုစာများ ဆက်သွယ်ပေးပို့နိုင်ပါသည်။**

P.O. Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

## အကျဉ်းသားပေါ်တာများအား စစ်ဆင်ရေးနယ်မြေများအနီး ပို့ဆောင်လျက်ရှိ ခြောက်သွေ့ရာသီ ထိုးစစ်သစ်ဆင်နွှဲနိုင်ဖွယ်ရှိဟု ကေအန်ယူမှ ပြောဆို

မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင် အသီးသီးနှင့်ရဲဘက်စခန်းများမှ အကျဉ်းသားများ ကိုစစ်ဆင်ရေးပေါ်တာအဖြစ် သုံးစွဲရန်အတွက် စစ်ဆင်ရေးဒေသများအနီးသို့ ပို့ဆောင်စုစည်း လျက်ရှိရာ ၂၀၀၁ ခုနှစ်နိုဝင်ဘာလမှ စတင်၍ ၂၀၀၂ ခုနှစ် ဇန်နဝါရီလ (၁၀)ရက်နေ့အထိ စုစုပေါင်း အကျဉ်းသား (၁၅၀၀) ကျော်ကို စုစည်းပြီးဖြစ်ကြောင်း Network Media Group သတင်းဌာနအဆိုအရသိရှိရသည်။

မြန်မာနိုင်ငံအရပ်ရပ်ရှိ အကျဉ်းထောင် များနှင့် ရဲဘက်အလုပ်ကြမ်းစခန်းအသီးသီးမှ ပေါ်တာများကို လက်နက်ကိုင်ပုန်ကန်မှုများ ရှိရာ ရှမ်းပြည်တောင်ပိုင်း၊ ကယားပြည်နယ် နှင့် ကရင်ပြည်နယ်မြို့များသို့ ပို့ဆောင်လျက်ရှိ ကြောင်းသိရှိရသည်။ ကရင်အမျိုးသားအစည်း အရုံး KNU တပ်ဖွဲ့များ လှုပ်ရှားရာနယ်မြေများ အနီးရှိ ဘားအံ အမှတ်(၁)နှင့်(၂) ဝန်ဆောင် တပ်ရင်းများတွင် အကျဉ်းသားပေါ်တာ(၅၀၀) ကျော်၊ မြိတ်မြို့တွင်အကျဉ်းသားပေါ်တာ(၂၀၀) ခန့်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ လှုပ်ရှားနယ်မြေအနီးရှိ တောင်ငူအကျဉ်းထောင် တွင် အကျဉ်းသားပေါ်တာ (၅၀၀)ကျော်နှင့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) လှုပ်ရှား နယ်မြေအနီး တောင်ကြီးအကျဉ်းထောင်တွင် အကျဉ်းသားပေါ်တာ (၃၀၀)ကျော် စုစည်း ထားရှိပြီး ဖြစ်သည်ဟုသိရှိရသည်။

မြန်မာစစ်အုပ်စုက အကျဉ်းသားများကို ဝန်ဆောင်တပ်သားများဟုခေါ်ဆိုပြီး ရှေ့တန်း စစ်ဆင်ရေးများတွင် ပေါ်တာအဖြစ်အသုံးပြု လျက်ရှိသည်။ ယင်းသို့ပေါ်တာများ မြန်မာစစ် အုပ်စုမှစုဆောင်းနေမှုနှင့်ပါတ်သက်၍ ကေအန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာအား ဆက်သွယ်မေးမြန်းရာ ပဒိုမန်းရှာက "လောလော ဆယ် ကေအန်ယူ လှုပ်ရှားနေမြေအတွင်းမှာ နအဖ တပ်ရင်း(၁၂၀)ကျော်လှုပ်ရှားနေပါတယ်။ အခုလည်း တပ်မ(၃၃)ဟာ ညောင်လေးပင်ခရိုင် နဲ့ ဖာပွန်ခရိုင် အနောက်ခြမ်းကို ထိုးစစ်ဆင် နေပါတယ်။ နှစ်စဉ်ခြောက်သွေ့ရာသီ စပါးရိတ်ချိန် မှာစစ်ဆင်ရေးလုပ်လေ့ရှိပါတယ်"ဟုပြောပြခဲ့သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အား ဆက်သွယ်မေးမြန်းရာတွင် ကေအန်ပီပီ အတွင်းရေးမှူး ဦးရီမန်ထူးက "နအဖတပ်တွေ တောင်ငူ–မော်ချီးကားလမ်း ကို ပြီးခဲ့တဲ့ ဩဂုတ်လ ကတည်းက ပြန်ဖောက် နေပါတယ်။ လမ်းဘေးဝဲယာ တောခုတ်ထွင် ရှင်းလင်းဖို့ အနီးအနားကရွာသားတွေကို အလုပ်ခိုင်းခဲ့တယ်။ အခုလည်း စက်ယန္တရား တွေသုံးပြီး လမ်းဖောက်ဖို့ လမ်းတလျောက် ဒေသတွေကို စစ်ဆင်ရေးတွေလုပ်လာနိုင်ပါ တယ်" ဟု ပြောပြခဲ့သည်။

ယခုလို အကျဉ်းသားပေါ်တာများကို စုဆောင်းနေချိန်နှင့် တချိန်တည်းမှာပင်လက်နက် ကိုင်တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းများဖြစ်ကြ သော ကေအန်ယူ၊ ကေအန်ပီပီနှင့် အက်စ် အက်စ်အေ(တောင်ပိုင်း)တပ်ဖွဲ့များကို အပစ် အခတ်ရပ်စဲရေး ဆွေးနွေးရန်အတွက် မြန်မာ စစ်အာဏာပိုင်များသည် ကြားခံ"ငြိမ်းချမ်းရေး ကိုယ်စားလှယ်"များကို မကြာသေးမီကအသီးသီး စေလွှတ်ခဲ့ကြောင်း သတင်းများရရှိသည်။

"သူတို့ (မြန်မာစစ်အုပ်စု) ပရိယာယ် ကတော့ မီးစတဖက် ရေမှုတ်တဖက်ပဲ။ အခုလို တွေ့ဆုံဆွေးနွေးရေး တောင်မရောက်မြောက် မရောက်ဖြစ်နေပြီး လူထုနဲ့နိုင်ငံတကာက အမျှော်လင့်ကြီး မျှော်လင့်နေချိန်မှာအာရုံပြောင်း အောင် စစ်ဆင်ရေးတွေလုပ်လာနိုင်ပါတယ်" ဟု ကရင်အမျိုးသားအစည်းအရုံး အထွေထွေ အတွင်းရေးမှူး ဖဒိုမန်းရှာက ဆက်လက်ပြော ကြားသွားသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်ကလည်း ကေအန်ယူအား လက်နက်ကိုင်လမ်းစဉ်ကိုစွန့်၍ အခြားသောလက်နက်ကိုင်အဖွဲ့အစည်းများ နည်းတူ တရားဥပဒေဘောင်ထဲဝင်ရောက်၍ တပ်မတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ရန် မြန်မာစစ်အုပ်စုပိုင် သတင်းစာများကဆောင်းပါး ရေးသား၍ ဖိတ်ခေါ်ခဲ့သည်။

၁၉၈၉ ခုနှစ်မှ စတင်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့က မြန်မာ စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်များ ပြုလုပ်ခဲ့ကြသော်လည်း ကရင်၊ ကရင်နီ၊ ချင်း၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ဆက်လက်တိုက်ပွဲဝင် လျက်ရှိနေကြသည်။ ■

## မွန်ပြည်နယ်တွင်စီးပွားရေးတိုးချဲ့နိုင်ရေး ကြိုတင်သည့်အနေဖြင့်ထိုးစစ်ပြင်ဆင်

ဇန်နဝါရီလ (၅)ရက်နေ့က ရ–တ–ခ ဒုတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် ထိုင်း–စင်္ကာပူ သံရုံးတို့မှ စီးပွားရေးဆိုင်ရာ အရာရှိများသည် မွန်ပြည်နယ်သံဖြူဇရပ်မြို့သို့ ရောက်ရှိလာပြီး စီးပွားရေးလုပ်ငန်းနယ်ပယ်များ ချဲ့ထွင်ရေး အတွက်ကွင်းဆင်းလေ့လာခဲ့ကြကြောင်း ပြည်တွင်း မှလာသောသတင်းများအရ သိရှိရသည်။

အဆိုပါအဖွဲ့သည် မွန်ပြည်နယ် သံဖြူ ဇရပ်၊ ဘုရားသုံးဆူကားလမ်းကို ကတ္တရာ လမ်းခင်းရေးနှင့် ကျိုက္ခမိမြို့ကမ်းခြေတွင်တန်ချိန် ၆၀,၀၀၀ ရှိကုန်တင်သင်္ဘောကြီးများဆိုက်ကပ် နိုင်ရန် ရေနက်ဆိပ်ခံတံတားတခုတည်ဆောက် ရေးအတွက်လည်း ဆန်းစစ်မှုများပြုလုပ်သွား မည်ဟုသိရသည်။ ထိုင်းကုမ္ပဏီများကလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြ မည်ဖြစ်ပြီး ရေနက်ဆိပ်ခံတံတားတည်ဆောက် ရေးလုပ်ငန်းကို စင်္ကာပူကုမ္ပဏီများကတာဝန်ယူ တည်ဆောက်သွားကြမည်ဟုသိရပြီး ထိုင်း– မြန်မာနယ်စပ်ရှိ ဘုရားသုံးဆူမြို့တွင်လည်း အခန်း(၁၀၀)ပါသော နိုင်ငံတကာအဆင့်မီ ဟော်တယ်ကြီးတခုတည်ဆောက်ရန် ထိုင်း ကုမ္ပဏီတခုကို နအဖရင်းနှီးမြှုပ်နှံမှုကော်မရှင် က ခွင့်ပြုချက်ပေးပြီးဖြစ်ကြောင်းသိရသည်။

အဆိုပါသတင်းများကြောင့် ဒေသခံ ပြည်သူလူထုမှာ မွန်ပြည်နယ်အတွင်းရှိ ကျိုက္ခမိ၊ စက်စဲကမ်းခြေ၊ ဘုရားသုံးဆူ၊ သံဖြူဇရပ်နှင့် မွန်ပြည်နယ်မြို့တော်မော်လမြိုင်တို့တွင် စီးပွားရေး တခေတ်ပြန်လည်ဦးမော့လာလေမလားဟု မျှော်လင့် နေကြချိန်တွင် နအဖတပ်ဖွဲ့များက ရန်ကုန်တွင် အဆိုပါစီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အပြီးသတ်ဆွေးနွေးပြီးပါက ထိုဒေသအတွင်းရှိ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေကြသည့် အင်အားစုများအပေါ် ဒေသရှင်းလင်းရေးထိုးစစ်ဆင် ရန် ကြိုတင်ပြင်ဆင်နေပြီဖြစ်ကြောင်း သတင်းများ အရသိရှိရသည်။ ■

# အဝိဇ္ဇာထိပ်ခေါင်မြန်မာ့လူ့ဘောင်

**ဂါမဏိ**

ကမ္ဘာတလွှားအစိုးရနေနဲ့ အာဏာပိုင် အဖွဲ့အစည်းများအပိုင်းဟာ မိမိသက်ဆိုင်ရာ နိုင်ငံတွေ ဒါမှမဟုတ်မိမိတို့ဆိုင်ရာအသင်းအဖွဲ့ တွေကိုအုပ်ချုပ်ရာမှာ "ကောက်ရိုးတဖက်နှင့် သဲတဖက်"နည်းနာ၊ (Carrot and Stick) တနည်းအားဖြင့်ပြောရရင်တော့ "ဆုပေး ဒါဏ်ပေးစနစ်" ကိုကျင့်သုံးလေ့ရှိကြသည်။ ဒီထဲမှာဒီမိုကရေစီကျတဲ့ အစိုးရတွေနဲ့အသင်း အဖွဲ့တွေက"ကောက်ရိုး"ကျွေးတာကိုဦးစားပေး ပြီး အာဏာရှင်အစုအဖွဲ့တွေကတော့ "နှင်တံ" ကိုပိုအလေးပေးထားကြသည်။ ဒီနေရာမှာ ဗမာပြည်ကလူများထက် ပိုထူးနေပုံကတော့ "သံမဏိနှင်တံ"တွေနဲ့ "ကောက်ရိုးအတု" တွေ ဖေါဖေါသီသီသုံးနေတာပါပဲ။ အကြမ်းဖက် အုပ်စိုးမှုကျင့်သုံးရာ ပေါ်ရီသာဒတိုင်းပြည်တပြည် ဖန်တီးထူထောင်နေတဲ့ ပြင်းထန်လှတဲ့ဖိနှိပ်မှုတွေ အလိမ်အညာတွေ၊ ညစ်ပတ်စုတ်ပွဲတဲ့လှည့်ဖျားမှု တွေ၊ ဖြီးဖြန်းကလိမ်ကျမှုတွေတလှေကြီးနဲ့ ပေါင်းစပ်ထားတဲ့ဗမာပြည်ဟာ ဟစ်တလာနဲ့ ဂိုဘဲလ်(စ်)ကိုပြန်ပြောင်းအမှတ်ရစေပါတယ်။

ဗမာပြည်စစ်အုပ်စုဟာ သူတို့ရဲ့ဖွံ့ဖြိုးရေး လုပ်ငန်းတွေ"အောင်မြင်မှု"ကိုကြွားဝါကြော်ငြာ ပြီး ဒါဟာသူတို့အနေနဲ့တိုင်းပြည်ကို အုပ်ချုပ် နိုင်စွမ်းနဲ့အုပ်ချုပ်ထိုက်စွမ်း သက်သေပြနေတဲ့ သဘောမျိုးလေသံလွှင့်နေတယ်။ ဒါပေမယ့် သမိုင်းမှာပြန်ကြည့်ရင် ဟစ်တလာရဲ့ တတိယ ဂျာမနီနိုင်ငံတော်ကြီးဟာ ဒုတိယကမ္ဘာစစ် မဖြစ်မီကာလတွင် နအဖ ဗမာပြည်ထက်ပိုပြီး အလေးထားလောက်တဲ့ဖွံ့ဖြိုးရေးနဲ့ စီးပွားရေး တွေ အောင်မြင်ဖြစ်ထွန်းမှုတွေ အများကြီးပြ နိုင်ခဲ့တယ်။ ဟစ်တလာရဲ့ အော်တိုဘန်းလို့ခေါ် တဲ့ ဟိုင်းဝေးလမ်းမကြီးတွေဟာ နဝတ နအဖရဲ့လမ်းတံတားတွေထက် အပုံကြီးပို အဆင့်မြင့်ခဲ့တယ်။ ဟစ်တလာဟာ ၁၉၃၃ ခုမှာ အာဏာရလာပြီးနောက်(၃)နှစ်အကြာ ၁၉၃၆ ခု ဘာလင်မြို့တော်မှာအိုလံပစ်အားကစားပြိုင်ပွဲကြီး ကို အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပနိုင်ခဲ့တယ်။ အဲဒီအိုလံပစ်ပွဲတော်ဟာဆိုရင် ဒုတိယကမ္ဘာစစ် မတိုင်မီကာလကကမ္ဘာမှာ အခမ်းနားအကြီးကျယ် ဆုံးပွဲလမ်းသဘင်ကြီးဖြစ်ခဲ့တယ်။ အဲဒါနဲ့ယှဉ်ကြည့် လိုက်တဲ့အခါ ဗမာပြည်က နဝတ၊ နအဖဟာ အာဏာရပြီး (၁၃)နှစ်ကြာပြီဖြစ်ပေမယ့် အရှေ့တောင်အာရှအားကစားပွဲကိုတောင်မှ လက်ခံကျင်းပနိုင်တဲ့ အနေအထားမရှိသေးပါဘူး။ တခါကလေလုံးထွားကျင်းပခဲ့တဲ့ မြန်မာ့ရိုးရာ လှေပြိုင်ပွဲတို့၊ မြန်မာ့ရိုးရာမြင်းခင်သဘင်ပွဲတို့၊ အမျိုးသားအားကစားပွဲတော်တို့ ရန်ကုန်မြို့ တော်ဝန်မာရသွန်တို့ အားလုံးဟာလည်းသူတို့ ခေလေ့နဲ့ ကွယ်ပျောက်သွားခဲ့ပါပြီ။

ဟစ်တလာဟာ ဘယ်လောက်ကြီးပဲ ဂျာမနီနိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေပြီး တိုင်းပြည် စီးပွားရေးကိုမြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ဒါတွေ အားလုံးကို သူ့ရဲ့နာဇီဝါဒနဲ့ လုံးဝဥဿုံဖျက်ဆီး ပြစ်ခဲ့တယ်။ လူတွေကဟစ်တလာကို ဖွံ့ဖြိုးရေးနဲ့ စီးပွားရေးအောင်မြင်မှုတွေအတွက် သတိယ မှတ်မိမနေပဲ သူ့ရဲ့အလွန်အကျူးကြမ်းရမ်း ဆိုးညစ်မှုနဲ့ လူ့သမိုင်းမှာအဆိုးရွားဆုံး လူသား မျိုးနွယ်ဆန့်ကျင်ရေး ရာဇဝတ်ပြစ်မှုတွေအတွက် သာအမှတ်ရနေကြတော့သည်။ အလားတူပဲ ဗမာပြည်ရဲ့နာမည်ဆိုးနဲ့ ဟိုးဟိုးကျော်တဲ့ စစ် ဗိုလ်ချုပ်များဟာလည်း ဗမာ့သမိုင်းမှာအဆိုးဝါး အယုတ်မာဆုံး၊ အရိုင်းစိုင်းအကြမ်းတမ်းဆုံး၊ အာဏာရှင်တွေအဖြစ် ထာဝစဉ်ဥဒါန်းတွင်ရစ် ပါလိမ့်မယ်။ ရှေးကရှိခဲ့ဘူးတဲ့ အမိုက်ရိုင်းဆုံး ပဒေသရာဇ်မင်းဆိုးမင်းညစ်တွေနဲ့ ဒုတိယ ကမ္ဘာစစ်တုန်းက ဗမာပြည်ကိုကျွန်ပြုအုပ်ချုပ် သွားတဲ့ ဂျပန်ဖက်ဆစ်တွေထက်တောင် သာလွန် ဆိုးဝါးလှတဲ့အစိုးရမင်းများအဖြစ် သမိုင်းမှတ်တမ်း မှာ နာမည်ကျန်ရစ်ခဲ့မှာ လုံဝအသေအချာပါပဲ။ စစ်အုပ်စုရဲ့ဖွံ့ဖြိုးရေးနဲ့စီးပွားရေး"အောင်မြင်မှု" တွေ အကြီးအကျယ်ကြွားလုံးထုတ်နေတာဟာ ဗမာပြည်သူတွေအပေါ် သူတို့ကျူးလွန်နေတဲ့ ရာဇဝတ်ပြစ်မှုတွေကိုရော တိုင်းပြည်အလုံးစုံ ပျက်စီးဆုံးရှုံးမှုတွေကိုရော ဘယ်လိုမှမချေ ဖျက်နိုင်ပါဘူး။

စစ်အစိုးရကပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးဝင့်ကြွားနေတဲ့နောက်"အောင်မြင်မှု" ဆိုတာကိုလည်း ဒုတိယကမ္ဘာစစ်မဖြစ်မီ ဂျာမနီ ပြည်မှာ"တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြား ရေးပြန်လည်တည်ဆောက်"ရာမှာဟစ်တလာ ရဲ့အောင်မြင်မှုနဲ့ ယှဉ်ကြည့်လို့ရတယ်။

အထူးအဆန်း တိုင်းပြည်တမျိုးအဖြစ်ကို ရောက်သွားစေခဲ့တယ်။ စစ်အစိုးရနဲ့သီးခြား "ငြိမ်းချမ်းရေး" သဘောတူချက်တွေလုပ်ခဲ့တဲ့ ခဲ့ထွက်အပဲ့အရှဲ့လေးတွေ အားလုံးကိုပါထည့် တွက်လိုက်ရင်တော့ ကမ္ဘာပေါ်မှာ ဗရုတ်သုက္ခ တွေဖြစ်နေပါတော့တယ်။ "လက်နက်နှင့်ငြိမ်း ချမ်းရေးလဲလှယ်ရေး"ဆိုတာကို တကယ်တော့ "လက်နက်နှင့်မူးယစ်ဆေးလဲလှယ်ရေး"လို့ သရုပ်ဖော်ရင်ပိုသင့်တော်ပါလိမ့်မယ်။ ယုတ်မာ ပက်စက်လှတဲ့ဗိုလ်ချုပ်များက မူးယစ်ဆေး တွေကိုပြည်တွင်း သုံးစွဲမှုအတွက်မရည်ရွယ်ပဲ **ပြည်ပ"အိတ်စ်ပို့စ်"အတွက်**ပဲ ရည်ရွယ် ထုတ်လုပ်နေသရွေ့ နောက်ပြီး "ဆပ်ကြေး အခွန်အခ"တွေ မှန်မှန်ပေးနေသ၍မူးယစ်ဆေး လုပ်ငန်းကိုခွင့်ပြုဖို့ လျှို့ဝှက်ပေါ်လစီချထား တယ်။ စစ်အုပ်စုဟာဘိန်းဘုရင်ခွန်ဆာပထမဆုံး ခံယူခဲ့တဲ့သဘောထားဖြစ်တဲ့ မြန်မာပြည် မူးယစ်ဆေးထုတ်လုပ်မှုနဲ့ ကမ္ဘာ့အင်အားကြီး နိုင်ငံတွေ ချူးကလီးယားလက်နက် ထုတ်လုပ်မှု ကို ဂုဏ်ယူဝင့်ကြွားစွာ တန်းညှိရှုမြင်ချက်ကို လက်ခံထားကြပြီး ကမ္ဘာကြီးတခုလုံးကိုသူတို့ရဲ့ "မူးကလီးယားလက်နက်"နဲ့ ခြိမ်းခြောက် အကြပ်ကိုင်ဖို့ ရှုးမိုက်စွာစိတ်ကူးနေသေးတယ်။

လိမ်ညာမှု၊ လှည့်ဖျားမှု၊ အကောက်ကြံမှု၊

> **ဗမာပြည်ရဲ့အစိတ်အပိုင်းအများစုမှာ ပြည်တွင်းစစ်ဟာပြည်တွင်း "စစ်အေးတိုက်ပွဲ" ပုံစံတမျိုးအဖြစ်ကို ပြောင်းလဲသွားတယ်ဆိုတဲ့ အချက်ကို စစ်အစိုးရကအစွမ်းကုန် ဖုံးကွယ်ဖို့ကြိုးစားနေတယ်…**

"လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်"ပြီး "ဥပဒေဘောင်ထဲဝင်"သို့မဟုတ်"လက်နက်နဲ့ ငြိမ်းချမ်းရေး"လဲခဲ့တဲ့ဗမာပြည်ကတိုင်းရင်းသား လူမျိုးစု သူပုန်အဖွဲ့တွေဟာ တကယ့်မှုမှန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စစ်စစ်အရ ဖြစ်သင့် ဖြစ်ထိုက်တဲ့အတိုင်း မိမိတို့လက်နက်ကိုင်အဖွဲ့ တွေဖျက်သိမ်းပြီး အရပ်ဖက်လူအဖွဲ့အစည်းနဲ့ တခုတည်းသော အမျိုးသားတပ်မတော်ထဲကို ပေါင်းစည်းရောနှောသွားတာမျိုးဖြစ်မလာခဲ့ပါဘူး။ အဲဒီအစား ဒီအဖွဲ့အစည်းတွေဟာ သူတို့ ကိုယ်ပိုင်ဥပဒေတွေ ကိုယ်ပိုင်စစ်တပ်တွေ အပြည့်အစုံရှိတဲ့**တကယ့်လက်တွေ့**(Defacts) အစိုးရတွေဖြစ်လာကြတယ်။ သူတို့ဟာပမာဏ အတော်အတန်ရှိတဲ့လူဦးရေတွေနဲ့ နယ်မြေ ဒေသတွေကိုစိုးမိုးအုပ်ချုပ်နေကြပြီး အဲဒီ နေရာတွေမှာဆိုရင် ဗဟိုအစိုးရဟာနှိုင်းယှဉ်ချက် အားဖြင့် ဩဇာအာဏာ မသက်ရောက်နိုင်ပဲ ဖြစ်နေတယ်။ ဗမာပြည်ရဲ့အစိတ်အပိုင်းအများ စုမှာ ပြည်တွင်းစစ်ဟာပြည်တွင်း"စစ်အေး တိုက်ပွဲ" ပုံစံတမျိုးအဖြစ်ကို ပြောင်းလဲသွား တယ်ဆိုတဲ့အချက်ကို စစ်အစိုးရကအစွမ်းကုန် ဖုံးကွယ်ဖို့ကြိုးစားနေတယ်။

"ဥပဒေဘောင်ထဲဝင်ရောက်"ခဲ့တဲ့ တိုင်း ရင်းသားလက်နက်ကိုင်(၁၇)ဖွဲ့ဟာ နအဖ အစိုးရ၊နအဖဗမာ့တပ်မတော်နှင့်အတူ ဗမာ ပြည်ကို တသီးတခြားအလုပ်လုပ်လည်ပတ်နေတဲ့ အစိုးရ(၁၈)ဖွဲ့ရယ် အနည်းနဲ့အများလွတ်လပ်မှု ရှိကြတဲ့တပ်မတော်(၁၈)ခုတို့ရယ် အင်မတန် ရှုပ်ထွေးပွေလီစွာ ရောပြွန်းနှောယှက်နေတဲ့ ညစ်ပတ်မှုတွေဟာ ဗမာပြည်စစ်အစိုးရရဲ့ "ကောက်ရိုးအတု" လက္ခဏာရပ်ကြီးတွေ ဖြစ်တယ်။ ဒါပေမယ့်သူတို့ရဲ့"သံမဏိနှင်တံ" ကိုလည်းလျှော့မတွက်သင့်ပါဘူး။ ဟစ်တလာရဲ့ တတိယဂျာမဏီနိုင်ငံတော်ကြီးနဲ့ ယှဉ်လို့ရတဲ့ နောက်လက္ခဏာရပ်တခုကတော့ ဒီကနေ့ ကရင်နီနဲ့ကရင်လူမျိုးစုဒေသတွေမှာ ဗမာပြည် စစ်အုပ်စုကကျူးလွန်နေတဲ့ လူမျိုးတုံးသုတ်သင် သတ်ဖြတ်မှု (Genocide)ပဲဖြစ်တယ်။ ဒီ လူမျိုးတုံးသုတ်သင်မှုဟာ ၁၈–ရာစုနောက်ပိုင်း တုန်းက ဗမာဘုရင်အောင်ဇေယျခေါ်အလောင်း ဘုရားက မွန်လူမျိုးတွေနဲ့ ထိုင်းလူမျိုးတွေ အပေါ် လူမျိုးဖြုတ်သုတ်သင်ပွဲတွေလုပ်ခဲ့ပြီး နောက်ပိုင်း ဗမာပြည်သမိုင်းမှာ အကြမ်းတမ်း အရက်စက်ဆုံး လူမျိုးတုံးသုတ်သင်မှုဖြစ်တယ်။ ရွာလုံးကျွတ်ကွယ်ပျောက်သွားရတယ်။ အလု အယက်ခံရတယ်။ ပြာပုံဘဝကိုရောက်သွားရ တယ်။

အသက်မွေးဝမ်းကျောင်းဖို့ နည်းနာ အချက်အလက်တွေ၊ ပစ္စည်းကိရိယာတွေ၊ အကုန်အစင်ဖျက်ဆီးခံရတယ်။ နယ်မြေလူထု တရပ်လုံးကို စနစ်တကျအကွက်ချစီစဉ်ပြီး ရှင်းလင်းပစ်ရာမှာ ယောကျ်ားတွေဆိုသတ်၊ သို့မဟုတ် မသန်မစွမ်းဒုက္ခိတဖြစ်အောင်လုပ် မိန်းမတွေကိုတော့ မုဒိမ်းကျင့်ပြီးသတ်ပစ်တယ်။ အဲဒါတွေကို "သောင်းကျန်းသူအမြစ်ပြတ် ချေမှုန်းရေး၊ ဖြတ်လေးဖြတ်စစ်ဆင်ရေး" နာမည်နဲ့ကျူးလွန်ခဲ့တာဖြစ်တယ်။

**ဆက်လက်ဖော်ပြပါမည်**

# ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနားများ နေရာဒေသအနှံ့ စည်းကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြ

ဇန်နဝါရီ(၁၄)ရက်နေ့တွင် ကျရောက်သည့် ကရင့်သက္ကရာဇ် ၂၇၄၁ ခုနှစ်၏ ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနားများကို ပြည်ပတွင်ရောက်ရှိနေကြသည့် ကရင်အမျိုးသား


ဘန်ကောက်မြို့တွင်ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပနေစဉ်

များက ထိုင်း–မြန်မာနယ်စပ်ဒေသတလျှောက်ရှိ ကရင်ဒုက္ခသည်စခန်းများနှင့် အခြားနေရာဒေသများတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြကြောင်း သတင်းများရရှိသည်။

ထိုနေ့နံနက်ပိုင်းက ထိုင်းမြန်မာနယ်စပ် KNU ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်ရာနယ်မြေအတွင်းရှိ သောင်ရင်းမြစ်ကမ်းပါးတနေရာတွင် ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနားတရပ်ကျင်းပပြုလုပ်ခဲ့ရာ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ တပ်ဖွဲ့ဝင်(၅၀)ကျော်နှင့်ကရင်လူထု(၂၅၀)ကျော်တက်ရောက်ဆင်နွှဲခဲ့ကြကြောင်းသိရသည်။

အလားတူ ဘားအံခရိုင် တပ်မဟာ(၇) နယ်မြေအတွင်းရှိ နယ်စပ်တနေရာတွင်လည်း အဆိုပါအခမ်းအနားတရပ် ကျင်းပပြုလုပ်ခဲ့ရာ ထိုအခမ်းအနားသို့ KNU ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြ၊ ဘားအံခရိုင် ဥက္ကဋ္ဌဖဒိုစောအာတိုနှင့် အဖွဲ့အစည်းပေါင်းစုံတို့မှမဟာမိတ်များ၊ ဒေသခံပြည်သူလူထုများလည်း တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ အခမ်းအနား၌ ဗိုလ်ချုပ်ကြီးစောဘိုမြနှင့် ဖဒိုအာတို တို့က နှစ်သစ်ကူးအမှာစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ထို့အတူ KNU အထူးတပ်ရင်း(၁၀၁)


ကရင်နှစ်သစ်ကူးပွဲတော်သို့တက်ရောက်လာကြသောဧည့်ပရိတ်သတ်များ

တွင်လည်း ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းနား၌ ကရင်ပြောက်ကျားအထူးတပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဖောသူက KNU ဥက္ကဋ္ဌကြီးဖဒိုစောဘသင်မှ ပေးပို့လိုက်သည့် နှစ်သစ်ကူးမိန့်ခွန်းကို တက်ရောက်လာကြသည့် ကရင်လူထုများနှင့်ဧည့်သည်တော်များအား ဖတ်ကြားပြခဲ့ရာမိန့်ခွန်း၌ ကရင်အပါအဝင် လူမျိုးစုံပြည်သူများသည် စစ်တပ်၏ကျေးကျွန်များသဖွယ်ကျရောက်နေပြီး တတိုင်းတပြည်လုံးသည် ကျေးကျွန်စခန်းကြီးပမာဖြစ်နေရကြောင်း နအဖစစ်အုပ်စု၏ လူမဆန်စွာနှိပ်စက်သတ်ဖြတ်မှုများအပါအဝင် လူ့အခွင့်

အရေးချိုးဖောက်နေမှုများကြောင့် မိမိတို့၏နေရင်းဒေသများမှ အိုးပစ်အိမ်ပစ် ထွက်ပြေးလာကြရသည့် ကရင်တိုင်းရင်းသားများမှာ ထောင်သောင်းချီပြီးရှိနေကြောင်း၊ မိမိတို့အနေဖြင့် ကရင်တိုင်းရင်းသားများလွတ်လပ်ရေးအတွက် အနှစ်(၅၀)ကျော် လှုပ်ရှားခဲ့သည့် ကြိုးပမ်းမှုကို မရပ်တန့်ပဲ ဆက်လက်တိုက်ပွဲဝင်သွားကြဖို့လိုကြောင်း တချိန်တည်းတွင် မတရားအာဏာရယူထားသည့် စစ်အုပ်စုနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းကြမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်ဟုသိရသည်။

အလားတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ စိန့်ထန်းကောလိပ်တွင် ပြည်ပရောက်ဒုက္ခသည်များဆိုင်ရာ လူမှုစောင့်ရှောက်ရေးအသင်း (OKRSO)မှ ဦးဆောင်ပြီး ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို (၁၃–၁–၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ကရင်အမျိုးသားအလံတော်အားအလေးပြုခြင်း ကရင့်အမျိုးသားသီချင်းသီဆိုခြင်းတို့ဖြင့် အခမ်းအနားကိုစတင်ဖွင့်လှစ်ခဲ့ပြီး သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ (NCGUB) ဝန်ကြီးချုပ်ရုံး ဝန်ကြီးဒေါက်တာစန်းအောင်၊(OKRSO)ဥက္ကဋ္ဌစောအာကာကျော်၊ ဘုန်းတော်ကြီး Paul Chareon နှင့် အခြားသဘာပတိအဖွဲ့ဝင်များက နှစ်သစ်ကူးမိန့်ခွန်းစကားများပြောကြားသွားခဲ့ကြောင်းသိရသည်။

အခမ်းအနားကို အဖွဲ့အစည်းအသီးသီးမှ ပေးပို့ခဲ့သည့် သဝဏ်လွှာများဖတ်ကြားခြင်း၊ ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံတို့ကို ဖတ်ကြားခြင်းများပြုလုပ်ခဲ့ပြီးနောက် ညီညွတ်ခြင်းတေးသီချင်းကိုသံပြိုင်သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါအခမ်းအနား၌ ကရင့်ရိုးရာ ဒုံးပြိုင်ပွဲများ၊ ရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲများ၊ ကရင့်တေးသီချင်းများသီဆိုမှု ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပခဲ့ရာ ကရင်အမျိုးသားများအပါအဝင်တက်ရောက်လာသူ ဧည့်ပရိတ်သတ်ပေါင်း(၂၀၀) ခန့်ရှိကြောင်း သတင်းများရရှိသည်။

# လျှမ်းမောဖွယ်လူမှုပုံပြင်များ(၁)

## လူ့တန်ဖိုးကင်းမဲ့ခြင်း

**ထိန်လင်း**

**မြန်မာနိုင်ငံက အကျဉ်းထောင်(၂၀)ကျော်မှာ နိုင်ငံရေးအကျဉ်းသားများကို ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်ပြီး အဲဒီလို ထိန်းသိမ်းထားသူတွေထဲမှာ အသက်အရွယ်မျိုးစုံနဲ့ပညာရှင်များစွာပါဝင်ပြီး သေဒဏ်အစရှိတဲ့ပြစ်ဒဏ်မျိုးစုံ ချမှတ်ထားခြင်း ခံနေကြရပါတယ်...**

လူသည် သက်ရှိသတ္တဝါဖြစ်၏။ လူသည် အမှားအမှန်အကောင်းအဆိုးကို ဆင်ခြင်ဝေဖန်နိုင်စွမ်းရှိ၏။ ထိုထက်ပို၍လူသည် ရည်မှန်းချက်ရှိသည့်အတိုင်းလုပ်ဆောင်နိုင်၏။

အထက်ပါအဆိုကို ကမ္ဘာပေါ်ကလူများစုကြီးက လက်ခံပါလိမ့်မယ်။ ကမ္ဘာတဝန်းလုံးက တညီတညွတ်တည်း ဆုံးဖြတ်လက်ခံထားတဲ့ လူမှုအခွင့်အရေးဆိုင်ရာ ကမ္ဘာ့အဓိဋ္ဌာန်ပြုကြေညာစာတမ်းမှာတောင် “လူတိုင်း၌လူ့ဘဝအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် လုံခြုံစိတ်ချရမှုအခွင့်အရေးများရှိသည်”လို့ ဖော်ပြထားသေးတယ်မဟုတ်လား။ ဒါပေမယ့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တွေကို အတည်ပြုခဲ့တဲ့ တချိန်တည်းမှာပဲ လွတ်လပ်တဲ့ နိုင်ငံဖြစ်လာတဲ့ နိုင်ငံတခုဟာလူ့အခွင့်အရေးတွေကို ယနေ့အချိန်ထိ နှစ်ပေါင်းများစွာ ကျူးလွန်ဖောက်ဖျက်နေပေမယ့် ကမ္ဘာကြီးက လတ်တလောဖြေရှင်းစရာ အရေးတကြီးကိစ္စတခုလို့ သဘောမထားကြတာကတော့ တကယ့်ကို ရင်နာစရာကောင်းလှပါတယ်။ အဲဒီနိုင်ငံကတော့ ဗီယက်နမ်စစ်ပွဲကို အဆုံးသတ်ပေးခဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တယောက်ပေါ်ထွက်ရာ၊ လက်ရှိအချိန်မှာ အကျယ်ချုပ် အထိန်းသိမ်းခံထားရဆဲ ဖြစ်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် တဦးတို့မွေးဖွားရာ မြန်မာနိုင်ငံပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတခုဖြစ်ပေမယ့် အဖွဲ့ဝင်နိုင်ငံများ လိုက်နာကျင့်သုံးရမယ့် စည်းမျဉ်းစည်းကမ်းများကို မလိုက်နာတဲ့အပြင် နိုင်ငံသားများအပေါ် တကယ်တမ်းခွင့်ပြုရမယ့်အခြေခံအခွင့်အရေးများကိုလည်း ပိတ်ပင်တားမြစ်ထားပါတယ်။ နိုင်ငံနေရာအနှံ့အပြားမှာလည်း အဓမ္မအနိုင်ကျင့်မှုတွေပြည့်နှက်လျက်ရှိပါတယ်။ အဆိုးဆုံးကတော့ယုံကြည်ချက်ကြောင့် နိုင်ငံရေးလှုပ်ရှားမှုတွေမှာပါဝင်ရင်း စစ်အုပ်စုကိုဆန့်ကျင်သူများအပေါ် ဖိနှိပ်မှုများပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက အကျဉ်းထောင် (၂၀)ကျော်မှာ နိုင်ငံရေးအကျဉ်းသားများကို ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်ပြီး အဲဒီလို ထိန်းသိမ်းထားသူတွေထဲမှာ အသက်အရွယ်မျိုးစုံနဲ့ ပညာရှင်များစွာပါဝင်ပြီး သေဒဏ်အစရှိတဲ့ ပြစ်ဒဏ်မျိုးစုံချမှတ်ထားခြင်းခံနေကြရပါတယ်။ နိုင်ငံတကာကယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းနဲ့မတူဘဲ ထူးခြားတယ်လို့ ပြောနိုင်တဲ့အချက်ကတော့ သူတို့အားလုံးလိုလိုဟာ ကမ္ဘာ့လူ့အခွင့်အရေးဆိုင်ရာကြေညာစာတမ်းအပိုဒ် (၁၀)ပါ “အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို အဆုံးအဖြတ်ခံရာတွင်၎င်း၊ ရာဇဝတ်ကြောင်း တရားစွဲဆိုခြင်း၌ အဆုံးအဖြတ်ခံရာတွင်၎င်း၊ လူတိုင်းသည် လွတ်လပ်၍အဂတိမလိုက်သောတရားရုံးတော်၏ လူအများရှေ့မှောက်တွင်မျှတစွာကြားနာစစ်ဆေးခြင်းကို တူညီစွာခံစားပိုင်ခွင့်ရှိသည်” ဆိုတဲ့အချက်နဲ့လုံးဝမကိုက်ညီတဲ့ တရားရုံးတွေက ထင်သလိုပြစ်ဒဏ်ချမှတ်ခြင်းခံထားရသူများဖြစ်ပါတယ်။ တချို့ဆိုရင် သူတို့ရဲ့မျက်ကွယ်မှာ ပြစ်ဒဏ်စီရင်ခြင်းခံထားရသူများဖြစ်ပါတယ်။

သာမန်ပြည်သူ တယောက်တောင် အခြေခံရပိုင်ခွင့်တွေ လက်လွတ်ဆုံးရှုံးနေရပြီဆိုတော့ထောင်ကျနေတဲ့ နိုင်ငံရေးအကျဉ်းသားများ အဖို့ဆိုဖွယ်ရာ မရှိလောက်အောင် ဆိုးဝါးလှတဲ့ ဘဝတွေနဲ့ရင်ဆိုင်နေကြရပါတယ်။ မြန်မာနိုင်ငံကအကျဉ်းထောင်တွေဟာ လူသားချင်းစာနာမှုကင်းမဲ့လှပြီး ငရဲတမျှကြောက်လန့်စရာဖြစ်ပါတယ်။ အကျဉ်းထောင်ထဲကိုရောက်ပြီဆိုတာနဲ့ လူ့ဂုဏ်သိက္ခာ အားလုံးမရှိတော့ဘဲ အာဏာပိုင်တွေရဲ့ ဥပဒေမဟုတ်တဲ့အနိုင်အထက်ကျင့်မှုတွေကြားမှာ ကျန်မာရေးစောင့်ရှောက်မှုကင်းမဲ့ခြင်း၊ ဖြစ်သလိုချက်ပြုတ်ထားတဲ့ အစားအသောက်၊ မိသားစုနဲ့လွယ်လင့်တကူ ဆက်သွယ်ခွင့်မရမှု စတဲ့အရာတွေနဲ့ ရင်ဆိုင်ရင်းချို့တဲ့စွာနေထိုင်ကြရပါတယ်။ နိုင်ငံရေးအကျဉ်းသားများဟာလည်း ဒီလိုနှိပ်စက်မှုတွေကို အံတုရင်း သူတို့ရဲ့ယုံကြည်ချက်အတွက် ရှင်သန်နေကြရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲက လူမဆန်မှုတွေဟာ တော်ရုံစိတ်ဓာတ်လောက်နဲ့ဆိုရင် တခြားနှိပ်စက်မှုတွေ မခံစားရဘဲနဲ့တောင် အသက်ပါ သေဆုံးသွားနိုင်ပါတယ်။

အကျဉ်းထောင်တွေထဲမှာ အကျဉ်းချခြင်းခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားများ အနေနဲ့ အကျဉ်းထောင်ထဲကို ရောက်ပြီဆိုတာနဲ့ လူ့တန်ဖိုးအားလုံးကို ခဝါချလိုက်ရပါတော့တယ်။ သူတို့ဟာ နိုင်ငံရေးသမားဆိုရင် တိုင်းပြည်ကိုဖျက်ဆီးသူလို့ မှိုင်းတိုက်ခြင်းခံထားရတဲ့ အကျဉ်းထောင်အာဏာပိုင် ဝန်ထမ်းတွေရယ်၊ ရာဇဝတ်မှုနဲ့ အကျဉ်းချထားခြင်း ခံထားရတဲ့ အကျဉ်းသားများရဲ့ အုပ်ချုပ်မှုတွေရယ်ကို မလွဲမသွေခံစားရမှာဖြစ်ပါတယ်။ သာမန်ရာဇဝတ်အကျဉ်းသားများနဲ့ မတူတဲ့အချက်ကတော့ ပြင်ပကနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအပေါ်မှာမူတည်ပြီး ပိုမိုဖိနှိပ်ခြင်းခံရတတ်သလို စစ်ထောက်လှမ်းများရဲ့ အချိန်မရွေးဝင်ရောက်စစ်မေးခြင်းများကိုလည်း ခံရမှာဖြစ်ပါတယ်။ ဒီထက်ဆိုးတာကတော့ နိုင်ငံရေးအကျဉ်းသားများကို တရားမဲ့စွာထောင်ဒဏ်တိုးမြှင့်ခြင်းပါပဲ။

နိုင်ငံရေးအကျဉ်းသားများအဖို့ အကျဉ်းထောင်ထဲကိုမရောက်ခင်မှာ စစ်ထောက်လှမ်းရေးများရဲ့ နည်းမျိုးစုံညှဉ်းဆဲမှုများကို ခံစားခဲ့ကြရပါတယ်။ တချို့သူတွေဆိုရင် အဲဒီစစ်ဆေးရေးစခန်းများမှာတင် အသက်ဆုံးပါးခဲ့ကြရရှာပါတယ်။ ဒီအဆင့်ကို ဖြတ်ကျော်လာခဲ့တဲ့ သူတွေမှာလည်း စိုးရိမ်ထိတ်လန့်မှုတွေရဲ့ နောက်ဆက်တွဲ စိတ်ပိုင်းဆိုင်ရာပြဿနာတွေ အနည်းနဲ့အများကပ်ငြိလာကြပါတယ်။ ဒါကြောင့် နိုင်ငံရေးအကျဉ်းသားအချို့ဟာ စိတ်ရောဂါဝေဒနာသည်တွေ ဖြစ်မှန်းမသိဖြစ်သွားပါတော့တယ်။

ရာဇဝတ်ကျူးလွန်လို့ အကျဉ်းကျတာမဟုတ်တဲ့ အကျဉ်းသားများအနေနဲ့ အပြစ်မရှိဘဲ အနိုင်ကျင့်ခံကြရပြီး ကိုယ်မှန်တယ်ထင်ရာပြောခွင့်မရှိ၊ ကိုယ့်ရပိုင်ခွင့် အခွင့်အရေးကို တောင်းပိုင်ခွင့်မရှိတဲ့ အနေအထားမျိုးနဲ့ သူတို့ရဲ့အကျဉ်းစံဘဝကို ဖြတ်သန်းကြရပါတယ်။ ဒါကြောင့်သူတို့ရဲ့နေ့စဉ်ဘဝကိုစိတ်ရောကိုယ်ပါအဖိနှိပ်ခံထားရတဲ့ ဘဝလို့ပြောနိုင်ပါတယ်။ သေဒဏ်ပေးထားခြင်း ခံထားရသူတွေ၊ ၃၆ နှစ်၊ ၄၅ နှစ် စသဖြင့် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ထားခြင်းခံနေရသူများအနေနဲ့ ဘယ်လိုဖိစီးမှုတွေ ခံစားကြရမယ်ဆိုတာ စိတ်ကူးထဲမှာ တွေးကြည့်ရုံနဲ့ ကိုယ်ချင်းစာနိုင်ပါလိမ့်မယ်။

မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားများ အနေနဲ့လူ့အခွင့်အရေးတွေ ဘယ်လိုဆုံးပါးနေတယ်၊ လူသားချင်းစာနာမှု ကင်းမဲ့လှတဲ့ အုပ်စိုးသူလူရမ်းကားတွေနဲ့ ရင်ဆိုင်နေကြရတယ်ဆိုတာကို သာဓကတခုနဲ့ သက်သေပြလိုပါတယ်။ အဲဒီ ဥပမာကတော့ တရားလက်မဲ့ ပြုကျင့်မှုများအောက်မှာ မသေသင့်ဘဲ သေဆုံးခဲ့ရတဲ့ လူတယောက်အကြောင်းပါပဲ။ သူကတော့ ယခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့က သာယာဝတီ အကျဉ်းထောင်အတွင်း အသက်ဆုံးပါးခဲ့ရတဲ့ ကိုစည်သူ(ခ)ကိုရဲနိုင်ရဲ့ ရင်နင့်စရာအဖြစ်အပျက်ပါ။ သူ့ရဲ့ကြေကွဲစရာ အဖြစ်အပျက်ကိုကြည့်လိုက်တယ်ဆိုရင်ပဲ မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်နေရတဲ့အနေအထားကိုတွေးကြည့် နိုင်ပါလိမ့်မယ်။

ကိုစည်သူက ကွယ်လွန်ချိန်မှာ အသက် (၃၅) နှစ်ပဲရှိသေးတဲ့ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်က လူရွယ်တဦးဖြစ်ပါတယ်။ သူဟာ ၁၉၈၈ ခုနှစ် အရေးတော်ပုံကာလက ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ) မှာ ပညာသင်ယူနေတဲ့ သတ္တဗေဒ ဒုတိယနှစ်ကျောင်းသားတဦးဖြစ်ပါတယ်။ အရေးအခင်းကာလတလျှောက်လုံး မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရေစီလှုပ်ရှားမှု အစည်းအရုံး (မကဒ)ရဲ့ ဗဟိုစည်းရုံးရေး တာဝန်ခံတဦးအဖြစ်နဲ့ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ သူ့ကို ၁၉၉၁ ခုနှစ်မေလမှာ အာဏာပိုင်တွေက ဖမ်းဆီးလိုက်ပြီး အဲဒီနှစ် ဒီဇင်ဘာလမှာ ထောင်ဒဏ် (၁၂)နှစ်ချမှတ်ခဲ့ပါတယ်။ ပြစ်ဒဏ်မချခင် (၇)လ လုံးလုံး ရန်ကုန်မြို့က အင်းစိန်ထောင်ထဲမှာ ထိန်းသိမ်းထားတာဖြစ်ပါတယ်။ လူတယောက်ကို ပြစ်ဒဏ်တစုံတရာ မချမှတ်ဘဲ နှစ်ဝက်ကျော်လောက် ထောင်သွင်းအကျဉ်းချခဲ့တဲ့လုပ်ရပ်ကို ကြည့်လိုက်ရင် မြန်မာနိုင်ငံသား တယောက်အနေနဲ့“မည်သူမျှ ဥပဒေအရမဟုတ်သော ဖမ်းဆီးခြင်းကိုဖြစ်စေ၊ ချုပ်နှောင်ခြင်းကိုဖြစ်စေ၊ ပြည်နှင်ခြင်းကိုဖြစ်စေ မခံစေရ” ဆိုတဲ့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၇)မှာ ပါတဲ့အတိုင်း ကျင့်ဆောင်ခြင်းကိုမခံရဘဲ စစ်ထောက်လှမ်းရေးရဲ့ ထင်သလို ဖမ်းဆီးခြင်းကိုခံကြရပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# တရားမဝင်သည့်မြန်မာအလုပ်သမားများ ပြန်ပို့ရေးကိစ္စ ထိုင်းနှင့်မြန်မာနှစ်နိုင်ငံအကြား သဘောတူညီချက်ရရှိ




ဖူခက်အပန်းဖြေကျွန်း၌ ဝန်ကြီးချုပ်တာ့ခ်စင်နှင့် ဦးဝင်းအောင်တို့တွေ့ဆုံစဉ်

ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်လာရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများအား မြန်မာနိုင်ငံသို့ ပြန်ပို့ရေးကိစ္စနှင့်ပတ်သက်၍အထူးတပ်ဖွဲ့များဖွဲ့ပြီး ဆောင်ရွက်သွားရန် ထိုင်းနှင့်မြန်မာနှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်နေ့က သဘောတူညီချက်ရရှိခဲ့သည်ဟု လွတ်လပ်သည့်အာရှအသံမှ ဇန်နဝါရီလ (၁၀)ရက်နေ့ကထုတ်လွှင့်သွားခဲ့သည်။

မြန်မာနအဖစစ်အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာစူရာကီယာ့(တ်)စာတီရာထိုင်းတို့သည် ထိုင်းနိုင်ငံတောင်ပိုင်း ဖူခက်အပန်းဖြေကျွန်း၌နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်း ယခုကဲ့သို့ သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံမှ အထူးတပ်ဖွဲ့များအနေဖြင့် လာမည့်ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လဆန်းပိုင်းတွင်တွေ့ဆုံပြီး ထိုင်းနိုင်ငံသို့ရောက်ရှိနေသည့် တရားမဝင် မြန်မာအလုပ်သမားများအား မြန်မာနိုင်ငံသို့ပြန်ပို့ရေးအစီအစဉ်များရေးဆွဲချမှတ်ဆုံးဖြတ်မည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ စူရာကီယာ့(တ်)စာတီရာထိုင်းက ပြောကြားခဲ့သည်။ တရားမဝင်သည့် မြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ပြန်ပို့ရေးအစီအစဉ်မစတင်မီ ဖမ်းဆီးမိထားသည့် မြန်မာအလုပ်သမားများအား မြန်မာနိုင်ငံဖက်ခြမ်းမြဝတီမြို့ရှိ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းထားမည်ဟု သတင်းများရရှိသည်။ ယနေ့နောက်ဆုံးကိန်းဂဏန်းစာရင်းများ အရ ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမား (၅)သိန်းခွဲကျော်ရှိပြီး မှတ်ပုံမတင်ဘဲ အလုပ်ခိုးလုပ်နေသည့် မြန်မာအလုပ်သမား တသိန်းခန့်ရှိကြောင်းသိရှိရသည်။

၂၀၀၁ ခုနှစ် နှစ်လယ်ပိုင်းလောက်အထိ ထိုင်းနှင့်မြန်မာတို့ တနိုင်ငံနှင့်တနိုင်ငံ အပြန်ပြန်အလှန်လှန် ပုတ်ခတ်ပြောဆိုနေခဲ့သည်။ မြန်မာနအဖ စစ်အုပ်စုကထိုင်းမြန်မာနယ်စပ်တလျှောက်ခိုလှုံနေကြသည့် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့များ၏ မိသားစုဦးရေ တသိန်းကျော်ခန့်ကို ထိုင်းအစိုးရမှကူညီထောက်ပံ့နေသည်ဟုစွပ်စွဲခဲ့ပြီး ထိုင်းအစိုးရကလည်း စိတ်ကြွဆေးပြားများထုတ်လုပ်နေသည့်'ဝ'တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အား မြန်မာနအဖစစ်အုပ်စုမှ အားပေးကူညီအကာအကွယ်ပေးနေသည်ဟု စွပ်စွဲနေခဲ့သည်။

သို့ရာတွင် ၂၀၀၁ ခုနှစ်၊ ဇွန်လအတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် တာ့(ခ်)စင်ရှီနာဝါ့(တ်) မြန်မာနိုင်ငံသို့ တရားဝင်အလည်သွားရောက်ပြီး နောက်ပိုင်းနှစ်နိုင်ငံပုတ်ခတ်နေမှုများ ပြေလျော့သွားခဲ့သည်။ ထိုင်းဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်နောက်ဆက်တွဲအဖြစ် မြန်မာ နအဖစစ်အုပ်စုမှအတွင်းရေးမှူး(၁)၊စစ်ထောက်လှမ်းရေးအကြီးအကဲ ဒု–ဗိုလ်ချုပ်ကြီး ခင်ညွှန့်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာလအတွင်း ထိုင်းနိုင်ငံသို့ချစ်ကြည်ရေး အလည်အပတ်လာရောက်ခဲ့သည်။

ဖူခက်ကျွန်း အစည်းအဝေးအတွင်း ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်အဖြစ်ခိုလှုံနေကြသည့်ကရင်နှင့် ကရင်နီတိုင်းရင်းသားဒုက္ခသည်တသိန်းကျော်ကိစ္စနှင့်ပတ်သက်၍ သဘောတူညီချက်တစုံတရာမျှမရရှိခဲ့ပေ။ သို့ရာတွင်ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီချက်တရပ် မကြာမီထုတ်ပြန်လိမ့်မည်ဟုသိရှိရသည်။ ■

# ဦးချိုအောင်သန်းနှင့် NLD အဖွဲ့ဝင်(၄)ဦးပြန်လည်လွတ်မြောက်

ပြီးခဲ့သည့်ဇန်နဝါရီလ(၉)ရက် ဗုဒ္ဓဟူးနေ့က မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဝမ်းကွဲမောင်တော်စပ်သူ ဦးချိုအောင်သန်းနှင့်NLD အဖွဲ့ဝင်(၄)ဦးတို့ကို နအဖ အကျဉ်းထောင်များမှ ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း AP သတင်းများအရ သိရှိရသည်။

ယခုနှစ်အစောပိုင်းကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ်ဒေါ်အောင်ဆန်းစုကြည်၏ ဆက်သွယ်ရေးအရာရှိဖြစ်သူ ဦးတင်မောင်ကြည် ဦးကျော်မင်း၊ ဦးကြည်လွင်နှင့် ဦးတင်မောင်တို့ကိုစစ်အကျဉ်းထောင်များမှပြန်လည် လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ဆက်လက်ဖော်ပြထားသည်။

ဦးချိုအောင်သန်းသည် ဗိုလ်ချုပ်အောင်ဆန်း၏အကို ဦးအောင်သန်း၏သားဖြစ်ပြီး ၁၉၈၇ ခုနှစ်၊ ဇွန်လက အရေးပေါ်စီမံချက်ဥပဒေအရထောင်ဒဏ်(၇)နှစ်နှင့် မတရားအသင်းဥပဒေအရ ထောင်ဒဏ်(၃)နှစ် ပေါင်း(၁၀)နှစ်ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရပြီး ၎င်းနှင့်အတူညီမဖြစ်သူ ဒေါ်ယဉ်မမသန်းနှင့် သူမ၏ခင်ပွန်းဖြစ်သူဦးမြင့်ဆွေတို့လည်း ဖမ်းဆီးအပြစ်ပေးခြင်းခံခဲ့ရသည်။ သို့ရာတွင် ဒေါ်ယဉ်မမသန်းနှင့်ခင်ပွန်းတို့အားယမန်နှစ်ဇူလိုင်လကပြန်လွှတ်ပေးလိုက်သော်လည်း ဦးချိုအောင်သန်း ကိုမူယခုမှပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့အကြားလျှို့ဝှက်တွေ့ဆုံမှုများပြုလုပ်ခဲ့ပြီး နောက်ပိုင်း နအဖက နိုင်ငံရေးအကျဉ်းသား (၂၀၇)ဦးကို ပြန်လွှတ်ပေးခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ၂၀၀၂ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့၌ NLD အဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့သည့် (၅၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် NLD မှ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့အကြားတွေ့ဆုံမှုအခြေအနေတိုးတက်မှုအရှိန်နှေးကွေးနေသည်ကို လက်မခံနိုင်တော့သည့် လက္ခဏာအဖြစ်ရှုမြင်ပြီး အဓိပ္ပာယ်ရှိသည့် ပြောဆိုဆွေးနွေးမှုတရပ်စတင်ရန် တောင်းဆိုခဲ့သည့်အပြင် အဖမ်းဆီးခံနေရဆဲဖြစ်သော NLD လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လည်လွှတ်ပေးရန်နှင့်ဒေါ်အောင်ဆန်းစုကြည်ကိုချက်ချင်းလွှတ်ပေးရန်တောင်းဆိုမှုများပါဝင်သည်ဟုသိရှိရသည်။

NLD ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဦးလွင်ကလည်း နအဖစစ်အကျဉ်းထောင်များအတွင်း NLDအဖွဲ့ဝင်(၈၀၀)ကျော်မျှ ထိန်းသိမ်းခံနေရဆဲဖြစ်ကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်ဟုသိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ နအဖနိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဦးဝင်းအောင်ကို ဘီဘီစီ သတင်းဌာနမှတွေ့ဆုံမေးမြန်းခဲ့ရာတွင် ၎င်းက "ခုလိုနိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စကို ဆက်လက်ဆောင်ရွက်နေကြောင်း သက်သေထူခြင်းပင်ဖြစ်သည်"ဟု ပြောဆိုသွားခဲ့ပြီး စစ်အုပ်စုအနေဖြင့် နောက်ကတွန်းအားပေးခြင်းများကို မလိုလားကြောင်း ထည့်သွင်းပြောကြားခဲ့သည်ဟု သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ ပြောကြားရာတွင်လည်း'အချိန်ကျရင်လွှတ်ပေးမှာဖြစ်ကြောင်း၊ တနေ့နေ့မှာ ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွှတ်မြောက်လာမှာဖြစ်ကြောင်း' မရေမရာ မသေမချာပြောဆိုသွားခဲ့သည်ဟု အဆိုပါသတင်းဌာန၏ ဖော်ပြချက်အရသိရှိရသည်။ ■

# ဂျပန်ဒီမိုကရက်တစ်ပါတီက မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပေါ် ထောက်ခံအားပေး

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Yurakucho International Hall တွင် (၈၊ ၁၂၊ ၂၀၀၁) နေ့၌ နိုဘယ်ဆုနှစ်တရာပြည့် အထိမ်းအမှတ်နှင့် မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နိုဘယ်ဆုရရှိသည့် (၁၀)နှစ်ပြည့်မြောက် ဂုဏ်ပြုပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုအခမ်းအနားသို့ ဂျပန်အတိုက်အခံခေါင်းဆောင်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ Mr Yukio Hatoyama၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဟောင်းဖြစ်သူ Mr You Zou Yokota နှင့်လူ့အခွင့်အရေးလှုပ်ရှားသူများ၊ ရှေ့နေများ၊ ပါမောက္ခများ၊ ဒီမိုကရေစီရေးထောက်ခံသူ အခြားနိုင်ငံခြားသားများနှင့် သတင်းဌာနများမှ တက်ရောက်ခဲ့ကြပြီး မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူအဖွဲ့အစည်း အသီးသီးတို့လည်း တက်ရောက်ဂုဏ်ပြုအားပေးခဲ့ကြရာ စုစုပေါင်းတက်ရောက်သူ (၂၀၀) နီးပါးမျှရှိကြောင်းသိရသည်။ ထိုအခမ်းအနားတွင် ဂျပန်အတိုက်အခံဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ Mr Yukio Hatoyama ကဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်၏ video မိန့်ခွန်းခွေကိုပြသကာအခမ်းအနားကို ရုတ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ ■



ဂျပန်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ Mr Yukio Hatoyama မှမြန်မာ့ဒီမိုကရေစီနှင့်အမျိုးသားရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြောင်းမိန့်ခွန်းပြောကြားနေသည့်ပုံ

# နအဖတို့အရေးကြုံ သက်လုံကောင်းအောင် ကြံ့ဖွံ့ကိုပွဲပြန်ထုတ်လာ

တွေ့ဆုံဆွေးနွေးနေမှု နှောင့်နှေးကြန့်ကြာနေသည့်အပေါ် ဝေဖန်မှုဖိအားပေးမှုများ အဆက်မပြတ်ထွက်ပေါ်လာခြင်းကို ကျားကန်သည့်အနေဖြင့် နအဖစစ်အုပ်စုက ကြံ့ဖွတ်အဖွဲ့အား ပြန်လည်ပွဲထုတ်လာနေကြောင်း ပြည်တွင်းသတင်းများအရသိရှိရသည်။

ပြီးခဲ့သည့်ဇန်နဝါရီ(၈)ရက်နေ့မှစ၍ ရန်ကုန်တိုင်းရှိမြို့နယ်များမှစတင်ကာ အခြားနယ်မြို့တို့တွင် ကြံ့ဖွတ်အသင်းသားများက ဦးဆောင်၍လူထုကိုအဓမ္မခေါ်ယူပြီး စစ်အုပ်စုထောက်ခံပွဲများပြုလုပ်နေကြောင်းသိရသည်။

အဆိုပါအခမ်းနားများတွင် သဘာပတိဆိုသူများက....လွန်ခဲ့သော(၁၂)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌မကြုံစဘူးအောင်ဖွံ့ဖြိုးတိုးတက်လာကြောင်း ငြိမ်းချမ်းရေးမှာလည်းတပြည်လုံးအတိုင်းအတာအထိ ရရှိနေပြီးဖြစ်ကြောင်း ထုတ်ဖော်ဝါဒဖြန့်ခဲ့သည်ဟုသိရသည်။

စစ်အစိုးရသည် NLDမှထုတ်ပြန်ခဲ့သော (၅၄)နှစ်မြောက်လွတ်လပ်ရေးနေ့ဆုံးဖြတ်ချက်(၇)ရပ်ထွက်ပေါ်ခဲ့အပြီး ဖြစ်ပေါ်လာသည့်ဖိအားရိမ်စိတ်ကိုဖုံးကွယ်သည့်အနေဖြင့် ၎င်းတို့သာတခုတည်းသော အာဏာပိုင်အဖွဲ့အစည်းဖြစ်နေသေးကြောင်း ကိုပြသလိုပုံရကြောင်း မြန်မာ့နိုင်ငံရေးလေ့လာသူများက သုံးသပ်နေကြသည်ဟုသိရသည်။

# မစ္စတာရာဇာလီ၏သတ္တမမြောက်မြန်မာပြည်ခရီး မရေရာမသေချာသေး

မြန်မာ့အရေးကြားဝင်စေ့စပ်ပေးနေသူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီ အစ္စမေးလ်သည် လာမည့်ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသို့သတ္တမမြောက်ခရီးစဉ်အဖြစ်ထပ်မံသွားရောက်ရန်စီစဉ်ထားသော်လည်း အဆိုပါခရီးစဉ်မှာမရေရာမသေချာသေးကြောင်း ၎င်းနှင့်နီးစပ်သည့်သတင်းရပ်ကွက်အဆိုအရ သိရှိရသည်။

မစ္စတာရာဇာလီသည် ၎င်း၏ဆဋ္ဌမမြောက် မြန်မာပြည်ခရီးစဉ်ကို ပြီးခဲ့သည့် ဒီဇင်ဘာလ(၂)ရက်နေ့ကမှ အဆုံးသတ်ခဲ့ပြီး၊ ထိုခရီးစဉ်အတွင်း အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ပါတီမှထိပ်ပိုင်းခေါင်းဆောင်များ၊ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များ၊ နအဖနှင့်အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့အစည်းများနှင့် နအဖတာဝန်ရှိသူများကိုပါ တွေ့ဆုံခဲ့ပြီးနောက် ၎င်းက ၂၀၀၂ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေးအခြေအနေမှာထူးခြားတိုးတက်သည့် ပြောင်းလဲမှုများ မြင်တွေ့လာရမည်ဖြစ်ကြောင်း အတိအလင်းထုတ်ဖော်ပြောဆိုသွားခဲ့သည်ဟုသိရသည်။ ■



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## ပြောပြပါရစေ

# မြန်မာပြည်မှာဗျာ...

သို့

**အယ်ဒီတာ**
**မိုးကြိုးသတင်းစဉ်**

ကျနော်ဟာမြန်မာနိုင်ငံအတွင်းမှာ နေထိုင်စားသောက်လုပ်ကိုင်ရတာ အဆင်မပြေသည့်အတွက်ဘယ်နေရာ ဘယ်ဒေသမျိုးမှာလုပ်ကိုင်စားသောက်ဖို့အဆင်ပြေမလဲဆိုပြီး စုံစမ်းနေတုန်းသူငယ်ချင်းတယောက်နဲ့တွေ့ပြီး သူကကော့သောင်ရနောင်းဘက်မှာ အလုပ်ပေါတယ်၊ ဝင်ငွေကောင်းတယ်ဆိုတာနဲ့ ကျနော်ကော့သောင်ရနောင်းကိုသွားဖို့ အစီအစဉ်ဆွဲလိုက်ပါတယ်။

ကျနော်တို့မြန်မာနိုင်ငံအတွင်းမှာ နေထိုင်၊ လုပ်ကိုင်စားသောက်ရတာ အဆင်မပြေသည့်အချက်ကလေးကို ပထမဆုံးအနည်းငယ်တင်ပြပါရစေ။ ဘာကြောင့်လဲဆိုတော့ အလုပ်သမားတယောက်ရဲ့တနေ့ဝင်ငွေဟာ အများဆုံးရမှကျပ်၂၅၀ မှ ကျပ် ၃၀၀ အကြားရှိပါတယ်။ ဒါတောင် အလုပ်ကြမ်းသမားတယောက် မနက်မိုးလင်းမှစ၍ ညနေမိုးချုပ်အထိ ပင်ပန်းဆင်းရဲစွာလုပ်ရသည့်အလုပ်မျိုးပါ။ မိသားစုတစုအနေနှင့် ဤမျှလောက်ဝင်ငွေနှင့်စားသောက်ဖို့ရာ ဆန်ဈေး၊ ဆီဈေး၊ သားဈေး၊ ငါးဈေး၊ ရေတို၊ ကြက်သွန်စသည့် စားသောက်ကုန်ပစ္စည်းတွေက မိုးထိမြင့်မားလောက်အောင် အဆမတန်ဈေးကြီးနေတော့ စားသောက်ဖို့ကိုပင်မလောက်မငှဖြစ်နေရပါတယ်။ နေထိုင်မကောင်းရင်တောင်ဆေးဝယ်သောက်ဖို့ကို ငွေအခက်အခဲကြုံနေရပါတယ်။

ကျနော်တို့မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံနှင့်နေ့စားပုံကျအလုပ်သမားများအပါအဝင် တနေ့ရသည့်လုပ်အားခဝင်ငွေနှင့်တနေ့တာ မိသားစုစားသောက်မှုကုန်ကျစရိတ်မမျှမှု ကုန်ဈေးနှုန်းကြီးမားမှုများကြောင့် ဝင်ငွေကောင်းသည်ဆိုသည့်နယ်စပ်တနေရာ ကော့သောင်ရနောင်းသို့သွားရန် စော်ဘွားကြီးကုန်းကနေ တနင်္သာရီမြန်လုံကားနဲ့ကျနော်ခရီးထွက်ခဲ့ပါတယ်။

ဒီလိုနဲ့ခရီးထွက်လာရာ ရန်ကုန်ကနေ မြိတ်မြို့အထိလမ်းခရီးတွင် တွေ့ကြုံခံစားရတဲ့အကြောင်းအရာလေးတွေကို ကျနော်တင်ပြပါရစေ။ ကျနော်တို့မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုဘွားတိုင်းရင်းသားတွေအားလုံးဟာ အမိနိုင်ငံတော်ကပြဋ္ဌာန်းပြီး ထုတ်ပေးထားတဲ့ နိုင်ငံသားကဒ်တွေကို နိုင်ငံသားမှန်သမျှကိုင်ဆောင်ကြပါတယ်။ ဒီနိုင်ငံသားကဒ်ကိုင်ဆောင်ထားပါလျက် မြန်မာနိုင်ငံသားတယောက်ဟာမြန်မာပြည်အတွင်းမှာ ဘာကြောင့်လွတ်လပ်စွာသွားလာခွင့် မရှိသလဲဆိုတဲ့အဖြေကို ကျနော်စဉ်းစားမရဖြစ်နေတာကြောင့် ဒီစာရေးဖြစ်ခဲ့ပါတယ်။

ကျနော်ခရီးထွက်လာတာရန်ကုန်ကနေ မော်လမြိုင်ကားဝင်းအထိ ဘာအခက်အခဲအစစ်အဆေးမှမရှိခဲ့ပါဘူး။ မော်လမြိုင်ကားဝင်းကထွက်ပြီး မုဒုံရောက်သည်နှင့် မှတ်ပုံတင်စစ်ဆေးရန်ဆိုပြီး ဂိတ်စခန်းတွေအများကြီးကျနော်ရင်ဆိုင်ခဲ့ရပါတယ်။ ဂိတ်ရောက်သည်နှင့်မိမိပိုင်မှတ်ပုံတင်ကိုကိုင်ဆောင်ပြီး တယောက်ချင်းလမ်းလျှောက်အစစ်အဆေးခံရပါတယ်။

စစ်ဆေးသည့်မှာ ကျနော့်ရဲ့မှတ်ပုံတင်ကိုယူပြီးစစ်ဆေးပါတယ်။ စစ်ဆေးတဲ့အဖွဲ့တွေဟာ စစ်တပ်အုပ်စု၊ ရဲတပ်ဖွဲ့အုပ်စု၊ မီးသတ်အုပ်စု၊ ပြည်သူ့စစ်အုပ်စု၊ ကြံ့ဖွံ့အုပ်စု၊ စတဲ့အဖွဲ့တွေအားလုံး စစ်ဆေးကြပါတယ်။ ပြီးတော့ ခင်ဗျားဘယ်ကိုသွားမှာလည်းဆိုတော့ ကျနော်ကမြိတ်ကိုသွားလည်မလို့ပါလို့ ပြောတော့ဘာကိစ္စလဲ၊ ဘာသွားလုပ်မှာလဲ၊ ဘယ်သူ့အိမ်လဲ၊ ဘယ်ရပ်ကွက်လဲ၊ အိမ်နံပါတ် ဘယ်လောက်လဲ ဆိုပြီး ကျနော့်ကို စကားစစ်တိုက်တော့တာပါပဲ။ မေးခွန်းတွေကများလာတော့ ကျနော်လည်း ဘာဖြေရမှန်းမသိတော့ပါဘူး။ ခရီးဝေးကလည်း မသွားဘူးတာကြောင့် အထစ်ထစ်အငေါ့ငေါ့တွေနဲ့ ဖြေနေမိချိန်မှာ ဗိုလ်ကြီးအဆင့်ရှိတဲ့သူက ကျနော့်ကိုပြောတယ်....ခင်ဗျားခရီးဆက်သွားလို့မရဘူး၊ ဒီနေရာကနေ လာရာအရပ်ကိုလှည့်ပြန်ပါ၊ မပြန်ဘူးဆိုရင် ခင်ဗျားကိုထိန်းသိမ်းထားရမှာပဲဆိုပြီး ခြိမ်းခြောက်စကားနဲ့ပြောလာပါတယ်။ ကျနော်လည်းလမ်းခရီးထဲမှာဆိုတော့ ဘာလုပ်ရမှန်းမသိဘဲထိုင်ငိုချင်စိတ်ပေါက်သွားခဲ့ပါတယ်။ ဒါနဲ့ကားသမားကို ဘာလုပ်ရမလဲမေးကြည့်တော့ "ညီငယ်ခဏနေဦး၊ အကိုသွားညှိကြည့်ဦးမယ်"ဆိုပြီးကားသမားထွက်သွားတယ်။ ပြီးတော့သူတို့ချင်း ဘာပြောလိုက်တယ် ကျနော်မသိလိုက်ဘူး၊ ကားသမားကကျနော့်နားပြန်လာပြီး "ညီငယ် အိုကေပဲ တဲ့၊ မင်းရေသန့်ဗူးဝယ်လိုက်ရင်အဆင်ပြေတယ်"လို့ပြောတယ်။ ဟုတ်ကဲ့ဆိုပြီး ကျနော်ဝယ်လိုက်တယ်။ ၅၀ ကျပ်တန်ရေသန့်ဗူးတဗူးကို ၁၀၀၀ ကျပ်(တထောင်ကျပ်)ပေးပြီး ကျနော်ဝယ်ခဲ့ရတယ်။ ပြီးမှကားထွက်၍ခရီးဆက်ခဲ့ရပါတယ်။

ဒီလိုလမ်းခရီးတလျှောက်မှာ စစ်ဆေးရေးစခန်းတိုင်းမှာ ထိုကဲ့သို့အခက်အခဲတွေကြုံတွေ့ခဲ့ရပြီး မြိတ်မြို့ကိုရောက်တော့ ကျနော့်မှာခရီးဆက်သွားဖို့ငွေကြေးမရှိတော့ဘဲ အလုပ်မရှိ၊ နေစရာမရှိ၊ စားစရာမရှိတဲ့ဘဝကိုရောက်ခဲ့ရပါတယ်။ "ကံဆိုးမ သွားရာမိုးလိုက်လို့ရွာ" ဆိုသလို ဒုက္ခအမျိုးမျိုးနဲ့ကြုံတွေ့ခဲ့ရပါတယ်။ ကူညီမယ့်သူပေါ်လာလို့ မြို့သစ်ပိုင်းအင်းလေးကန်မှာ ကြိမ်၊ မီးသွေးထမ်းတဲ့အလုပ်ရလို့ လမ်းစရိတ်ကလေးစုပြီး ကျနော်ဟာကော့သောင်၊ ရနောင်းမရောက်ဘဲ မြဝတီမှတဆင့်မဲဆောက်မြို့ကို ရောက်ရှိလာခဲ့ပါတယ်။

ကျနော်တင်ပြချင်တာကတော့ ကျနော်တို့မြန်မာနိုင်ငံအတွင်းမှာ မြန်မာနိုင်ငံသားကဒ်ကိုကိုင်ဆောင်ထားပါလျက် လွတ်လပ်တဲ့ မြန်မာနိုင်ငံအတွင်းမှာဘာကြောင့် လွတ်လွတ်လပ်လပ်သွားလာခွင့်မပေးသလဲ၊ ပြီးတော့ငွေပေးရင်ဘယ်နေရာမဆို လွတ်လွတ်လပ်လပ်သွားလာခွင့်ရှိသလားဆိုတာတွေကို စာဖတ်ပရိတ်သတ်များသိစေရန် ကျနော်တင်ပြလိုက်ပါတယ်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ရေးသားတင်ပြရာတွင် ကျနော့်အနေနှင့် ရေးသားဖူးခြင်းမရှိသည့်အတွက် မိုးကြိုးသတင်းစဉ်မှ လိုအပ်သောစာသားများကိုလိုသလိုထည့်သွင်း၍မလိုဘဲပိုနေသောစာသားများကိုထပ်မံဖြည့်စွက်ပေးပါရန် အကြံပြုလိုက်ပါတယ်။

**မောင်ခရီးသွား**
**(ပဲခူးမြို့)**

# မိုးသက်လေနှင်

**ခင်ကုံ့ကော်နွေတန်ခူး**

ဒီနေ့ ၂၁-၉-၂၀၀၁။ ရာသီဥတုကအေးတော့ အနွေးစက်ဖွင့်ထားတယ်။ မနေ့က Suto Sanလာတော့ ကျမရဲ့အိမ်ကအဝတ်တွေလျှော်ပေးထားတယ်လို့ ပြောပါတယ်။ လျှော်ပြီးရင် လက်ရှည်အင်္ကျီလေးတွေ နောက်အပတ်အင်္ဂါနေ့ သူယူလာပေးမယ်လို့ ပြောပါတယ်။ သူ့ကျေးဇူးကြောင့်စောင်တထည်ထပ်ရတယ်။ ၂၀-၉-၂၀၀၁နေ့က Suto San(လှလှဝင်း) နဲ့ Yuki San (စန်းစန်းအေး) တို့နှစ်ဦးလာတယ်။ ကျမကိုတွေ့တော့ မျက်ရည်ကျကြတယ်။ အော်....ဂျပန်အစိုးရရဲ့ ဥပဒေဘောင်ထဲကနေတဲ့လူတွေ ဒီဥပဒေရဲ့ပုဒ်မတခုရဲ့အရေးယူပြီး အကျဉ်းချခံနေရတာကို ဂျပန်အမျိုးသမီးနှစ်ဦးကတွေ့တော့ မျက်ရည်ကျကြတယ်။ ကျမဘယ်လိုခံစားရမလဲ။ ဂျပန်အစိုးရကအရေးယူတယ်။ ဂျပန်လူမျိုးနှစ်ဦးကအရေးယူခံရတဲ့လူအတွက် မျက်ရည်ကျကြတယ်။

ကျမကို ၁၂-၉-၂၀၀၁နေ့ Jujo Immigration Office ကိုမသွားဖို့ အလုပ်များလို့ဆိုပြီး ကျမမန်နေဂျာကတားပါတယ်။ သူကဆက်ပြောပါတယ်။ ၈-၉-၂၀၀၁ နေ့က မိုးသက်လေနှင်ပြီး မုန်တိုင်းကျနေတာတောင် မင်းနေတဲ့ Chiba ကနေ (၁)နာရီကျော်ကြာအောင် မင်းမဖြစ်ဖြစ်အောင်လာတယ်၊ ၁၂-၉-၂၀၀၁ နေ့ဟော်တယ်မှာအလုပ်များတယ်၊ မင်းမသွားပါနဲ့တဲ့၊ ကျမက တောင်းပန်တယ်။ ဒီနေ့ရက်ချိန်းပေးထားလို့ပါလို့။ ဟိုရောက်တော့ ထောင်ထားတဲ့ဂွင်ထဲကိုဝင်သွားတော့တာပဲ။

Managerက မိုးသက်လေပြင်းကျနေတယ်လို့ပြောတော့ ကျမနေတဲ့ဟော်တယ်ရဲ့(၁၁)ထပ်ကနေ ပင်လယ်ဘက်ကိုကြည့်မိတယ်။ အဲဒီမုန်တိုင်းကျတဲ့နေ့က ပင်လယ်တခုလုံးကိုရေးရေးပဲမြင်ရတယ်။ ဟော်တယ်ရဲ့အရှေ့ဘက်မှာရှိတဲ့မြစ်ကြီးကတော့ တဝေါဝေါနဲ့ဒေါသူပုန်ထနေတယ်။ ဟော်တယ်အနောက်ဖက်က(၄၄)ထပ်မြင့်တဲ့ Triton Square အဆောက်အဦးကြီးသုံးခုကတော့ လေဒဏ်မိုးဒဏ်ကိုကြံ့ကြံ့ခံနေရတယ်။ လမ်းတလျှောက်အလှစိုက်ထားတဲ့ပန်းရုံလေးတွေ၊ သစ်ပင်တွေကတော့တယိမ်းနွဲ့နွဲ့နဲ့။ ကျိုးတာလဲကျိုး၊လွင့်တာလဲလွင့်။ မုန်တိုင်းကျနေစဉ်မှာမဆီမဆိုင်ကိုစောငြိမ်းရဲ့မိုးသက်လေနှင်သီချင်းကို ကြားယောင်မိတယ်။ အိပ်ရာပေါ်မှာလှဲနေရင်း မိုးသက်လေနှင်သီချင်းကိုစိတ်ထဲမှာငြီးမိတယ်။ (အနောက်တောင်ဆီကရွာမလိုဟန်ပြင် မိုးသက်မုန်တိုင်း....ရှစ်မျက်နှာရွာမလိုလိုပင်.... အော်....ဘယ်ရှစ်ခွင်မင်းလွင်ရွာမယောင်နဲ့....ဘယ်ရွှေ့ဖြစ်အင်....မြင်လာပါကွယ်....ချစ်တဲ့သူရဲ့ရင်ခွင်၊ အပြစ်မဲ့သူရဲ့ဖြစ်အင်....ဒီမိုးမှောင်တုန်း မောင်ပုန်းပါစေရှင်၊ တကိုယ်ရေထဲမို့ဖြေမရှင်....မိုးသက်လေနှင်)။ သီချင်းက (ရတာလည်းရှိသလို၊ မရတာလည်းရှိပါတယ်)။ ဒါပေမယ့်(၂၅)ပေပတ်လည်အခန်းထဲမှာ တနေ့ပြီးတနေ့သာကုန်သွားတယ်။ ပြင်ပမှာ မိုးသက်လေကငြိမ်ပြီး ရာသီစက်ဝန်းကဆောင်းရဲ့သဘာဝကိုဆောင်နေပြီး ကျမတို့တတွေမှာတော့ မိုးသက်လေကရင်ထဲမှာနှင်နေတုန်းဘဲ။ ဘယ်တော့မှ ကျမတို့အေးငြိမ်းမလဲ။

ကိုယ်ကိုယ်တိုင်ခံစားရတာကိုကျော်ပြီး ကိုယ့်မိသားစုထဲပြန်ကြည့်မိပါတယ်။ ရေ၊ မီး၊ တီဗွီ၊ အိပ်ရာ၊ စောင်၊ ခေါင်းအုံး၊ အစားအသောက်၊ ဆေး၊ အဝတ်လျှော်ပေးတာကိုယ့်မှာ ပိုက်ဆံရှိရင် Juice, Apple, Milk, Nivea, Writing Pad,Curry Cup, Onion Soup, Biscuit အစစဝယ်နိုင်ပါတယ်။ မြန်မာပြည်က ထောင်လိုအနံ့အသက်၊ သံမန်တလွင်းပေါ်၊ ဝဲ၊ ယာနား၊ ဒက်ပေါက်တာမရှိပါဘူး။ ဒါပေမယ့် (၇)နှစ်နီးပါး အဖမ်းခံနေရတဲ့သားအပေါ်မှာသူဘယ်လိုများခံစားနေရမလဲ၊ ခံနိုင်ရည်ရှိပါ့မလားလို့အမြဲပဲတွေးပူမိတယ်။ ခံစားနေရတဲ့ကိုယ့်ဝေဒနာကိုမေ့လိုက်တယ်။ သားအတွက်ပဲပူနေမိတယ်။ ကိုယ့်မိသားစုမှာလည်း မုန်တိုင်းကထန်လို့ပါပဲ။ သားရောကျမပါ အခန်းထဲမှာပိတ်လှောင်ခံနေရတယ်။ ဒါပေမယ့်စိတ်အတွေးတွေကကျယ်ပြန့်နေတယ်။ ကျမ အလိုလားဆုံးကတော့ လွတ်လပ်မှုပါပဲ။

ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို စဉ်းစားကြည့်မိပြန်ပါတယ်။ အလွန်မှပင်မာနကြီး၊ စိတ်ကြီးဝင်ပြီးခက်ထန်တဲ့ စစ်အစိုးရအောက်မှာတိုင်းပြည်ကရှိနေတုန်းပဲ။ ကျမတို့တိုင်းပြည်ရဲ့မိုးရာသီက မေလမှ အောက်တိုဘာလ အထိ၊ (၆)လနီးပါးပဲ။ မိုးနဲ့ပတ်သက်ပြီး ရွာလိုက်တဲ့မိုးလို့ လူတွေကအပြစ်မတင်ကြဘူး။ မိုးရာသီကိုအများဆုံးရတဲ့နိုင်ငံ၊ စိမ်းလန်းတဲ့မြေ၊ မြရောင်ကမ္ဘလာခင်းတဲ့ပြည်၊ အစိမ်းရောင်မြေလို့တင်စားကြတယ်။ မိုးရဲ့ဒဏ်ကိုကြံ့ကြံ့ခံကြပါတယ်။ မိုးနဲ့ပတ်သက်ပြီး ဒေါ်လှရွှေ(ဘီအေ)၊ (နိုင်ငံခြားရေးဌာနကဦးဇော်ဝိတ်ရဲ့ဇနီး)ရဲ့ မိုးဒေဝါကိုသတိရမိပါတယ်။ ရှမ်းပြည်မှာဒေါ်စောမြအေးကြည်က စော်ဘွားကတော်ဘဝနဲ့ရှိစဉ် မိုးသဲသဲမဲမဲရွာတာကိုကြည့်ပြီး မိုးဒေဝါကိုသီကုံးခဲ့တာပါ။ နောက်ဒေါ်လှရွှေကို လက်ထပ်သင်ပေးခဲ့တာပါ။ နောက်တဆက်တည်း မိုးသက်လေနှင်လို၊ ကိန္နရီကိန္နရာချောင်းခြားရတဲ့ ကိန္နရီချောင်းခြားသီချင်းဟာလည်း ဒေါ်လှရွှေရဲ့ ကျော်ကြားခဲ့တဲ့သီချင်းတပုဒ်ပါပဲ။ မိုးသက်မုန်တိုင်းကြောင့် တကွဲစီဖြစ်ရတဲ့ ကိန္နရာမောင်နှံအကြောင်းကို ပုံမှာသီချင်းနဲ့ ကိုမင်းသူကလည်းဆိုနဲ့ပြန်ပါတယ်။ "တညဝေးတာကိုပင်ရက်ပေါင်း ခုနှစ်ရာဆွေးရတယ်တဲ့.... မောင့်မှာခင်နဲ့ဝေးရတာတော့ကြာပါပြီကောကွယ်"။ ကျမမှာ သားသမီးခင်ပွန်းတွေရှိရာ ကိုယ့်တိုင်းပြည်နဲ့ဝေးရတာ(၈)နှစ်ရှိပါပြီ။ "ဖြေနိုင်ပေါင်"ပတ်ပျိုးထဲကလိုဖြစ်နေပါပြီ၊ နောက်ကွယ်လွန်သူ စန္ဒယားလှထွင့်ရဲ့ 'မိုးပုလဲပန်းသီချင်း'ကလည်း မိုးကိုအပြစ်မမြင်ဘဲရွာစမ်းပါမိုးဆိုပြီးဖိတ်ခေါ်ခဲ့ပြန်ပါတယ်။ ကျမရဲ့ဇာတိနယ်မြေပြည်ကပြည် နဝဒေးရဲ့အလွမ်းကလည်း မိုးနဲ့စခဲ့ပြန်ပါတယ်။ "မိုးဒေဝါရိုက်ခတ်ဆော်ကျူး၊ ဝဿန်ဦးမှာပူနွေးရစ်နှစ်၊ ငှါ့မှာမဖြေသာ၊ ဆယ်ကျော်သက်ကကြင်ခဲ့ရတာ၊ ရွှေရင်သိမ်းသစ်၊ မြနှစ်သူဇာ၊ စည်းကြက်တောင်၊ စည်းနှောင်ထုံး၊ တုဖက်မမြင်သာ၊ ငယ်ကျွမ်းဆွေ၊ နှမ်းလျော့မိခင်၊ နှောင်းသည့်ဘဝင်မှာ၊ လွမ်းဓာတ်ခံပြင်းတင်းမခံသာ၊ ဘဝင်မောင့်မှာ ဖြေရေးခက်လေတာ...."ဆိုတဲ့စာသားကို စန္ဒယားထွန်းညွန့်ကဆိုခဲ့တာကို သတိရပြန်လာတာပါပဲ။ စစ်နဲ့စခဲ့တာက စစ်နဲ့ပဲဆုံးခဲ့တာမို့အဖြေကတော့သုညပါပဲ။ တိုင်းပြည်မှာအဖြေမထွက်သေးပါဘူး။

> **ကျမတို့နိုင်ငံကိုလက်နက်မိုး၊ ကျဉ်ဆံမိုး၊ အာဏာမိုး၊ ပါဝါမိုးတွေနဲ့ခြိမ်းခြောက်အုပ်စိုးနေတာ မိုးသက်လေနဲ့အတူပါပဲရှင်။ ဆယ်မိုး၊ ဆယ်နွေ၊ ဆယ်ဆောင်းမကတော့ပါဘူး...**

ဂျပန်ပြည်မှာလူထုက တိုင်းပြည်ရဲ့စားဝတ်နေရေးကို ရာနှုန်းပြည့်အောင်မြင်ရမယ်ဆိုပြီး စီမံကိန်းချဆောင်ရွက်နေပါတယ်။ နှင်းတွေတဖွဲဖွဲကျနေပေမယ့် ပလပ်စတစ်ရုံကြီးတွေဆောက်ပြီး သီးနှံတွေစိုက်ကြတယ်။ နှင်းထုထပ်ကျလို့လမ်းတွေပိတ်သွားတာ၊ လုပ်ငန်းတွေရပ်သွားတာမရှိပါဘူး။ ချီတက်မြဲချီတက်လျက်ပါ။ ကျမတို့နိုင်ငံမှာလည်း ခုဆိုရင် မိုးနှောင်းရာသီကိုရောက်လာပြီ။ စပါးပင်တွေဟာ လေနှင့်အတူလေယူရာတိမ်းပြီးယိမ်းကနေကြပြီ။ သီတင်းကျွတ်လဆိုရင် အနောက်တောင်လေကနည်းသွားတော့ မိုးသက်လေမနှင်တော့ဘဲ ဘင်္ဂလားပင်လယ်အော်ကတဆင့် အိန္ဒိယသမုဒ္ဒရာဆီပြန်ကြတော့မယ်။ ရေကန်များမှာ နံ့ထဲကပွင့်လာမယ့်ကြာပန်းတွေဟာခုဆိုဖူးငုံဆဲပေါ့။ အိန္ဒိယသမုဒ္ဒရာထဲမှာလှိုင်းလေငြိမ်ပြီး သန္တာရှိတဲ့မိန်းကလေးတဦးလို ရေပြင်ဟာလှိုင်းကြပ်ခွပ်ကလေးတွေက တသိမ့်သိမ့်ရှိနေတော့မယ်။ မိုးသက်လေနှင်လာပေမယ့် တချိန်မှာကျမတို့နိုင်ငံကိုနှုတ်ဆက်ပြီးနေရပ်ဆီပြန်ကြတာပါပဲ။ ကျမတို့နိုင်ငံမှာလည်းအမြဲအာဏာမိုးမရွာသလို ပါဝါလေကလည်းအမြဲမနှင်နေနိုင်ဘူးလို့ မျှော်လင့်မိပါတယ်။ မိုးရယ်ပြန်ပါဦး၊ လေရယ်ပြန်ပါဦး။ ကျမတို့နိုင်ငံရယ် ငြိမ်းချမ်းလာပါဦး။ ■

# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် နအဖ တိုက်ပွဲသတင်းများ



**၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကေအဲန်ယူ နယ်မြေအတွင်း ဖြစ်ပွားခဲ့သောတိုက်ပွဲများ။**

၂၊ ၁၂၊ ၂၀၀၁ ရက်နေ့တွင်ဟွေးရှမ်းရွာကြား ပြောက်ကျားပစ်ခတ်ရာ ဒီကေဘီအေ ၂ ယောက်သေ၊ ၁ ယောက်ဒဏ်ရာရ။ ပစ္စတို ၁ လက်၊ ၎င်းကျည် ၁၃၀၊ မိုင်း ၁ လုံး၊ လက်ပစ်ဗုံး ၁ လုံး၊ စက်တိုင်တို ၂ ချောင်း၊ ဟေးမားစက် ၁ လုံး ကိုသိမ်းဆည်းရမိခဲ့သည်။

၎င်းရက်တွင်ပင် သက္ကာရ ဂွင်တွင် ခမရ ၃၁၀ ကိုပြောက်ကျားပစ်ခဲ့ရာ ရန်သူ ၁ယောက် ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။

၃၊ ၁၂၊ ၂၀၀၁ ရက်နေ့ ည ၁၂း၁၄ နာရီတွင် ဒီကေဘီအေကို တောအုပ်ချောင်းဘေး ဝင်ရောက်ပစ်ခတ်ရာ ရန်သူ ၁ ယောက် ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။

၈၊ ၁၂၊ ၂၀၀၁ ရက်နေ့တွင် ကေအင်ယူ ရင်း(၁၀၁) မှ ခမရ (၃၆၀)အား သံပုရာရွာအနီးပြောက်ကျားပစ်ခတ်ရာ ရန်သူ ၂ ယောက်သေဆုံးပြီး ၁ ယောက်ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။

ကေအင်ယူ ရင်း(၂၁)မှ ဒီကေဘီအေအား ထီးပယ်ရွာအနီးပြောက်ကျားပစ်ခတ်ရာ ဒီကေဘီအေ ၄ ယောက်သေဆုံးပြီး ရွာသား ၁ ယောက်ပါသေဆုံးကြောင်းသတင်းရရှိသည်။

၁၁၊ ၁၂၊ ၂၀၀၁ ရက်နေ့တွင်ကေအင်ယူ ရင်း(၁၉)၊ ကေအင်ဒီအို ရင်း(၅)၊ တပ်မဟာ အထူးလုံခြုံရေးတပ်ဖွဲ့၊ကျောင်းသားတပ်မတော် တပ်ရင်း(၈)ပူးပေါင်းအဖွဲ့တို့က ဒီကေဘီအေ ရင်း(၃)အား ကပ်ဝေါ်ရွာတွင်ဝင်ရောက် တိုက်ခိုက်ရာ နံနက် (၀၆း၃၅ မှ ၁၄း၀၀)နာရီအထိ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒီကေဘီအေ ၂ ယောက်သေဆုံးပြီး၊ ၃ ယောက်ဒဏ်ရာရရှိသွားသည်။ အေအာ ၁ လက်၊ ၎င်းကျည် ၄၀ တောင့်၊ ဘောက် ၄ ချပ်၊ အေကေ ၁ လက်၊ ၎င်းကျည် ၆၀ တောင့်၊ ဘောက် ၃ ချပ်၊ ၇၉(မမ) ၁ လက်၊ ၎င်းကျည် ၁၆ လုံး၊ ၉(မမ) ပစ္စတို ၁ လက်၊ ၎င်းကျည် ၃၁ တောင့်၊ လက်ပစ်ဗုံး ၅ လုံး၊ ရှေ့ထွက်မိုင်း ၁ လုံး၊ ကြိုး ၁ ခွေ၊ စကားပြောစက် တူးဂျီ ၁ လုံး၊ အီကွေးမင့် ၃ စုံ၊ ကျောပိုးအိပ် ၇ လုံး၊ ယူနီဖောင်း ၇ စုံ၊ ပုခက် ၈ လုံး၊ ဂျီသရီးကျည် ၈၀၊ ကာဘိုင်ဘောက် ၆ချပ်၊ စစ်ဖိနပ် ၅ ရံ၊ လက်ပတ်နာရီ ၂ လုံး၊ ရေဘူး ၂ လုံး၊ ဦးထုတ် ၅ လုံး၊ စက်တိုင် ၂ ချောင်း၊ ဒန်အိုး ၅လုံး၊ ပန်းကန်ပြား ၁၆ ချပ်၊ ဇွန်း ၁ ချောင်း၊ မိုင်းရှင်းကိရိယာ ၁ ခု၊ ဒါး ၁ လက်၊ ဘူဒိုဇာ ၁ စီး၊ ရိန်းဂျား ၁ စီး၊ ဆယ်ဘီးကား ၁ စီး သိမ်းဆည်းရမိခဲ့ကြောင်းသတင်းရရှိသည်။

၁၃၊ ၁၂၊ ၂၀၀၁ ရက်နေ့တွင်တပ်မဟာ(၇)အထူးလုံခြုံရေးတပ်မှ ခလရ(၁၄) စစ်ကြောင်းအား သက္ကာရဂွင်တွင်ခြုံခိုတိုက်ခိုက်ခဲ့ရာ ဗိုလ်မှူး ၁ ဦး၊ ဒု–ခွဲမှူး ၁ ဦး၊ အရာခံဗိုလ် ၁ ဦး၊ အပါအဝင် ရန်သူ ၅ ဦးသေဆုံးပြီး တကက ၁ ဦး၊ ဒု–တက ၁ ဦးအပါအဝင် ၄ ဦးဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။

၎င်းရက် (၁၄း၀၀)နာရီ ခလရ (၁၄) နှင့် တိုက်ပွဲထပ်ဖြစ်ရာ ရန်သူ ၂ ယောက်ဒဏ်ရာရရှိသွားပြန်ကြောင်းသတင်းရရှိသည်။

၁၄၊ ၁၂၊ ၂၀၀၁ ရက်နေ့(၀၂း၀၀) နာရီတွင် ကေအင်ယူ ရင်း(၁၉)၊ ကေအင်ဒီအို ရင်း (၅)၊ တပ်မဟာ(၇)အထူးလုံခြုံရေးတပ်၊ ကေအင်ယူ ရင်း(၁၀)ပူးပေါင်းအဖွဲ့တို့က ဒီကေဘီအေကုက္ကိုစခန်းအား ဝင်ရောက်တိုက်ရာ ဒီကေဘီအေ ၂၁ ယောက်သေဆုံးပြီး ၄ ယောက် ဒဏ်ရာရရှိသွားသည်ဟုသတင်းရရှိပါသည်။ ကေအင်ယူမှ (၅)ယောက်ဒဏ်ရာရရှိခဲ့ပြီး ၁ ယောက်သေဆုံးခဲ့သည်။ သေနတ် ၁ လက် ဆုံးရှုံးပြီး ရန်သူထံမှအေအာကျည် ၃၀၀တောင့်၊ ဘောက် ၃ ချပ်၊ အီကွေးမင့် ၂ စုံ၊ ယူနီဖောင်း လေးစုံ၊ ကျောပိုးအိပ် ၃ လုံး၊ မှန်ဘီလူး ၁ လက်၊ ကင်မရာ ၁ လုံး၊ စစ်ဖိနပ် ၃ ရံ၊ လက်ပစ်ဗုံး ၁ လုံး၊ စက်တိုင်တို ၂ ချောင်း၊ ဒါးရှည် ၁ လက်၊ ဘက်နက် ၁ ချောင်း သိမ်းဆည်းရမိခဲ့ကြောင်းသတင်းရရှိသည်။

၁၆၊ ၁၂၊ ၂၀၀၁ ရက်နေ့တွင် ကေအင်ယူ ရင်း(၁၉)နှင့် ဒီကေဘီအေရင်း(၃) တို့ ကနေးဖောရွာတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီကေဘီအေ ၂ ယောက်ဒဏ်ရာရသွားကြောင်း သတင်းရရှိသည်။

၁၉၊ ၁၂၊ ၂၀၀၁ ရက်နေ့ (၂၄း၀၀) နာရီတွင် ကေအင်ယူမှ ဒီကေဘီအေအား မယ်ကွီးလူတွင်ပြောက်ကျားဝင်ရောက်ပစ်ခတ် ဒီကေဘီအေ ၁ ယောက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

၂၀၊ ၁၂၊ ၂၀၀၁ ရက်နေ့တွင် ကေအင်ယူမှ ဒီကေဘီအေအား ဝမင်းကျိုးတောင်ခြေတွင် ခြုံခိုတိုက်ခိုက်ရာ ဒီကေဘီအေ ၁ ယောက် ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

၂၁၊ ၁၂၊ ၂၀၀၁ ရက်နေ့တွင်နံနက်ပိုင်း ဝမင်းကျိုးတောင်ခြေတွင် ပြောက်ကျားစောင့်ပစ် ဒီကေဘီအေဘက်မှ ၁ ယောက်ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။

၎င်းနေ့ (၀၈း၂၇)နာရီ အချိန်တွင် ထပ်မံတိုက်ပွဲဖြစ်ပွားရာ ဒီကေဘီကေဘက်မှ ၁ ယောက် ထပ်မံဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

၎င်းနေ့ နေ့လယ်ပိုင်း (၁၁း၅၀)အချိန်တွင်လိုဘောနှင့်ဖားကလူးရွာကြား ထပ်မံပြီး တိုက်ပွဲ ၂ ပွဲဖြစ်ပွားရာ ဒီကေဘီအေ ၄ ယောက် ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။

၎င်းနေ့ (၁၉း၄၅)အချိန်တွင် မော်ဝါးထဲ၌ခလရ(၃၅)နှင့်တိုက်ပွဲဖြစ်ပွားရာ (ခလရ၃၅) မှဒုတက(၁)ယောက်နှင့်အရာခံဗိုလ်(၁)ယောက် ဒဏ်ရာရသွားကြောင်း သတင်းရရှိသည်။

၎င်းရက်မှာပင်လိုဘောနှင့်သိပေါ်ကျူးကြားတွင်တိုက်ပွဲတပွဲနှင့် ဖားကလူးနှင့်သေ့ပေါ်ကျူးကြားတွင် တိုက်ပွဲတပွဲဖြစ်ပွားခဲ့သည်။ သေဆုံးဒဏ်ရာရရှိမှုမသိရသော်လည်း မိမိဘက်မှ ထိခိုက်ကျဆုံးမှုမရှိကြောင်း သတင်းရရှိသည်။ ကေအဲန်ယူမှ၎င်းနေ့တွင်ဒီကေဘီအေကို လေးဘိုးကလိုးချောင်းအနီး ပြောက်ကျားစောင့်ပစ်ရာ ဒီကေဘီအေဘက်မှ ဒုခွဲမှူး ၁ ဦး သေဆုံးသွားကြောင်းသတင်းရရှိသည်။

၂၂၊ ၁၂၊ ၂၀၀၁ ရက်နေ့(၁၂း၀၀) အချိန်တွင်ဒီကေဘီအေ နယ်မြေရှင်းအဖွဲ့နှင့် တောနော့လူးတောင်ခြေတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ ဒီကေဘီအေဘက်မှ ၁ ယောက်သေဆုံးပြီး ဒုခွဲမှူး ၁ ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

၂၃၊ ၁၂၊ ၂၀၀၁ ရက်နေ့(၀၇း၀၀) အချိန်တွင် ဝမင်းကျိုးတောင်ခြေတွင်ဒီကေဘီအေနှင့်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းနေ့(၀၈း၄၅) အချိန်တွင် ထပ်မံဖြစ်ပွားရာ ဒီကေဘီအေဘက်မှ ၂ ယောက် ဒဏ်ရာရရှိသွားပြီး ကေအဲန်ယူဘက်မှ ထိခိုက်မှုမရှိကြောင်းသတင်းရရှိသည်။

၎င်းနေ့တွင်ပင် ကေအင်ယူ ရင်း(၂၁) နှင့် ဒီကေဘီအေ ရင်း(၅၅၅)တို့ ဝမိကလားအနီးတွင်ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့ရာ တိုက်ပွဲမှာ (၃၅)မိနစ်ခန့်ကြာခဲ့ပြီး ဒီကေဘီအေ ၂ ဦး ဒဏ်ရာရရှိသွားပြီး ကေအင်ယူဘက်မှ (၁)ဦး ဒဏ်ရာရရှိခဲ့ကြောင်းသတင်းရရှိသည်။

၂၄၊ ၁၂၊ ၂၀၀၁ ရက်နေ့(၀၁း၀၀) နာရီအချိန်တွင် ကလေးဘိုချောင်းအနီးတွင် ဒီကေဘီအေ ကိုပြောက်ကျားစောင့်ပစ်ရာ ဒီကေဘီအေဘက်မှ ၂ ယောက်ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။ ၎င်းနေ့တွင်ပင်(၁၂း၀၀)နာရီအချိန်တွင် ဒီကေဘီအေ နှင့် မယ်ပလော်ဝါးခီးရွာအနီး၌ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီကေဘီအေ ၁ ဦးဒဏ်ရာရသွားသည်။ (၁၆း၂၀)နာရီတွင် သစ်ညှာအူးပွရွာတွင် ဒီကေဘီအေ ကို ထပ်မံခြုံခိုတိုက်ခိုက်ရာ ဒီကေဘီအေဘက်မှ ၂ ဦးသေဆုံးပြီး ကေအဲန်ယူဘက်မှ ထိခိုက်ကျဆုံးမှုမရှိခဲ့ကြောင်းသတင်းရရှိသည်။

၂၆၊ ၁၂၊ ရက်နေ့(၁၃း၀၀)နာရီအချိန်တွင် ကေအဲန်ယူနှင့်ဒီကေဘီအေတို့ မယ်ပလဲ့ဂွင်၌ တိုက်ပွဲ ၂ ကြိမ်ဖြစ်ပွားရာ ဒီကေဘီအေဘက်မှ ၄ ယောက်သေဆုံးပြီး ၂ ယောက်ဒဏ်ရာရရှိသွားသည်။ ကေအဲန်ယူမှ ၂ ယောက်ကျဆုံးကြောင်းသတင်းရရှိသည်။

၂၇၊ ၁၂၊ ၂၀၀၁ ရက်နေ့(၁၀း၀၀)တွင် ကေအဲန်ယူမှ ဒီကေဘီအေကို မော်ပုဒေးဂွင်တွင် ခြုံခိုတိုက်ခိုက်ရာ ဒီကေဘီအေဘက်မှ ၁ ယောက်သေဆုံးသွားကြောင်းသတင်းရရှိသည်။ ၎င်းနေ့မှာပင် ကေအင်ယူ ရင်း(၂၁) မှ ဒီကေဘီအေရင်း(၉၉၉)အား ထီးမော်ခီးရွာအနီးခြုံခိုတိုက်ခိုက်ရာ မိနစ်(၂၀)ခန့်တိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ ဒီကေဘီအေဘက်မှ ၂ ဦးသေဆုံးပြီး ၅ ဦးဒဏ်ရာရသွားခဲ့သည်။ ၎င်းတိုက်ပွဲဖြစ်ပွားရာတွင်ရွာသား ၁ ဦးသေဆုံးခဲ့ပြီး ကေအင်ယူဘက်မှလည်း ၁ ဦးကျဆုံးကြောင်း သတင်းရရှိသည်။ ၎င်းတိုက်ပွဲတွင် ရန်သူထံမှ ၂ လက်မ စိန်ပြောင်း ၁ လက်၊ ၎င်းကျည် ၁၀ တောင့်၊ အေအာ ၁ လက်၊ ၎င်းကျည် ၂၀၀ တောင့်၊ ဘောက် ၃ ချပ်၊ အာပီဂျေ–၇ ကျည် ၈ တောင့်၊ ပို့ယမ်း ၈ ချောင်းနှင့် ရှေ့ထွက်မိုင်း ၆ လုံးသိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

၎င်းနေ့မှာပင် အရပ်သားတဦးက ခမရ ၅၄၉ ထံမှ အမ်အေ ၄ စက်လတ်တလက်နှင့် ဘောက်ဝိုင်း ၁ ချပ်၊ ၎င်းကျည် ၆၀ တောင့်၊ လုယူထွက်ပြေးပြီး ကေအင်ယူ ရင်း(၁၉)တွင် လာရောက်အပ်နှံခဲ့ကြောင်းသတင်းရရှိသည်။

၂၈၊ ၁၂၊ ၂၀၀၁ ရက်နေ့တွင်ရန်သူ လယ်ပဟဲ ကိုလက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သော်လည်းထိခိုက်မှုမရှိခဲ့ကြောင်း သတင်းရရှိသည်။

၂၉၊ ၁၂၊ ၂၀၀၁ ရက်နေ့(၁၂း၃၀) နာရီတွင် ကေအဲန်ယူတပ်များနှင့်ရန်သူ ခမရ (၁၀၁)တို့ နောင်ဘိုဂွင်တွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူဘက်မှ ဒု–တက ၁ ဦး ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။ ■

# နိုင်ငံတော်အတွင်း ငြိမ်းချမ်းရေးရရှိနေပါပြီဟုပြောသည့် နအဖ စစ်တပ်နှင့် ရဲမိသားစုများအား လက်နက်ကိုင်ရန်အမိန့်ထုတ်

နအဖစစ်အုပ်စုသည် နိုင်ငံတော်၌ မကြုံစဖူးလောက်အောင် ငြိမ်းချမ်းရေးရရှိနေပါပြီဟု နိုင်ငံတကာတွင် အဆက်မပြတ် ပြောဆိုနေသော်လည်း၊ လက်တွေ့တွင် စစ်တပ်အင်အားကို အလွန်အမင်း တိုးချဲ့နေရုံမျှမက ယခုအခါ စစ်သားနှင့်ရဲမိသားစုများကိုပါ တိုးချဲ့လက်နက်တပ်ဆင်လာနေကြောင်း ပြည်တွင်းမှလာသော သတင်းများအရ သိရှိရသည်။

စစ်တပ်အတွင်းရှိ စစ်သားမိန်းများနှင့် အသက် (၁၈)နှစ်အထက် မိသားစုဝင်များအားလုံးနိုင်ငံတော်လုံခြုံရေး အရံအင်အားစုထဲဝင်ရမည်ဖြစ်ကြောင်း စစ်ရုံးချုပ်ကအမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ရဲတပ်ဖွဲ့ကိုလည်း အဆိုပါအမိန့်အတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၈–၁–၂၀၀၂ နေ့က ညွှန်ကြားစာထုတ်ပြန်ခဲ့သည်ဟုသိရသည်။

အဆိုပါအမိန့်ကို ၈–၁–၂၀၀၂ နေ့တွင် ပြုလုပ်သည့် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးတွင်ပြဌာန်းခဲ့ပြီး နိုင်ငံတဝှမ်းလုံးရှိခရိုင်မြို့နယ်နှင့် ကျေးလက်ရဲစခန်းများတွင် အမိန့်အတိုင်းအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု သိရှိရသည်။

ယခုအခါ အိမ်ထောင်ရှင် ရဲဇနီးများနှင့် (၁၈)နှစ်အထက် သားသမီးများအား သတင်းထောက်လှမ်းရေးသင်တန်း စည်းရုံးရေးသင်တန်း၊ လက်နက်ငယ် ကျွမ်းကျင်မှုသင်တန်းများ စတင်သင်ကြားပေးနေပြီး၊ သင်တန်းပြီးစီးပါက ၎င်းတို့ကို နိုင်ငံတော်လုံခြုံရေး အရံအင်အားအဖြစ် သတ်မှတ်ပေးမည်ဖြစ်ကြောင်း ပြည်တွင်းမှလာသော သတင်းများအရသိရှိရသည်။ ■

# မြန်မာ့အရေးရတက်မအေးဖွယ် ရှိနေဆဲဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးမှတ်တမ်း၌ ဖော်ပြခံရ

အမေရိကန်နိုင်ငံတွင် အခြေစိုက်သည့် Human Rights Watch ခေါ် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၁ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံအကြောင်း စာမျက်နှာ ၄ မျက်နှာကို အသေးစိတ်ရေးသား ဖော်ပြထားကြောင်း ဇန်နဝါရီ(၁၇)ရက်နေ့က ထုတ်လွှင့်သည့် DVB သတင်းတရပ်တွင်ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် ၂၀၀၁ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေး အခြေအနေမှာ ပြောင်းလဲလာမည့် မျှော်လင့်ချက် အရိပ်အရောင်များရှိခဲ့သော်လည်း နှစ်ကုန်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသား အနည်းငယ် ပြန်လွှတ်ပေးခြင်းနှင့်သာပြီးဆုံးခဲ့ရကြောင်း အစီရင်ခံစာ၌ဖော်ပြထားသည်ဟု သိရသည်။

အစီရင်ခံစာ၌ ၂၀၀၁ခုနှစ်အတွင်း မြန်မာစစ်တပ်သည် နိုင်ငံရေးလှုပ်ရှားသူများအပေါ် ဖိနှိပ်ချေမှုန်းနေမှုများ ဆက်လက်ကျူးလွန်ဆဲဖြစ်ပြီး နိုင်ငံတဝှမ်းလုံး၌လည်း လူ့အခွင့်အရေးချိုးဖေါက်နေဆဲဖြစ်ကြောင်းနှင့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ NLD ထိပ်ပိုင်းခေါင်းဆောင် သတင်းစာဆရာကြီး ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသား ၁၀၀၀ ကျော်တို့ကို စစ်အကျဉ်းထောင်များအတွင်း ဆက်လက်ဖမ်းဆီးထားဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင်လွှတ်ရက်စေ့နေသည့်နိုင်ငံရေးအကျဉ်းသား(၅၀)ကိုလည်း ပြန်လွှတ်ပေးခြင်း မရှိသေးဘဲ၊ အရေးပေါ် အက်ဥပဒေအပါအဝင် လုံခြုံရေးဥပဒေပုဒ်မများကို နိုင်ငံရေးဖိနှိပ်မှုများအတွက် ဆက်လက်အသုံးချနေဆဲ ဖြစ်သည်ဟု ထိုအစီရင်ခံစာက ဖော်ပြထားသည်။

၂၀၀၁ခုနှစ်အတွင်း စစ်အကျဉ်းထောင်များ၌ နိုင်ငံရေးအကျဉ်းသား ၄ ဦးသေဆုံးခဲ့ရပြီး၊ နိုင်ငံရေးအကျဉ်းသားအများစုမှာလည်း ကျန်းမာရေးအခြေအနေ ဆိုးရွားစွာခံစားနေရကြောင်းနှင့် နိုင်ငံအတွင်းမတည်ငြိမ်မှုများကြောင့် မြန်မာနိုင်ငံသား တသိန်းကျော်တို့မှာအိမ်နီးချင်းနိုင်ငံများ၌ဆင်းရဲပင်ပမ်းစွာ ရပ်တည်နေရပြီး နယ်စပ်တလျှောက် တောတောင်ဒေသအနှံ့အပြားတွင်လည်း သောင်းနှင့်ချီရှိသော အိုးမဲ့အိမ်မဲ့ တိုင်းရင်းသားလူမျိုးစုများ ပြေးလွှားပုန်းအောင်းနေထိုင် နေကြရသည်ဟု အဆိုပါမှတ်တမ်း၌ ဖော်ပြပါရှိကြောင်း သိရသည်။ ■

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ဒုတိယအကြိမ်ညီလာခံ အောင်မြင်စွာကျင်းပပြီးစီး ဆွေးနွေးပွဲအစစ်အမှန်ဖြစ်ပေါ်ရေး ကျရာအခန်းမှပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ဒုတိယအကြိမ်ပါတီညီလာခံကို ထိုင်း–မြန်မာ နယ်စပ်တနေရာ၌ ဇန်နဝါရီ(၁၀)ရက်နေ့၌ စတင်ကျင်းပခဲ့ရာ ဇန်နဝါရီ(၁၈)ရက်နေ့တွင် အောင်မြင်စွာကျင်းပပြီးစီးသွားပြီဖြစ်ကြောင်း သတင်းများရရှိသည်။

ထိုညီလာခံသို့ ဒေသအသီးသီးမှ ပါတီညီလာခံကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့ကြောင်းသိရှိရပြီး ညီလာခံ၌လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာ နိုင်ငံရေး အခြေအနေနှင့် ပါတီဆိုင်ရာကိစ္စများကိုဆွေးနွေးခဲ့ကြကာ ကြေညာချက်တစောင်ကိုလည်း ထုတ်ပြန်ခဲ့ ကြောင်းလည်းသိရသည်။




**ညီလာခံသဘာပတိများ**

အဆိုပါကြေညာချက်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖစစ်အစိုးရတို့ကြား စစ်မှန်သောနိုင်ငံရေးဆွေးနွေးပွဲတရပ် ဖြစ်ပေါ်လာရေးအတွက် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေးရန်၊ NLD အပါအဝင် နိုင်ငံရေးပါတီအားလုံး လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပြုရန်၊ တိုင်းရင်းသားဒေသများ၌ ပြုလုပ်နေသော နအဖတပ်များ၏လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ထိုးစစ်အားလုံးရပ်ဆိုင်းရန်၊ တတိုင်းပြည်လုံးအပစ်အခတ်ရပ်စဲရေး ကြေညာရန်တို့အပြင် အချက်ပေါင်း (၉)ချက် ပါဝင်ကြောင်းသိရှိရသည်။

ထို့အပြင်လူ့ဘောင်သစ်ပါတီအနေဖြင့်လည်း စစ်မှန်သောနိုင်ငံရေး ဆွေးနွေးပွဲတရပ် ဖြစ်ပေါ်လာရေးအတွက် လူမျိုးစုံပြည်သူများနှင့်အတူ ကျရာအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်သွားမည်ဟု ဖော်ပြထားကြောင်း သတင်းများရရှိသည်။ ■

# နအဖအနေဖြင့် အတိုက်အခံများအပေါ် လေးလေးစားစား ဆက်ဆံပါမှ ဆွေးနွေးပွဲအစစ်အမှန်ဖြစ်မြောက်လာနိုင်မည်ဟု KNU မှထုတ်ဖော်ပြောဆို

ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ နအဖနှင့် ပူးပေါင်းကာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သင့်ပြီဖြစ်ကြောင်း စစ်အုပ်စု၏အာဘော်ကိုဖော်ပြသည့် မြန်မာ့အလင်းသတင်းစာတွင် (၈–၁၂–၂၀၀၂)နေ့၌ ထည့်သွင်းဖော်ပြခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါသတင်းစာတွင်ပါရှိသည့် ဆောင်းပါးတပုဒ်၌ ဆောင်းပါးရှင်တဦးက နအဖစစ်အုပ်စုသည် ကေအင်န်ယူနှင့် ဆွေးနွေးပွဲများပြုလုပ်ရန်အတွက် ထာဝရတံခါးဖွင့်ထားကြောင်း၊ အချိန်မရွေးပြန်လာ၍ မိမိတို့ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ပါကြောင်း ထည့်သွင်းရေးသားထားသည်ဟု သိရှိရသည်။

ထိုဆောင်းပါးနှင့်ပတ်သက်၍ ကရင့်အမျိုးသားအစည်းအရုံးအထွေထွေအတွင်းရေးမှူးပဒိုမန်းရှာကို ဒီမိုကရက်တစ်မြန်မာ့အသံက ဆက်သွယ်မေးမြန်းခဲ့ရာတွင် ၎င်းက“မိမိတို့သည် ၁၉၉၆ ခုနှစ်က နအဖနှင့်အလေးအနက်ထားဆွေးနွေးခဲ့ကြကြောင်း၊ သို့ရာတွင် (၄)ကြိမ် မြောက်ဆွေးနွေးအပြီး နအဖမှမိမိတို့အားလက်နက်ကိုင်လမ်းစဉ်စွန့်၍ ဥပဒေဘောင်အတွင်းမဝင်ရောက်ပါက ဆက်လက်မဆွေးနွေးနိုင်ကြောင်း အကြောင်းပြကာ ဆွေးနွေးပွဲကို တဖက်သတ်ရပ်စဲခဲ့ကြောင်း၊ မိမိတို့ကလည်း လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ရေး ဆိုသည်ကို လက်မခံနိုင်ကြောင်း၊ ဒါဟာ.... နအဖစစ်အုပ်စုက မိမိတို့ကိုစစ်အာဏာရှင်အုပ်ချုပ်မှုအောက် သွတ်သွင်းတာသာဖြစ်ကြောင်း၊ ယခု ဥပဒေဘောင်အတွင်းမှာရှိသည့် NLD အပါအဝင် နိုင်ငံရေးပါတီများအားလုံး လွတ်လွတ်လပ်လပ် ဘာမှမလုပ်နိုင်သည်ကို မိမိတို့အသိဖြစ်ကြောင်း နအဖကိုပြန်လည်ပြောပြခဲ့သည်” ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့သို့ ဆွေးနွေးပွဲပျက်ပြားခဲ့ပြီးနောက် နှစ်ကာလအတော်ကြာမှ ဆွေးနွေးပွဲကိစ္စကမ်းလှမ်းလာပြန်ရာ ထိုကိစ္စအပေါ် ပဒိုမန်းရှာက.... ယခုကိစ္စသည် နအဖအပေါ် အများကြီးမူတည်ကြောင်း၊ KNU နှင့် နအဖ ဖြစ်စေ၊ NLD နှင့် နအဖ ဖြစ်စေ၊ Triple Type Dialogue ဖြစ်စေမည်သည့်အဖွဲ့အစည်းများနှင့်မဆို ဆွေးနွေးပွဲအစစ်အမှန်ဖြစ်လာရေးမှာ နအဖအပေါ်အများကြီးမူတည်ကြောင်း၊ နအဖအနေဖြင့် သဘောထားမှန်မှန်ကန်ကန်နှင့် အတိုက်အခံများအပေါ် လေးလေးစားစားဆက်ဆံပြီး ဖြစ်ပေါ်နေသည့်ပြဿနာများ အပေါ်ဆွေးနွေးသည့်နည်းနှင့် ဖြေရှင်းမည်ဟု စိတ်ဆုံးဖြတ်ချက်ချနိုင်မှသာ တကယ်ဖြစ်လာနိုင်မှာဖြစ်ကြောင်း၊ သို့ရာတွင်ယနေ့အထိ မိမိတို့ကြည့်ရသည်မှာ နအဖစစ်အုပ်စုသည် ထိုသို့လက္ခဏာမျိုးမတွေ့ရသေးကြောင်း၊ ယခုလည်းမိမိတို့ကို အပြင်းအထန်စစ်ဆင်နေကြောင်း ဆွေးနွေးမည်ဆိုပါက စစ်ဆင်နေမှုများကို ရပ်ဆိုင်းပစ်သင့်ကြောင်း DVB အသံလွှင့်ဌာန၏ဆက်သွယ်မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။

ထို့အတူ မကြာမြင့်မီကာလက ကရင်နီအမျိုးသားတိုးတက်ရေးပါတီကိုလည်း နအဖစစ်အုပ်စုကငြိမ်းချမ်းရေးကိုယ်စားလှယ် တဖွဲ့စေလွှတ်၍ ဆွေးနွေးပွဲပြုလုပ်ရန်ကမ်းလှမ်းခဲ့ရာ အဆိုပါကိစ္စနှင့်ပတ်သက်၍ KNPP အထွေထွေအတွင်းရေးမှူး ဦးရီမွန်ထူးကိုလည်း DVB ကဆက်သွယ်မေးမြန်းခဲ့သည်။ ၎င်းက မိမိတို့သည် ၁၉၉၅ ခုနှစ်ကတကြိမ် အပစ်အခတ်ရပ်စဲခဲ့ဖူးကြောင်း၊ များမကြာမီ အဆိုပါသဘောတူညီချက်မှာ ပျက်ပြားခဲ့ရကြောင်း၊



**ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာ**



**ကေအဲန်ပီပီအထွေထွေအတွင်းရေးမှူး ဦးရီမွန်ထူး**

ယခုတဖန် နအဖက ကိုယ်စားလှယ်များ စေလွှတ်၍ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရန်ကမ်းလှမ်းလာခဲ့ကြောင်း၊ ပထမတွင် မြို့နယ်စုကိုယ်စားလှယ်(၃၀)ခန့်နှင့် တွေ့ဆုံဖို့တောင်းဆိုထားသဖြင့် မိမိတို့အနေဖြင့် ကြိုဆိုပါသည်ဟု အကြောင်းပြန်ကြားထား ကြောင်း၊ ပြည်သူများနှင့်တွေ့ဆုံပြီး နောက်တဆင့်အနေဖြင့် ၎င်းတို့နှင့်တွေ့ဆုံဆွေးနွေးဖို့ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နအဖနှင့်တွေ့ဆုံဆွေးနွေးရာတွင် တတိုင်းပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်အခတ်ရပ်စဲရေးမျိုးရှိမှသာလျှင် လက်ခံဆွေးနွေးမည်ဟုဆုံးဖြတ်ထားကြောင်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။ ■

# ရှန်းရင်းကန်ရင်း ရင်ဆိုင်ရင်း ရန်ကင်းမြို့နယ် NLD ရုံးဖွင့်လှစ်နိုင်ခဲ့ပြန်ပြီ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရုံးဖွင့်ပွဲအခမ်းအနားကို ၂၀၀၁ ခုနှစ် အောက်တိုဘာ(၇)ရက်နေ့က နအဖစစ်အုပ်စု၏ ပိတ်ပင်တားဆီးမှုများကိုကျော်လွှား၍ ကျင်းပပြုလုပ်နိုင်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ NLD ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့်ဗဟိုကော်မတီဝင် ဦးစိုးမြင့်တို့တက်ရောက်ခဲ့ကြောင်း သတင်းများ၌ ဖော်ပြပြီးဖြစ်သည်။

ထို့အတူ ရန်ကင်းမြို့နယ် NLD အဖွဲ့ဝင်များနှင့် ပြည်သူလူထု(၃၀၀)ကျော်တို့ကလည်း တက်ရောက်အားပေးခဲ့ကြကြောင်းသိရှိရပြီး အခမ်းအနားဖွင့်ပွဲအထိမ်းအမှတ် အဖြစ် အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌဦးတင်ဦးက မိန့်ခွန်း အမှာစကားပြောကြား ခဲ့ကြောင်းသိရသည်။

အဆိုပါနေ့တွင်ပင် ရန်ကင်းမြို့နယ် NLD အဖွဲ့ဝင်များက သံဃာတော်အရှင်သူမြတ်တို့ အား ရုံးခန်းဖွင့်လှစ်သည့်အနေဖြင့် ဆွမ်းကပ်အလှူဒါန ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

**(ပုံတွင် အခမ်းအနားကျင်းပနေသည့် မြင်ကွင်းကို အမှတ်တရ တွေ့ရစဉ်)**




**မိုးကြိုးသတင်းစဉ်(၃)နှစ်မြောက်အမှတ်တရ လွတ်လပ်ရေးနေ့အထူးထုတ်စာမျက်နှာပါဝင်သည်။**

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

မိုးမခ သတင်းစဉ် အမှတ် (၂၇)


# ကျွန်ုပ်တို့အတွက်ရွေးချယ်စရာ

**အထူးသဖြင့် လူငယ်များသည် နိုင်ငံလွတ်လပ်ရေးနှင့် ပတ်သက်၍ ဆင်ခြင်သုံးသပ်ရန်**

၁၉၉၇ ခုနှစ်၊ ဇန်နဝါရီ (၃) ရက်နေ့တွင် အိန္ဒိယနိုင်ငံပြည်နယ်တခု၌ကျင်းပသည့် နိုင်ငံတကာအစည်းအဝေးသို့ပေးပို့ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာမှ ကောက်နှုတ်ဖော်ပြသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှတ်တမ်းလွှာ(၄/၉၀)မှ**

တွေ့ဆုံဆွေးနွေးရေးဟာ အရေးအကြီးဆုံးကိစ္စပါလို့ သတင်းစာရှင်းလင်းပွဲတခုမှာ ကျမပြောခဲ့ပါတယ်။ ဆွေးနွေးတာကိုကျမတို့လိုလားပါတယ်။ ယဉ်ကျေးတဲ့ လူသားဆန်စွာလုပ်ဆောင်ချက်လို့ ယုံကြည်လက်ခံပါတယ်။ စိတ်စေတနာ သန့်သန့်ရှင်းရှင်းနဲ့ပဲ တွေ့လိုပါတယ်။ ဘာပေးမှ ညာပေးမှတွေ့မယ်လို့ မပြောပါဘူး။ အခြေအနေကို ဆွေးနွေးမယ်၊ ညှိနှိုင်းမယ်၊ အားလုံးအတွက်အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ရမလဲလို့ ဆုံးဖြတ်ကြမယ်။ အကောင်းဆုံးအဖြေရအောင်ပေါ့။ ကျမတို့ဟာ ပြေလည်မှုရှာချင်လို့ နားလည်မှုရှာချင်လို့ ဆွေးနွေးတိုင်ပင်ပါလို့ ကျမပြောတာပါ။ နိုင်ငံရေးပြဿနာတွေအားလုံး ဖြေရှင်းနိုင်ဖို့အတွက်မှာ နိုင်ငံရေးပါတီတွေနဲ့ အာဏာပိုင်တွေကြားမှာ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်မှသာ ဖြစ်ပါလိမ့်မယ်။

**ဒေါ်အောင်ဆန်းစုကြည်**



မိမိတို့နိုင်ငံသားများကို ကိုလိုနီနယ်ချဲ့ အုပ်ချုပ်ရေးလက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းလှုပ်ရှားမှုများ၏ အမျှော်အမြင်ကြီးမား သော ခေါင်းဆောင်များအနေဖြင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရှိရေးသည် အစိုးရကောင်းတခု ပေါ်ထွန်းရေးကို ဦးတည်သည့် ပထမဆုံး လိုအပ်ချက်၊ အဆင့်တခုမျှသာဖြစ်သည်ဟု နားလည်ကြသည်။ နှစ်ဆယ်ရာစုနှစ်၏ကုန်ဆုံး ခါနီးတွင် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်း ၌ လွတ်လပ်ရေးရခဲ့ကြသည့် တိုင်းပြည်များ သည် မိမိတို့၏နိုင်ငံကိုထူထောင်ခဲ့ကြသည့် အနှစ် ငါးဆယ်မြောက် အချိန်အခါသမယဆီသို့ ချဉ်း ကပ် လာပြီးဖြစ်သည်။

ယခုအခါတွင် စစ်မှန်သောအစိုးရကောင်း တခုဖြစ်ထွန်းပေါ်ပေါက်လာရေးနှင့်ပတ်သက်၍ မည်မျှခရီးရောက်နေသည်ကို ဆင်ခြင်သုံးသပ် ကြရမည့် အချိန်သို့ရောက်နေပါပြီ၊ အစိုးရကောင်း မရှိသည့် နိုင်ငံတခုသည် လွတ်လပ်၍ဖွံ့ဖြိုး တိုးတက်လျက်ရှိနေသော ကမ္ဘာ့အလည်တွင် ဝင့်ထည်စွာနေရာယူနိုင်မည်မဟုတ်ပေ။

နိုင်ငံအများအပြားသည် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ကို ထူထောင်ခဲ့ကြပြီးသည့်နောက်တွင်မှ တိုင်းတပါးလူမျိုးခြား၏ စိုးမိုးအုပ်ချုပ်မှုကိုခံခဲ့ ကြရစဉ်ကာလကထက် မိမိတို့နိုင်ငံသားများ၏ အခွင့်အရေးများနှင့်လွတ်လပ်မှုတို့ပိုမိုကန့်သတ် ခြင်းခံရသည်ကိုကြုံကြရ၏။ ကိုယ်ပိုင်အုပ်ချုပ်ရေး ရသည်နှင့်အစိုးရကောင်းတခု ဖြစ်ပေါ်လာမည် ဟု အသေအချာမတွက်ဆနိုင်သည်မှာဝမ်းနည်း စရာကောင်းသည့် အမှန်တရားဖြစ်ပေသည်။

အစိုးရကောင်းဟူသည် နိုင်ငံရေးစနစ် တခု၏ရလဒ်သက်သက်မဟုတ်ပါ။ အစိုးရကောင်း တခုပေါ်ပေါက်ရန်အရေးမှာ လူမှုအဖွဲ့အစည်း တရပ်အတွင်း အခြေခံတန်ဘိုးထားမှုများနှင့် ခွဲခြား၍ မရနိုင်လောက်အောင် တသားတည်း ဆက်စပ်နေပါသည်။ နိုင်ငံတခုကို ပြန်လည် တည်ဆောက်ရာတွင် လူ့တန်ဘိုးကိုမြင့်မား တိုးတက်လာအောင်စွမ်းဆောင်နိုင်ခြင်းမရှိလျှင် လွတ်လပ်ရေးဆိုသည်မှာ နိုင်ငံသားများအဖို့ ပိုမိုပြီးပြည့်စုံသည့်ဘဝ ရပ်တည်ရှင်သန်ရေးဟု သတ်မှတ်လို့ရနိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံ တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရာစုနှစ်တဝက် တိုင်အောင်ရရှိနေပြီးဖြစ်သော်လည်း အစိုးရ ကောင်းဖြစ်ရေးဟူသည့်မျှော်လင့်ချက်က မပီပြင် သည့်အနာဂတ်မှာ ဘယ်ဆီဘယ်ဝယ်မျှော်မှန်း လို့မရနိုင်လောက်အောင် ဝိုးတဝါးရှိနေဆဲပင် ဖြစ်ပြီးတိမ်သလာဖုံးလွှမ်းနေသည်။

"အမှန်တကယ်တော့စံထားရမည့်အစိုးရ ဆိုတာ စိုးမိုးအုပ်ချုပ်မှုအနည်းဆုံးဖြစ်ရမယ်၊ ပြည်သူလူထုဘာတခုမှ လုပ်ပိုင်ခွင့်ချန်မထားတာ ကို ကိုယ်ပိုင်အုပ်ချုပ်ရေးလို့မခေါ်ဘူး၊ ဒါဟာငါတို့ လက်ရှိအဆင့်အတန်းအတိုင်းထိမ်းသိမ်းစောင့်ရှောက် ခံအဆင့်ပဲ"ဟုဂန္ဒီကြီးကရေးသားခဲ့ဖူးပါသည်။

အထက်ပါစာသားကို ၁၉၂၅ ခုနှစ်တွင် ရေးသားခဲ့သော်လည်း မြန်မာနိုင်ငံ၏လက်ရှိ အခြေအနေများနှင့်များစွာ ဆီလျော်နေပါသည်။ သို့သော် ယနေ့စစ်အုပ်ချုပ်ရေးအောက်တွင် ရောက်ရှိနေရပြီး မိမိတို့၏ကိုယ်ပိုင်အစိုးရအဖွဲ့ထဲ တွင်ဝင်ရောက်တာဝန်ယူရန် အခန်းကဏ္ဍဆို၍ ဘာတခုမှအပ်နှင်းခြင်းမခံရသောစစ်အစိုးရအောက် တွင် ပြားပြားဝပ်ဝပ်နေရသည်။ ကျမတို့မြန်မာ နိုင်ငံသူ နိုင်ငံသားများ၏ အခြေအနေကိုရှင်းလင်း ဖော်ပြရာတွင်"ထိမ်းသိမ်းစောင့်ရှောက်ခံထားရ သည်"ဟူသောစကားကို အသုံးပြုခြင်းသည် မပျော့လွန်းပေဘူးလားဟု မေးခွန်းထုတ်နိုင်ပါသည်။ လွတ်လပ်ရေးရခဲ့သည်မှာ လေးဆယ့်ကိုးနှစ်ကြာ မြင့်ခဲ့ပြီဖြစ်သော်လည်း ကျမတို့တတွေမှာ အချုပ် အနှောင်ခံနေရသည့် နိုင်ငံတခုဘဝမှာပင်ရှိနေပါ သေးသည်။

အသိဉာဏ်နှင့်စိတ်ဓါတ်တို့လွတ်လပ်မှုမရှိ လျှင် အမှန်တကယ်လွတ်လပ်မှုဟူသည်ရှိနိုင်မည် မဟုတ်ပေ။ ပြည်သူလူထု၏အသိဉာဏ်နှင့်စိတ်ဓါတ် တို့အပြည့်အဝဖွံ့ဖြိုးရှင်သန် လာနိုင်သည့်အနေ အထားတခုသို့ ရောက်ရှိလာနိုင်စေရန် ပြုစုပျိုး ထောင်ပေးရေးသည် တာဝန်ရှိခေါင်းဆောင်လုပ် သူများ ထမ်းရွက်ရမည့်ဝတ္တရားပင်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် မိမိတို့၏ အရေးပါ အရာရောက်မှု ဂုဏ်သိက္ခာအပေါ်ယုံကြည်စိတ်ချ မှုများ၊ တိုးပွားလာစေရန် ပံ့ပိုးပေးနိုင်မှသာလျှင် ကိုယ်ပင်အုပ်ချုပ်ရေးဆိုသည်မှာ အဓိပ္ပာယ်ရှိပေ မည်။ ခြိမ်းခြောက်ခြင်း၊ ဖိနှိပ်ချေမှုန်းခြင်းခံရပြီး မိမိတို့၏ဘဝအနာဂတ်အရေးကို ဖန်တီးပိုင်ခွင့် မရှိရရှာသောပြည်သူလူထုမျိုးကို ပေါ်ပေါက်စေ သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးမျိုးသည် အသက်သွေး ချွေးမြောက်မြားစွာ စွန့်လွှတ်အနစ်နာခံပေးဆပ်ပြီး မှ ရခဲ့သောလွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားမှုကို သစ္စာဖောက်သည့် အုပ်ချုပ်ရေးသာလျှင်ဖြစ်ပေ သည်။

အမိနိုင်ငံတော်လွတ်မြောက်ရေးအတွက် မိမိတို့၏ကောင်းကျိုးချမ်းသာနှင့် အကောင်အထည် ဖော်ကြရန်မှာ နောင်လာနောက်သားမျိုးဆက် အဆင့်ဆင့်ထိုတို့၏ တာဝန်ဝတ္တရားတရပ်ဖြစ်သကဲ့သို့ အထူးအခွင့်အရေးတရပ်လည်းဖြစ်နေပေသည်။ ကိုလိုနီနယ်ချဲ့စနစ်ကို ဆန့်ကျင်တွန်းလှန်ဖြိုဖျက်ခဲ့ ကြသူများထက်၊ ယနေ့လူငယ်များ ထမ်းရွက်ကြ ရမည့် လုပ်ငန်းဆောင်တာများက ပို၍ခက်ခဲသည် ဟု ပြောနိုင်ပါသည်။

တိုင်းတပါးလူမျိုးခြားကို ဦးတည်ဆန့်ကျင် ရသည့် ရုန်းကန်မှုများတွင် ပြဿနာမှာပြတ်သား ရှင်းလင်းလှပါသည်။ သို့သော်မျိုးတူ လူမှုအသိုက် အဝန်းတခုတည်းအတွင်းရှိ အပြုသဘောမဆောင် သော အင်အားစုများကိုဦးတည်ဆန့်ကျင်ရသည့် ရုန်းကန်ကြိုးပမ်းမှုများတွင်မှုသံသယများ၊ စိတ်ရှုပ် ထွေးစရာများတဖြည်းဖြည်းစိမ့်ဝင်လာတတ်ပါသည်။

ထို့ကြောင့်ပို၍ပျော်ရွှင်ဘွယ်ကောင်းသော

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၂၇)

ကမ္ဘာတခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်နေကြသောလူငယ်ထုအနေဖြင့် မိမိတို့လူ့ဘောင်အဖွဲ့အစည်း၏ တန်ဘိုးထားမှုများနှင့်အတူ မိမိတို့၏ကိုယ်ပိုင်ရည်ရွယ်ချက်အကြောင်းရင်းခံတို့ကို စဉ်ဆက်မပြတ် ပြန်လှန်သုံးသပ်ရန်လိုအပ်လှပေသည်။ အမြဲတစေဆင်ခြင်သုံးသပ်ခြင်းသာလျင် ကျွန်ုပ်တို့၏လွတ်လပ်မှုကိုမည်ကဲ့သို့ ထိမ်းသိမ်းကာကွယ်စောင့်ရှောက်ပြီးမည်ကဲ့သို့အကောင်းဆုံးအသုံးချနိုင်မည်ဆိုသည်တို့ကို နားလည်သဘောပေါက်နိုင်ပေမည်။

လွတ်လပ်ခြင်းဆိုသည်မှာ ရွေးချယ်ပိုင်ခွင့်ထင်ဖြစ်သည်၊ လွန်ခဲ့သော ရာစုနှစ်ဝက်က အသက်ရှင်နေထိုင်သူများနှင့်စာလျင် ယနေ့ခေတ်လူငယ်များမှာ ရွေးချယ်စရာနယ်ပယ်ပို၍ကျယ်ပြန့်လာသည်မှန်မှန်ကန်ကန်ရွေးချယ်ရေးသည် အလွန်ပင်အရေးကြီးလှ၏။ ကျဉ်းမြောင်းသော တကိုယ်ရေအကျိုးစီးပွားအတွက်သာ ပျော်ရွှင်ချမ်းမြေ့မှုပေးသောလမ်းကိုရွေးချယ်မည်လော။ ပွင့်လင်းတဲ့နှလုံးသားနှင့် စာနာစိတ်ကိုအရင်းတည်ပြီး အခြားသူများ၏လိုအပ်ချက် မျှော်မှန်းချက်များကိုဖြည့်ဆည်းပေးရန် ဝိုင်းဝန်းကြမည်လော။ ကြိုက်နှစ်သက်ရာကိုရွေးချယ်နိုင်ပါသည်။

ကျွန်ုပ်တို့မှီတင်းနေထိုင်ကြသော ကမ္ဘာကြီးကိုအခြေအမြစ်ကစ၍ ပြောင်းလဲသွားစေပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကျဉ်းပေးမည့် ရာစုနှစ်တခုတွင် ကျမတို့တတွေပါဝင်ဆင်နွှဲကြရတော့မည့်အချိန်မဝေးတော့ပါ။ နှစ်ဆယ့်တစ်ရာစုနှစ်တွင် လူသားအားလုံးအတွက် ပို၍ကြီးမားသောဘဝလုံခြုံမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုများကို ပေးစွမ်းနိုင်သော ပတ်ဝန်းကျင်တခုဖန်တီးရန်အံ့ဩဘွယ်ကောင်းလောက်အောင် ထူးခြားလှသည့်အခွင့်အလမ်းများပေါ်ပေါက်လာနိုင်ပါသည်။

တချိန်တည်းမှာပင် ထိုခေတ်သည် တရားမျှတနှင့်ကြင်နာသနားတတ်ခြင်း အင်အားစုများကို မှုန့်မှုန့်ညက်ညက်နင်းခြေပစ်ရန် အစွန်းရောက်ရုပ်ဝါဒအား၊ ထင်ရာစိုင်းဖို့ရာလွှတ်ပေးလိုက်သော ကာလတခုလိုဖြစ်သွားနိုင်ပါသည်။ မည်သည့်လမ်းသို့ လိုက်မည်ကို ကျမတို့ ရွေးချယ်ရမည်ဖြစ်ပါသည်၊ ၎င်းတို့ကို အလင်းရောင်ပေး၍ ရှေ့ဆောင်လမ်းပြရန် အနာဂတ်မှာအစဉ်အလာအရကြီးမြတ်သော ခေါင်းဆောင်ကြီးများရှိနေသည့် အချက်သည် အိန္ဒိယနိုင်ငံကလူငယ်များအတွက် ဂုဏ်ယူစရာပင်ဖြစ်ပါသည်။

အကောင်းဆုံးကိုယ်ပိုင်အုပ်ချုပ်ရေးပုံစံနှင့် ပတ်သက်၍ ဂန္ဒီကြီးရဲ့ အဆိုအမိန့်ကို တဖန်ပြန်၍ ကောက်နှုတ်ဖော်ပြရပါလျင်—

“တကယ်စစ်မှန်တဲ့ ဆွာရာ့ဂျ် (ကိုယ်ပိုင်အုပ်ချုပ်ရေး)ဆိုတာလူနည်းစုကလုပ်ပိုင်ခွင့်အာဏာကိုရယူလို့ ဖြစ်လာမှာမဟုတ်ဘူး။ အပ်နှင်းထားတဲ့လုပ်ပိုင်ခွင့်အာဏာကို တလွဲတချော်ဖောက်ဖျက်အသုံးချတာကိုတွေ့ရတာနဲ့အားလုံးကဝိုင်းဝန်းဆန့်ကျင်နိုင်အောင် ချုပ်ချယ်ကန့်သတ်နိုင်ခွင့်ရယူပိုင်ဆိုင်ထားတာကိုခေါ်တယ်။ တနည်းပြောရလျင် လုပ်ပိုင်ခွင့်အာဏာကို စည်းမျဉ်းစည်းကမ်းသတ်မှတ်ပေးပြီး ထိမ်းချုပ်တတ်တဲ့စွမ်းပကားမွေးမြူတတ်လာအောင် ပြည်သူလူထုကို ပညာပေးခြင်းနဲ့ ဆွာရာ့ဂျ်ကိုရယူနိုင်အောင်ကြိုးပမ်းရမှာဖြစ်တယ်”

ဖြူစင်သောကလေးများ၏ အာသာဆန္ဒပြင်းပြသည့် သန္နိဋ္ဌာန်တို့ကိုပိုင်ဆိုင်၍ နှလုံးရည်ပြည်ဝစွာဖြင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းတို့အတွက် မိမိတို့၏ဘဝကို မြုပ်နှံသွားကြသောပုဂ္ဂိုလ်တို့၏အမွေကို ဆက်ခံရသည့်အမျိုးသား၊ အမျိုးသမီးများနှင့်ထိုက်တန်သော နိုင်ငံတော်တခုဖန်တီးရာ၌ ပညာရေးသည် အခရာကျလှပါသည်။

ပညာရေးဟုဆိုရာတွင် သမရိုးကျ ကျောင်းနေခြင်းသက်သက်ကိုသာ ဆိုလိုခြင်းမဟုတ်ပါ။ သိနားလည်ပြီးသား ကိစ္စများကိုသာမက မသိနားမလည်သေးသောကိစ္စရပ်များကိုပါ အောင်မြင်စွာရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်သည့် သတ္တိနှင့်စိတ်ဓါတ်အင်အားပြုစုပျိုးထောင်ပေးခြင်းကိုဆိုလိုပါသည်။ အတိတ်ကို မှန်မှန်ကန်ကန် အကဲဖြတ်သုံးသပ်နိုင်သော အရည်အချင်းနှင့် ပြည့်စုံပြီးလက်ရှိ အခြေအနေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်မှသာလျင် ကျမတို့အတွက်သာမက လာမည့်မျိုးဆက်အဆင့်ဆင့်တို့အတွက်ပါ သဟဇာတဖြစ်မည့်အနာဂတ်ကိုတည်ဆောက်နိုင်ကြမည်ဖြစ်ပါသည်။

ကန့်သတ်နယ်ခြားမျဉ်းများနှင့် ရာစုနှစ်များစွာကိုကျော်လွှားနိုင်သည့် ခိုင်မာလှသောတန်ဘိုးထားလေးစားစရာများရှိပါသည်၊ ကျမတို့ခေတ်ကာလအတွက် ရှာဖွေဖော်ထုတ်ပေးနိုင်သည့် အနှစ်သာရတန်ဘိုးများလည်းရှိနေပါသေးသည်။ ကမ္ဘာကြီးအားမိမိတို့၏ ဘဝနှံနက်ခင်းလန်းဆန်းမှုကို ရောင်ပြန်ဟပ်စေမည့် ပုံသဏ္ဌာန်ပေါ်ပေါက်စေရန် စိတ်အားထက်သန်နေသော လူငယ်ထုအတွက် ဤကဲ့သို့ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းစဉ်သည် စိန်ခေါ်မှုတရပ်ဖြစ်ပါသည်။

လူငယ်များတွင် မိမိတို့လူ့ဘောင်အဖွဲ့အစည်းအတွက် တသသ မှတ်တမ်းတင်ကျန်ရစ်ရလောက်အောင် ဆောင်ရွက်ပေးနိုင်သော ပြိုင်ဘက်ကင်းသည့်အခွင့်အလမ်းများနှင့်ကြုံတွေ့နေရပါသည်။ ထက်သန်ပြင်းပြသော ဆန္ဒတက်ကြွစွာဖြင့် ဤအခွင့်အရေးမျိုးကို လက်မလွတ်တမ်းအမိအရဆုပ်ကိုင်ကြဘို့ လူငယ်များကို တိုက်တွန်းလိုက်ပါသည်။ အခွင့်အလမ်းတွေ လက်လွတ်သွားခြင်းသည် တဦးတယောက်အတွက်သော်လည်းကောင်း နိုင်ငံများ ဆယ်စုနှစ်များနှင့်ချီ၍ ဆုတ်ယုတ်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

ပွင့်လင်းသော နှလုံးသားနှင့်အတူ အကြံသစ်ဉာဏ်သစ်တွေကိုလက်ခံရန် အဆင်သင့်ရှိသော ခံယူချက်များဖြင့် ရာစုနှစ်သစ်ကို မျှော်မှန်းတမ်းတနေကြသော လူငယ်လူရွယ်များသည် မိမိနှင့်မိမိပြည်သူပြည်သားများအတွက်မျှသာမက လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သော ဘဝများတည်ဆောက်ရန် စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ကြသူများဖြစ်ပါသည်။

ကမ္ဘာကြီးသည် ရာစုနှစ်သစ်တခုကို ပြောင်းလဲတော့မည့်အချိန်မျိုးတွင် ဘဝကိုအစပျိုးနိုင်ခြင်းမှာ ကံကောင်းလှပါသည်။ အနာဂတ်ကို လူငယ်များပိုင်ဆိုင်ပါသည်၊ ဤကဲ့သို့ဖြစ်ခြင်းသည်လွန်စွာမှသင့်လျော်ပါသည်။ အိန္ဒိယနိုင်ငံနှင့် ကမ္ဘာတဝှမ်းမှ လူငယ်များကို မင်္ဂလာရှိသော နှစ်သစ်နှင့် ရာစုသစ်မှာ ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေ ငြိမ်းချမ်းသာယာမှုရှိနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**အောင်ဆန်းစုကြည်**

# မိုးကြိုးကဗျာသဝဏ်လွှာ

**တင်မိုး**



မိုးကြိုးသတင်းစဉ်နာယက
ကဗျာဆရာကြီး ဦးတင်မိုး

မြန်မာတွေ သူ့ကျွန်ဘဝရောက်စဉ်က အားတက်ဖွယ်တဘောင်တခုပေါ်ခဲ့ဖူးတယ်။ “အင်းကိုဟသ်ာဆင်းမည်၊ ဆင်းရင်လေးနှင့်ခွင်းမည်၊ ထိုမှဆိုးကို ထီရိုးရိုက်မည်။ ထီးရိုးကို မိုးကြိုးပစ်မတဲ့၊ စာရှိပါသည်”တဲ့။

အဆိုကျော်ရုပ်ရှင်မင်းသား ခင်မောင်ရင်က ‘စကြာသိုက်’သီချင်းဆိုလိုက်တဲ့အခါ တပြည်လုံး ‘ထီးရိုးကို မိုးကြိုးပစ်လတ္တံ့’ ဆိုတဲ့တဘောင်ဟာနယ်ချဲ့ဆန့်ကျင်ရေးစိန်ခေါ်သံဖြစ်လာပါတော့တယ်။

အခုလဲ မိုးကြိုးပစ်သံထစ်ချုန်းညံနေ ပြန်ပြီ။ ‘မင်းဆိုးကို မိုးကြိုးပစ်လတ္တံ့’ဆိုပါလား။ မိုးကြိုးသံဟာ စစ်အာဏာရှင် မင်းဆိုး မင်းညစ်ကို တော်လှန်မယ့်စိန်ခေါ်သံပါ။

မှန်ပါတယ်။ ၁၉၆၂ ခုကစပြီး မြန်မာနိုင်ငံမှာ ဗိုလ်နေဝင်းဆိုတဲ့စစ်အာဏာရှင် ပေါ်ပေါက်ခဲ့တယ်။ မျိုးချစ်အစဉ်အလာနဲ့ မွေးဖွားလာတဲ့တပ်မတော်ကို ခါးပိုက်ဆောင်တပ်အဖြစ် အသုံးပြုပြီး မျိုးချစ်တပ်မတော်အဖြစ်မှ ဖက်ဆစ်လက်ပါးစေ ကြေးစားအကျင့်ပျက်စစ်တပ်အဖြစ် အသွင်ပြောင်းခဲ့တယ်။

အခုဆိုရင် သမိုင်းမလှတဲ့တပ်မတော် ဖြစ်ရပြီ။ ပြည်သူချစ်တဲ့တပ်မတော်အဖြစ်မှ ပြည်သူဆန့်ကျင်၊ ပြည်သူကိုပစ်သတ်တဲ့ တပ်မတော်ဖြစ်ခဲ့ရပြီ။ ယူကျုံးမရ ဝမ်းနည်းဖွယ်ကောင်းစွ။

၁၉၆၀ ပြည့်နှစ်ရွေးကောက်ပွဲနဲ့ ပြည်သူတွေ ရွေးကောက်တဲ့အစိုးရကိုလက်နက်နဲ့ အနိုင်ကျင့် သိမ်းပိုက်ခဲ့တယ်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာလည်း ပြည်သူတွေတခဲနက်တင်မြှောက်လိုက်တဲ့အစိုးရကို အာဏာမအပ်နှင်းဘဲ ဇွတ်အတင်းသိမ်းပိုက်ထားပြန်တယ်။ သမိုင်းမှာ ၂ ကြိမ်တိုင်တိုင်ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့တဲ့စစ်တပ်ဖြစ်တယ်။ ဦးနေဝင်းရဲ့နောက်လိုက်ခွေးအဖြစ်အမွေခံတဲ့ မမှန်ကန်တဲ့စစ်တပ်ဖြစ်တယ်။

ဒီလိုစစ်အာဏာရှင်စနစ်ဆိုးကို မိုးကြိုးနဲ့ပစ်ဖို့လိုအပ်လာပြီ။ ဒါ့ကြောင့် တော်လှန်ရေးရဲဘော်တွေက ‘မိုးကြိုးသတင်းစာ’ ထုတ်ပြီး ကလောင်လက်နက်နဲ့ပစ်ခတ်တာဖြစ်တယ်။ ငါတို့လဲ စစ်တပ်ရဲ့အနှိပ်စက်အညှင်းပန်းခံပြည်သူတွေဖြစ်မယ်။

ငါတို့ပေးအပ်လိုက်တဲ့ အာဏာကို သင်းတို့ကဘာလို့လုယူတာလဲ၊ သင်းတို့ တတွေကို ငါတို့အာဏာအပ်နှင်းခြင်း မဟုတ်။ သို့ပါလျက် သင်းတို့ကမဆီမဆိုင်အာဏာ ကိုသိမ်းပိုက် ဒမြတိုက်ပြီး ဘာလို့စိုးမိုးခွင့်ရှိသလဲ။ ဒီလိုမတရားမှုကို ငါတို့ပြည်သူတွေငုံ့ခံနေရ တယ်။ လက်တုံ့မပြန်နိုင်၊ လက်မှိုင်ချနေရတယ်။ ငါတို့တက်တခေါက်ခေါက်နဲ့ ဒေါသမီးတောက် နေရတယ်။

ငါတို့ပြည်သူတွေရဲ့ ခံစားမှုကို ဖော်ထုတ်ပြီး စစ်အုပ်စုကိုငါတို့ရှုတ်ချချင်တယ်။ ငါတို့ဆန္ဒကိုကိုယ်စားပြုပြီး မိုးကြိုးလက်နက်နဲ့ ပစ်ခတ်ပါလေလော့။

ငါတို့ဖွဲ့တဲ့ကဗျာဟောသည်မှာ....။

**“မျိုးချစ်များသာသမိုင်းကိုဖန်တီးခွင့်ရှိတယ်”**

ရာဇဝင်ပုပ်နဲ့
ဘာဘုရင်လာလုပ်နေရသလဲ။

မင်းတို့မှာ
မျိုးချစ်စိတ် မျိုးချစ်သွေးဆိုလို့
တရွေးသားမျှမရှိ။

မင်းတို့မှာ
အနစ်နာမခံ၊ အညစ်သာသန်၏။

ကိုယ်ကျိုးဆို လက်တဆုံးနှိုက်
မျက်လုံးထိအောင်ခိုက်၏။

ရဲဘော်အချင်းချင်း
လည်ပင်းတက်နင်း
အပင်းဆို့တဲ့နေရာမှာ ကျွမ်းကျင်၏။

ကိုယ့်တက်လမ်းသာ ဟုတ်ပစေ
သူများကို ဒေါက်ဖြုတ်တန်းဖြုတ်
ဒူးတုပ်ရှိခိုး အထိုးခံရခံရ
တရေးနိုးထပြီး ကန်ကန်ကျောက်ကျောက်
ဖနောင့်နဲ့ပေါက် ထင်သလောက်လုပ်ပစေ
လက်အုပ်ချီမပျက်
အရှက်မရှိ သရက်စေ့ကောင်
မျက်နှာပြောင်တွေဖြစ်၏။

ကိုယ်ကျင့်သိက္ခာဆိုလို့
လေးစားစရာလဲမရှိ။

ရိုးသားမှု စံနဲ့တိုင်းတော့
အညာအလှိုင်း အလိမ်အကောက်
ပြောင်မြောက်တဲ့ဝိဇ္ဇာ။

မင်းတို့ဆရာ ဗိုလ်နေဝင်း
မြင်းသမား မိန်းမလိုက်
အချောင်နှိုက်တဲ့ အကောင်စားကို
ငါတို့ အယောင်မှားခဲ့လို့
ငါးပါးမှောက်ခဲ့ရပါရောလား။

ငါးပါးတွင်မက သံဃာစင်ပါမှောက်
စစ်တပ်ဆို ရှံ့လဲရှံ့ ကြောက်လဲကြောက်
သောက်ကျိုးနဲ(နည်း) ရှံ့ရှာပြီး
သမိုင်းနာသွားရခြင်းပါပဲ။

ကမ္ဘာမှာ မြန်မာဆိုတာ
တိုင်းပြည်က သာယာပါရဲ့
စစ်တပ်က မသာ။
မြန်မာပြည်သူတွေဟာ တကယ့်အရိုး
မြန်မာစစ်တပ်က သူခိုး။

အောင်ဆန်း၊ လက်ျာ၊ ဇေယျ၊ ကျော်ဇော
အမျိုးချစ်သော ပြည်ချစ်သောတပ်ရဲ့
မြင့်မြတ်တဲ့ ဂုဏ်ကျက်သရေကို
ဗိုလ်နေဝင်းရဲ့ ခါးပိုက်ဆောင်
လောက်ကောင် တပ်ရယ်လို့
အမှတ်သင်္ကေတ ဖြစ်သွားရတာ
ဘယ့်ကလောက် သမိုင်းနာသလဲ။

မျိုးချစ်သူတွေ သမိုင်းဖန်တီးရင်
လက်ခုပ်တီး ကြိုဆိုမယ်။

အမျိုးမချစ် ကိုယ်ကျိုးချစ်သူတွေ
စစ်တပ်နဲ့ တိုင်းပြည်ကိစ္စ
လုံးဝ ဖန်တီးစွက်ဖက်ပိုင်ခွင့်မရှိ။

တိုင်းပြည်ရဲ့ အကျိုးစီးပွားမှန်သမျှ
ကားယားခွ အပိုင်စီး
စစ်ဗိုလ်ကြီး သူခိုးဓားပြတွေက
အစိုးရလုပ်ပိုင်ခွင့်မရှိ။

ကိုယ်ကျိုးခွတုတ်၊ မနုဿဗီဟ
စားဖားခြနဲ့ ဖိုးသုညတွေ
နိုင်ငံ့အနား၊ တဖဝါးမျှမသီစေနဲ့။

တိုင်းပြည်လဲနာ၊ တပ်မတော်လဲနာတယ်။

မသာ မစင် ဘင်ပုပ်တွေက
ဘာဘုရင်လာလုပ်နေရသလဲ
ရာဇပလ္လင် ခွေးတက်တော့
အရေးပျက်သဟော့။

ဒီလိုဒေသအိုးပေါက်ကွဲပြီး ကာရန်တွေ ပစ်ကြဲလိုက်မိတယ်။ ရေးချင်တာကတော့ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နဲ့ ရှေ့ရှေ့နောက်နောက်တွေးပြီး အေးအေးဆေးဆေး ရေးချင်တာပါပဲ၊ ဒါပေမယ့် စိတ်ဆာပြီး အဖုအထစ်များတော့လဲ မိုးကြိုးပစ်သလိုဖွဲ့မိတာပေါ့။ မိုးကြိုးနဲ့ပစ်ချနိုင်မှ တန်ကာကျတဲ့ လူစားတွေမဟုတ်လား။

တင်မိုး
၁၆၊ ၁၊ ၂၀၀၂

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ် အမှတ် (၂၇)

## အကျဉ်းထောင်တွင်းမှမြေအောက်တော်လှန်ရေး

**မူရင်းစာရေးသူ ဦးခင်မောင်စိုးသည် ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ဇာတိဖြစ်ပြီး ၁၉၅၄ ခု မတ်လဖွားဖြစ်သည်။ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပွားခဲ့သော ဦးသန့်ကျောင်းသားလှုပ်ရှားမှုအပြီး ဖမ်းဆီးခံခဲ့ရသည်။ ယခုဆောင်းပါးမှာ သူ၏ထောင်တွင်းအတွေ့အကြုံတချို့ကိုရေးသားတင်ပြထားခြင်းဖြစ်သည်။ ဦးခင်မောင်စိုးသည် ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်လျက်ရှိပြီး“အာရ်ဖက်(ဖ)အေ”ရေဒီယိုအသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်နေပါသည်။**

ဂဲနည်

အချိန်က ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ။ နေရာက အင်းစိန်အကျဉ်းထောင်။ အဆောင် (၅)၊ အခန်း(၇)။

အေးစိမ့်တဲ့ဆောင်းညရဲ့ လရောင်က အပြင်မှာထိန်ထိန်သာလို့။ လရောင်၏လက်ချောင်းများကား ကျနော်တို့၏ အခန်းတွင်းအထိ အလှမ်းမမီချေ။ အဆောင်ရှေ့အုတ်နံရံကြီးက ကာဆီးနေ၏။ ကြမ်းပြင်သည်ကား နှင်းရိုက်သောဒဏ်ကြောင့် စိုထိုင်းလျက်။ ကျနော်တို့၏ အဆောင်(၅)တွင် စုစုပေါင်းအခန်း(၂၂)ခန်းရှိပြီး အခန်းတခန်းစီ၏ အကျယ်မှာ (၉)ပေ၊ (၇)ပေ၊ အမြင့်(၁၃)ပေသာ။ လေနှင့်အလင်းရောင်အနည်းငယ်မှာ သံတိုင်တပ်ထားသည့်တံခါးမှတဆင့် ကျနော်တို့ထံအလည်လာပေသည်။ အခန်းအတွင်းစုစုပေါင်းလူဦးရေသည် ကျနော်အပါအဝင် သုံးယောက်ရှိ၏။ ထောင်ထမင်း၊ ထောင်ဟင်းနှင့် လေးလအကြာတွေ့ဆုံအပြီး ကျနော်တို့အားလုံးချုံးကျလာကြသည်။ ပုပ်သိုးသောဆန်ကွဲထမင်း၊ လောက်ကောင်နိုးချင်း ငပိနှင့်နံစော်နေသောစွပ်ပြုပ်တို့ကား ကျနော်တို့၏ ထောင်တွင်းနေ့စဉ်အဟာရများပင်တည်း။ နေရောင်နှင့်လည်း တကြိမ်မျှထိတွေ့ခွင့်မရတော့သောကြောင့် ကျနော်တို့၏အသားအရေမှာ ဝါဖျော့ဖျော့အရောင်သို့ပြောင်းလာကြသည်။ မျိုးသန့်မှာ အအေးမိချောင်းဆိုးနေပြီး ထွန်းအောင်ကျော်မှာ တနေ့တခြားပိန်ရှုံ့လာ၏။ ကျနော်လည်း အချိန်ရှိသရွေ့မောမောနေ၏။ ဒီပုံနှင့်မဖြစ်တော့ ကျနော်တို့တခုခုလုပ်ရပေတော့မည်။ နောက်ဆုံး၌ တိတ်ဆိတ်မှုအား ကျနော်ဖြိုခွင်းလိုက်ချေ၏။

“ငါတို့မြေအောက်ဖိုက်တာတွေကို စားမှဖြစ်တော့မယ်”

မြေအောက်ဖိုက်တာဟု ကျနော်တို့ကခေါ်သော ကြွက်ကြီးများကား အဆောင်အတွင်း အတော်များလေသည်။ ထောင်အတွင်းကြွက်များသည် ဆေးပေါ့လိပ်ကဲ့သို့ ဇိမ်ခံပစ္စည်းဖြစ်၏။ ကြွက်အရောင်းအဝယ်ကြောင့်ငွေရှင်နိုင်၏။ သို့ရာတွင် လူတိုင်းထိုစီးပွားရေးတွင်ပါဝင်လာကြပြီဆိုကတည်းက ၎င်းတို့အားရှာဖွေရန်မလွယ်ကူတော့ချေ။ အကြောင်းမူ ကျနော်တို့အား ဗိုအိုင်ပီလူကြီးများကဲ့သို့ လုံခြုံရေးအစောင့်အရှောက်များ ထူပြောစွာချထားပြီးကန့်သတ်နေရာ၌သာ နေရာချ၍ ကန့်သတ်ညွှန်သည်ကိုသာတွေ့ခွင့်ရသောကြောင့်တည်း။

ကြွက်တို့သည် ကျနော်တို့၏အဆောင်အောက်၌နေထိုင်ကြပြီးအခန်းအများစုသို့ဝင်ထွက်သွားလာနိုင်ကြ၏။ ကျနော်တို့၏ အခန်းထောင့်တွင်လည်း ၅ လက်မပတ်လည် ဝင်ပေါက်တခုရှိ၏။ သို့ရာတွင် နေ့အချိန်အလည်အပတ်မထွက်။ ရှိမှန်းပင်မသိရအောင် ငြိမ်ချက်သားကောင်းကြ၏။ ညကိုးနာရီနောက်ပိုင်း တထောင်လုံး ငြိမ်သက်သွားပြီဟော့ဆို သကောင့်သားတို့ပေါ်ထွက်လာကြပေတော့သည်၊ အချင်းချင်းကိုက်သောအသံ၊ အစာရှာသောအသံတို့ဖြင့် ပွဲတော်ကြီးတမျှ ဆူညံနေပေတော့၏။ ၎င်းတို့သည်ကျနော်တို့ကိုပင် ဂရုမစိုက်။ ခြေထောက်ပေါ် ဖြတ်ပြေးချင်ပြေးသွားတတ်၏။ တခါတရံကျနော်တို့၏ခြေချောင်းလက်ချောင်းများကိုပင် လာကိုက်တတ်သေးသည်၊ တချို့အကောင်များမှာ အတော်ကြီး၏။ သုံးကီလိုနီးပါးမျှ အလေးချိန်စီးနိုင်ပြီး တချို့အမွှေးပင်မရှိကြ၊ ၎င်းတို့ကားအိုမင်းနေကြပြီဖြစ်သော်လည်း အလွန်သန်စွမ်းကြပေတော့သည်။

ထိုခေတ်အချိန်ကာလကြီး၌ မြန်မာပြည်တွင် ဗိုလ်ချုပ်နေဝင်းနှင့် သူ၏နောက်တော်ပါးများမှအပ မည်သူတဦးတယောက်မျှယခုကြွက်များကဲ့သို့ မွေးရာပါအခွင့်အရေးမရကြ။ ၎င်းတို့အကြား ကွာခြားချက်မှာ ဗိုလ်ချုပ်နေဝင်းနှင့် သူ၏နောက်လိုက်ငယ်သားများသည် တချိန်လုံး နိုင်ငံခြားသို့ဝင်ထွက်နေခဲ့ကြပြီး ကြွက်များကား ကျနော်တို့အဆောင်အတွင်းသာ လည်ပတ်ခွင့်ရှိခြင်းပင်။ တူသောအချက်မှာဗိုလ်ချုပ်နေဝင်း

**ထိုခေတ်အချိန်ကာလကြီး၌ မြန်မာပြည်တွင် ဗိုလ်ချုပ်နေဝင်းနှင့် သူ၏နောက်တော်ပါးများမှအပ မည်သူတဦးတယောက်မျှယခုကြွက်များကဲ့သို့ မွေးရာပါအခွင့်အရေးမရကြ။ ၎င်းတို့အကြား ကွာခြားချက်မှာ ဗိုလ်ချုပ်နေဝင်းနှင့် သူ၏နောက်လိုက်ငယ်သားများသည် တချိန်လုံး နိုင်ငံခြားသို့ ဝင်ထွက်နေခဲ့ကြပြီး ကြွက်များကား ကျနော်တို့အဆောင်အတွင်းသာ လည်ပတ်ခွင့် ရှိခြင်းပင်...**

နှင့် သူ့ငယ်သားများသည် အလိုရှိရာ စားပွဲသောက်ပွဲများ စားတော်ခေါ်နိုင်ကြသကဲ့သို့ ကြွက်များသည်လည်း အလိုရှိရာထမင်းကျန်များကို ပွဲတော်တည်နိုင်ကြခြင်းတည်း။ သို့ရာတွင် ကြွက်တို့၏ ကံကြမ္မာကား မကြာမီအတွင်း ပြောင်းလဲပေတော့အံ့။

ပထမကျနော်တို့အကြား အငြင်းပွားကြ၏။ ထွန်းအောင်ကျော်က ယင်းအလုပ်သည်မကောင်းကြောင်း၊ ဗုဒ္ဓဘာသာဝင်တဦးအနေဖြင့် အပြစ်ဖြစ်ကြောင်းပြောဆို၏။ မျိုးသန့်ကလည်း ၎င်းတို့၌ရောဂါပိုးရှိနိုင်ကြောင်းပြော၏။ ကျနော်သည် အနိုရဲဘော်များအား ယင်းလုပ်ရပ်မှာ ကျနော်တို့၏ အသက်ရှင်ရပ်တည်ရေးအတွက်ဖြစ်ကြောင်း တရားဟောစည်းရုံးရာ ရဲဘော်မျိုးသန့်ကကျနော်၏အဆိုကိုထောက်ခံလေသည်။ အခန်းတွင်းဒီမိုကရေစီကျင့်ထုံးအရ ကျနော်တို့မှ မဲအသာရ၍ စီမံကိန်းကိုအကောင်အထည်ဖော်ရန် အတည်ပြုလိုက်လေတော့သည်။

ကျနော်၏အဆိုပြုချက်အား ဆက်လက်ကန့်ကွက်မည့်သူမရှိတော့၍ ကျနော်၏အစီအစဉ်အတိုင်းညစောင့်ထိုဒါန်နှင့်အပေးအယူလုပ်ရလေသည်၊ သဘောတူညီချက်နောက်ဆုံးတွင်ရရှိကာ စည်းမျဉ်းအရ ၎င်း၏ဂျူတီချိန်မပြီးခင် မနက်တိုင်းကျနော်တို့မှ ကြွက်ဖမ်းပေးရမည်ဖြစ်ပြီး ညနေဂျူတီချိန် ၎င်းပြန်ဝင်လာလျှင်ကျနော်တို့အားကြွက်ကြော်တပန်းကန်ပြန်ပေးရန်ဖြစ်၏။ ယင်းသို့ဖြင့် ထိုနေ့ညမှနေ၍ ကျနော်တို့၏ မြေအောက်တော်လှန်ရေးကြီး စတင်လေတော့သည်။

ပထမဦးစွာ ကျနော်တို့အား အိမ်သာအိုးအဖြစ်သုံးရန်ပေးထားသော ကြွေရည်သုတ်ဂန်ဖလားတလုံးကို ဆေးကြောကြ၏။ နောက်ခြောက်ပေအရှည်ရှိ ကြိုးတချောင်းနှင့် ခြောက်လက်မအရှယ် တုတ်တချောင်းရှာဖွေရ၏။ ပစ္စည်းကိရိယာများ စုံလင်စွာရရှိလာသောအခါ လုပ်ငန်းခွင်ဝင်ကြလေသည်၊ ကြွက်ဝင်ပေါက်အနား ဂန်ဖလားနှုတ်ခမ်းသားကို တုတ်ဖြင့်ထောက်ပြီး ထောင်ထား၏။ တုတ်အောက်ခြေရင်းကိုလည်း ကြိုးဖြင့်ချည်ထား၏။ ကျနော်တို့သည် ထမင်းကျန်အချို့ကို ဂန်ဖလားအောက်ပစ်ထည့်ထားလိုက်ပြီး ကျန်ကြိုးတစကို လက်ဖြင့်ကိုင်ထားကာ အိပ်ချင်ဟန်ဆောင်နေလိုက်ကြသည်၊ ကျနော်တို့၏ ပထမဆုံးသားကောင်ထွက်ပေါ်လာသောအချိန်ကား သန်းခေါင်တိုင်လုပြီ။ ဂန်ဖလားအောက် ကြွက်ရောက်သွားပြီဆိုသည်နှင့် ကျနော်ကြိုးကိုစောင့်ဆွဲလိုက်၏။ ဂန်ဖလားသည် သားကောင်ပေါ်အုပ်မိုးကျသွားလေတော့သည်။ ကြွက်ကားဂန်ဖလားအတွင်းပတ်၍ပြေးကာထွက်ပေါက်ကို ကြိုးစားရှာဖွေလေသည်။ သနားစဖွယ်ပင်၊ ထွန်းအောင်ကျော်မှာ ဂန်ဖလားအပြင်ဖက်ထွက်နေသည့် ကြွက်မြီးကိုလိုက်ဖမ်း၏။ ကျနော်လည်းပြေးသွားကာ ခြေထောက်ဖြင့် ဂန်ဖလားကို ဖိနင်းလိုက်၏။ ထို့နောက် ဂန်ဖလားကို နည်းနည်းချင်းဟကာ ကြွက်ကိုယ်လုံးတဝက်ပေါ်လာသည်အထိ ကြွက်မြီးကိုခက်ခက်ခဲခဲ ကိုင်ဆွဲထုတ်ကြသည်၊ ကြွက်ကိုယ်လုံးတဝက်အပြင်ရောက်အပြီး ဂန်ဖလားကို အားစိုက်ဖိချလိုက်ရာ“ဂျွတ်”ကနဲ ကြွက်ကျောရိုးကျိုးသံကြီးအား ကျနော်တို့ကြားလိုက်ရပေတော့သည်။

ထိုည၌ ကြွက်ငါးကောင်ဖမ်းဆီးရမိပြီး နောက်တနေ့တွင် အထူးညစာစားပွဲကို ကျနော်တို့ တပျော်တပါး ဆင်ယင်ကျင်းပကြ၏။ ကျနော်တို့သည်အခြားလူများထံသို့ ယင်းသတင်းကိုထုတ်ပြန်ကြေညာခဲ့ရာ ကျနော်တို့၏မြေအောက်တော်လှန်ရေးကြီးကား တထောင်လုံးသို့လျှင်မြန်စွာပျံ့နှံ့သွားပေတော့၏။ ကျနော့်ကိုယုံကြည်ပါလေ။ ကြွက်သား၏အရသာကိုရေးဖွဲ့ရန် စကားလုံးများဖြင့် မစွမ်းသာပေ။ ဂျင်း၊ အရောင်တင်မှုန့်တို့ဖြင့် နယ်ဖတ်ကြော်ထားသည့် ကြွပ်ရွနေသောကြွက်နံရိုးသည်ကား အရသာအရှိဆုံးဖြစ်၏။ အရိုးသားဆုံးကျနော်ဝန်ခံပေအံ့၊ ကျနော်၏ဘဝတွင် ကျနော်စားဖူးသမျှအသားများထဲတွင် ကြွက်သားသည် အရသာအရှိဆုံးတည်း။ (ဆရာကြီးအိုကြာကွေးလေသံအတိုင်းပြောရလျှင်)ကောင်းလှော့်တေး၊ ကောင်းလှော့်တေး။

ကျနော်၏ အကောင်းဆုံးသောမှတ်ဉာဏ်များအရ အင်းစိန်ထောင်တွင်း မြေအောက်တော်လှန်ရေးကြီး၌ ကျနော်တို့သည် မြေအောက်ဖိုက်တာအကောင်(၃၀၀)ကျော်ကို အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့၏။ ဤနည်းအားဖြင့် ကြွက်တို့သည် ကျနော်တို့အား အထောက်အပံ့ဖြစ်စေခဲ့လေသည်၊ ကျနော်တို့အား ခွန်အားနှင့်သတ္တိများပြန်ရစေသည်၊ အကယ်၍ ကျနော်၏ထောင်ကျကာလများ၌ ကြွက်များကိုမစားခဲ့ရသော် ယနေ့ကျနော့်ကို သက်ရှိထင်ရှားအသင်မြင်ရမည်မဟုတ်ချေ။ ကျနော်၏မိတ်ဆွေအချို့သည်ပင် ထောင်တွင်းအစာရေစာငတ်၍သေပွဲဝင်ခဲ့ရသည်မဟုတ်ပါလော။ ထို့ကြောင့် ကြွက်တို့မှာ ကျနော်၏အသက်သခင်ဖြစ်လေသည်၊ သင့်ခယူ....မစ္စတာကြွက်။

နှစ်ဆယ်ငါးနှစ်ကြာပြီဖြစ်သော်လည်း ကျနော်၏အတွေးထဲ ကြွက်တို့သာတဝဲလည်လည်၊ အထူးသဖြင့်နံရိုးကင် စားနေရသောအချိန်မျိုးတွင် ကျနော်ပို၍သတိရလွမ်းဆွတ်မိ၏။ ထို့ကြောင့် စာဖတ်သူအသင်သည် နောက်တကြိမ်နံရိုးကင်စားရသည့်အခါ ဤအံ့ဖွယ်ကမ္ဘာကြီး၏ အခြားတဖက်၌ ကြွက်နံရိုးကို ဝါးနေသူတဦးရှိကြောင်း ပြေး၍ သတိရလိုက်ပါလေ။ ထိုအခါ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများဘဝကို အသင်ကိုယ်ချင်းစာတတ်လာပါလိမ့်မည်။

ဩော်....ဒုက္ခ....ဒုက္ခ.... အဘယ်အကြောင်းကြောင့် ယခုထိ ဒီကြွက်နံရိုးကင်ကို ကျနော်သတိရနေမိပါလိမ့်........။

(မူရင်း Spirit For Survival စာအုပ်မှ ဦးခင်မောင်စိုးရေးသားသော The Underground Revolution ဆောင်းပါးကိုမြန်ပြန်သည်။) ■

## နွေဦး... သီချင်း

တောင်ပြာတွေ မျှော်လင့်ထားခဲ့တဲ့
ကောက်သစ်စားပွဲတခုမှာ
ရာဇဝင်ထဲက အမုန်းပင်တွေ
အပြီးတိုင်ရိတ်သိမ်းစေမယ့်... နွေဦး။

ပျောက်ဆုံးခဲ့ရတဲ့
မေတ္တာသဲလွန်စတွေ
ပြန်လည်ကောက်ရနေမယ့်... နွေဦး။

ချက်နိုင်ငံက
တော်လှန်ရေးသမားကြီး
ဂျူးလိယက်ဖူးချစ်ရဲ့
မောင့်... ဂုစတီနာနဲ့တွေ့ဖို့
အသေအချာကို ချိန်းဆိုထားခဲ့ဖူးတဲ့... နွေဦး။

အနာဂတ် စာသင်ခန်းမထဲမှာ
အလှဆုံးပန်းပေါင်းတရာနဲ့... နွေဦး။
ဘဝ... ဘဝတွေရဲ့အပေါ်မှာ
တန်းတူခြင်း
ငြိမ်းချမ်းခြင်း
တရားမျှတခြင်းတွေ
ဖူးစေ ပွင့်စေမယ့်... နွေဦး။

ဆောင်းနှောင်းနှင်းတွေရဲ့ ညလယ်ယံမှာ
အရဏ်ဦးနှင့်အတူ မွေးဖွားလာမယ့်... နွေဦး။

သစ္စာပန်းတွေ တပွေ့တပိုက်နဲ့
အရောက်လာခဲ့မယ်ဆိုတဲ့... နွေဦး။

အဲဒီ နွေဦးပေါ့ ...
မင်းပန်ဖို့ ကိုယ်ခူးခဲ့မှာ။

**ကမာပုလဲ**
အမှတ် (၈) တပ်ရင်း
ABSDF

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့်
သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ် အမှတ် (၂၇)


## "မိုးကြိုး" လှုပ်ရှားမှုပုံရိပ်များ












## မိုးကြိုး၏(၃)နှစ်တာခရီး

(၁၅-၁-၉၉)မှ စတင်ခဲ့သည့် "မိုးကြိုး"သတင်းစဉ်ကား ယခုအခါ(၃)နှစ်တာ သက်တမ်းလျှောက်လှမ်းပြီးခဲ့ပါပြီ။

အရှိန်အဟုန်ကြီးမားလှသည့် သတင်းမီဒီယာခေတ်ကြီး၌ ကမ္ဘာကြီးသည်အလျင် အမြန်ကျဉ်းကျုံ့သေးငယ်သွားခဲ့သော်လည်း မြန်မာနိုင်ငံအနေနှင့်မူ မှောင်ပိန်းနက်ရှိုင်းလှသော ချောက်ကမ်းပါးနက်ကြီးတခုအတွင်း သီးခြားကျုံ့ကျကျန်ရစ်သလိုဖြစ်နေခဲ့သည်ဟု "မိုးကြိုး"က ရှုမြင်ပါသည်။

အာဏာကို လက်ဝါးကြီးအုပ်ဗိုလ်လုပ်နေသည့် စစ်အုပ်စုသည် မြန်မာနိုင်ငံသားတို့၏ နားမျက်စေ့ပါးစပ်တို့ကို ခါးမိုးကာထိန်းချုပ်ပိတ်ပင်ထားသည်။ ယနေ့ကမ္ဘာကြီး၏ ပြောင်းလဲဖြစ်ပေါ်တိုးတက် နေမှုများကို မြန်မာပြည်သားများ မကြားမသိမမြင်စေလို၊ လူထု၏အတွေးအမြင် အသိပညာများတိုးတက်စူးရှလာမှာသူတို့စိုးထိတ်သည်၊ ကြောက်ရွံ့သည်။ ထိုအတွေးအမြင်အသိပညာများကပင် ပိတ်ထားသောတံခါးများကို တွန်းဖွင့်ချိုးဖျက်ကာ အသစ်အသစ်တို့ကို တည်ဆောက်ခဲ့ကြသည်မဟုတ်လား။

"မိုးကြိုး"သည် ထိုတံခါးများကို ရိုက်ချိုးဖွင့်လှစ်ရန် တတပ်တအား "တရား"လည်းဖြစ်၊ "ဓား"လည်းဖြစ်ပါသည်။

"မိုးကြိုး"သည် ခါးသွားအောက်မှ ပြည်သူတို့၏ နားမျက်စိပါးစပ်ဖြစ်ရန် ကြိုးစားပါသည်။ ပြည်သူတို့၏ ဆန္ဒကိုထင်ဟပ်ရန် ကြိုးစားပါသည်။

"မိုးကြိုး"သည် ဓါးမိုး ဗိုလ်လုပ်အုပ်ချုပ်နေသည့် "မင်းဆိုး"ကို ပစ်ခွင်းမည့် ဝရဇိန်လက်နက်ပါတည်း။

## သွေးနဲ့စိုက်ခဲ့တဲ့သစ်ပင်

ကိုကို

**"မျိုးချစ်ပုဂ္ဂိုလ်ရဲ့သွေးဟာ**
**လွတ်လပ်မှုသစ်ပင်ရဲ့မျိုးစေ့ပါပဲ"**တဲ့
သောမတ်စ်ကင်းဘဲလ်က
ပြောခဲ့တယ်…။

ကျွန်ုပ်တို့နိုင်ငံမှာ
ဟောဒီ "ရန်ကုန်"ဆိုတဲ့ မြို့တမြို့မှာ
ဗိုလ်ချုပ်အောင်ဆန်းတို့
သွေးနဲ့သစ်ပင်စိုက်ခဲ့တယ်…။

အချိန်က
ကမ္ဘာကြီးတခုလုံးတောခြောက်လို့
မုန်းတိုင်းတွေထန်လို့
ကျည်ဆံလှိုင်းလုံးတွေက
မြို့ကြီးမြို့ငယ်တွေအပေါ်
တဝုန်းဝုန်းရိုက်ခတ်လို့…
လူတို့ မှုတ်ထုတ်လိုက်တဲ့ ဝါဒတွေက
လူတို့ကိုပဲ မွန်းကြပ်သေဆုံးစေခဲ့ပေါ့…
အဲ့ဒီအချိန်မှာ
ဗိုလ်ချုပ်အောင်ဆန်းတို့
သွေးနဲ့သစ်ပင်စိုက်ခဲ့တယ်။

ကာလနဲ့ အာကာသဟာ
မြို့အိုကြီးတွေထဲက
ဝါဒအိုအိုကြီးတွေကို
အသံတိတ်
တိတ်တိတ်ကလေးနဲ့
တ တိတိ ဝါးမြိုရင်း
ဝုန်းခနဲ
ကန့်လန့်ကာကို ပင့်တင်လိုက်တော့
အာဇာနည်တွေရဲ့သွေးနဲ့စိုက်ခဲ့တဲ့
လွတ်လပ်ရေးသစ်ပင်ကလေးဟာလေ
မြန်မာပြည်မှာပေါက်ခဲ့တယ်…။

ဗိုလ်ချုပ်အောင်ဆန်းဟာ
နယ်ချဲ့ရဲ့ အင်္ကျီအိတ်ကပ်ထဲက
ဖောင်တိန်တချောင်းကို
ဖျတ်ခနဲ ဆွဲယူလိုက်သလိုမျိုး
ဒီသစ်ပင်ကို
မရှင်မချင်း စိုက်ခဲ့တယ်
အမိအရ ပျိုးခဲ့တယ်
ဒီမိုကရေစီပန်းပွင့် ပွင့်ချိန်မို့
ယုံကြည်မျှော်လင့်မှုတွေနဲ့ပေါ့…။

လေတိုက်လို့ သစ်ပင်လှုပ်တာလား
သစ်ပင်လှုပ်လို့ လေတိုက်တာလား
အခုတော့…
မြင့်မြတ်တန်ဖိုးကြီးလှတဲ့
သစ်ပင်ကလေး
သွေးနဲ့စိုက်ပျိုးခဲ့တဲ့ သစ်ပင်ကလေး
တလှုပ်လှုပ်နဲ့ တလိူလို။

အခုတော့…
ဗာရဏသီပြည်မှာ
ဗြဟ္မဒတ်မင်းကြီးက
ဖြုတ်စဗျင်းတောင်းဝါဒတွေနဲ့
ဖြောင်းဖြောင်းညံ့အောင် စီမံကွပ်ကဲတဲ့
ပုံပြင်ထဲကလို
ဒီသစ်ပင်ကလေးရဲ့ အတွင်းသားတွေ
ကိုယ်ရောင်ကိုယ်ဝါ မှေးမှိန်နေခဲ့ပေါ့…။

ဒီသစ်ပင်လေးရဲ့ ပင်မကျောရိုးဟာ
ကိုယ်ခံအား ကျဆင်းနေခဲ့ပေါ့၊
သွေးနဲ့စိုက်ခဲ့တဲ့ သစ်ပင်လေးအပေါ်
တန်ဖိုးထားချင်ယောင်ဆောင်သူတို့
ဒီ…သစ်ပင်လေးက
ဖူးအာလာတဲ့ ပွင့်ဦးကို
ဘယ်သူရွှေသလဲ
ရွှေသမင်ကတော့ ထွက်ပြေးခဲ့ပြီ
အာဇာနည်တွေ သွေးနဲ့စိုက်ခဲ့တဲ့
သစ်ပင်ကလေးဟာ
အခုတော့…
သစ်ပင်စစ်စစ် ပီသသေးရဲ့လား၊
သစ်တပင်ရဲ့ ဖြစ်တည်မှု
မှန်ကန်ပါသလား
သစ်ပင်စစ်စစ် ပီသသေးရဲ့လား
သစ်တပင်ရဲ့ အဓိပ္ပာယ်
ပြည့်ဝပါသေးသလား
လူတွေကအလိုလိုက်ခံခဲ့ရတဲ့
ကုလားအုတ်ဟာ
လူတွေကိုပဲ အပိုင်စီးသွားလေတဲ့
ပုံပြင်တပုဒ်လို
သစ်ပင်လေးခမြာ လုံးပါးပါးခဲ့ပေါ့။

တမလွန်က အာဇာနည်တို့
သစ်ပင်ကို သွေးနဲ့စိုက်သွားသူတို့
မြင့်မြတ်ကောင်းမွန်တဲ့ ဘုံဗိမာန်မှာ
ရောက်ရှိနေမယ်ဆိုတာ
ကျွန်ုပ်တို့ ပြည်သူများကသိရဲ့။

သောမတ်စ်ကင်းဘဲလ်ကပြောတယ်
**"မျိုးချစ်ပုဂ္ဂိုလ်ရဲ့သွေးဟာ**
**လွတ်လပ်မှုသစ်ပင်ရဲ့ မျိုးစေ့ပါပဲ"**တဲ့
ဒါပေမယ့်…
အာဇာနည်တွေ စိုက်ပျိုးခဲ့တဲ့
သစ်ပင်ဟာ
အခုတော့…
မိုးခါးရေနဲ့
နစ်မြုပ်နေတော့တယ်…။

၅၄–နှစ်မြောက်

# လွတ်လပ်ရေးနေ့

အထူးထုတ်စာမျက်နှာ

## ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်ကျရောက်သော (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ပြန်သော လွတ်လပ်ရေးနေ့ကြေညာစာတမ်း



ပြည်သူ့လွတ်လပ်မှုတွေချုပ်ချယ်မှုကြောင့် ကန့်ကွက်ပွဲတွေပြုလုပ်ရခြင်း၊ အစိုးရနဲ့ အရေးဆိုရခြင်းများဖြစ်ပေါ်နေပြီ။ တိုင်းပြည်ကနားလည်ထားသင့်တာက တိုက်ပွဲဆိုတာဟာ ပရိယာယ်အကြီး ပရိယာယ်အသေးဆိုတာတွေနဲ့ သူ့နေရာသူတိုက်ရတယ်။ နောက်ဆုတ်သင့်ဆုတ်၊ ရှေ့တိုးသင့်တိုးပြီး အခြေအနေကိုကြည့်ကာ ပရိယာယ်သုံးသွားရတယ်။ ကျုပ်တို့တိုင်းသူပြည်သားများကို ယုံကြည်ပါတယ်။ အခုပြောရင် အခုလုပ်ကြမယ်ဆိုတာ သိရပေမယ့် လွတ်လပ်ရေးတိုက်ပွဲအထိ မရောက်စေဘဲ တိုက်ပွဲကလေးများနဲ့ပင်၊ လိုရာရောက်အောင် တိုင်းပြည်အခြေအနေကို ကြည့်ပြီးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

လူထုအစည်းအဝေးကြီး(ကန်တော်မင်ပန်းခြံ)
၇ရက်၊ ဇွန်လ၊ ၁၉၄၆ခု၊

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ်( ၉၇ /ခ )၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။**

**( ၂၀၀၂ ) ခုနှစ် ၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်ကျရောက်သော ( ၅၄ ) နှစ်မြောက် လွတ်လပ်ရေးနေ့ကြေညာစာတမ်း**
**ကြေညာချက်အမှတ် – ၁ ( ၁ /၀၂ )**

ယနေ့သည်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ပေသည်။ နိုင်ငံနှင့်လူမျိုးအတွက် တန်ဖိုးကြီးမားလှပြီး ကျက်သရေရှိသော နေ့ထူးနေ့မြတ်ကြီးဖြစ်ပေသည်။ (၁၉၄၈) ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးစနစ်အောက်မှ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်အဖြစ်သို့ ကမ္ဘာ့အလယ်တွင် ထယ်ထယ်ဝါဝါရောက်ရှိလာခဲ့ပေသည်။

ရဲစွမ်းသတ္တိ၊လုံ့လဝီရိယအပြည့်အဝနှင့် အကြိမ်ကြိမ်အခါခါ တိုက်ပွဲများဆင်နွှဲပြီး တိုင်းရင်းသားပြည်သူလူထုတရပ်လုံးသွေးစည်းညီညွတ်စွာလက်တွဲကြိုးပမ်း အားထုတ်နိုင်ခဲ့မှုကြောင့် လွတ်လပ်ရေးကြီးကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်ပေသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားတို့သည် ရှေးပဝေသဏီကပင် ဤဒေသ၌လွတ်လပ်စွာ နေထိုင်ခဲ့ကြပေသည်။ သို့သော် ကမ္ဘာပေါ်တွင် နယ်ချဲ့အရင်းရှင်စနစ်သည် အရှိန်အဟုန်ဖြင့် အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာခဲ့ရာ ဗြိတိသျှနယ်ချဲ့တို့သည် (၁၈၂၄)ခုနှစ်တွင် ပထမအကြိမ်၊ (၁၈၅၂)ခုနှစ်တွင် ဒုတိယအကြိမ်၊ (၁၈၈၅)ခုနှစ်တွင် တတိယအကြိမ် နိုင်ငံပေါ်တွင်ကျူးကျော်၍ စစ်သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ကြပေသည်။

(၁၈၈၆)ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်က မြန်မာတနိုင်ငံလုံးကို ဗြိတိသျှတို့က သိမ်းပိုက်လိုက်ပြီးဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။ သို့ဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးလုံးဝဆုံးရှုံးကာ ကိုလိုနီနိုင်ငံအဖြစ်သို့ရောက်ရှိခဲ့ရပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးပြီး ကိုလိုနီနိုင်ငံအဖြစ်သို့ကျရောက်ပြီဟု သိရှိရသောအချိန်အခါတွင် တမျိုးသားလုံးမခံမရပ်နိုင်ဖြစ်ကြရသည်။ လွတ်လပ်ရေးဆုံးရှုံးမှုနှင့် ပတ်သက်၍ဆီးဘန်နီဆရာတော်ဘုရားကြီးက “ထီးသဉ်း၊ နန်းသဉ်း၊ ကြငှန်းသဉ်း၍၊ မြို့သဉ်းသုည၊ သဉ်းသုံးဝဖြင့်၊ သဉ်းရပြန်လှစ်၊သည ခေတ်ဝယ်၊ ဖြစ်လာရပေ၊ တို့တတွေသည်၊ သေသော်မှတည့် ဩော်....ကောင်း၏ ”ဟု မိန့်ကြားခဲ့ရပေသည်။

ကိုယ့်မင်းကိုယ်ချင်းနှင့် အစဉ်အလာကြီးမားစွာနေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံရှိ တိုင်းရင်းသားညီအကိုမောင်နှမတို့သည် ဇာတိသွေးဇာတိမာန်ထက်သန်စွာဖြင့် ဗြိတိသျှနယ်ချဲ့တို့အား လွယ်လွယ်နှင့်ဒူးထောက် အညံ့မခံခဲ့ကြဘဲ ပြန်လည်ခုခံတော်လှန်ခဲ့ကြသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးစုတို့သည်ရရာလက်နက်များစွဲကိုင်လျက် အနယ်နယ်အရပ်ရပ်တွင် ဇွဲ၊ သတ္တိပြည့်ဝစွာဖြင့် မျိုးချစ်စိတ်ဓါတ်ကို အရင်းခံကာနယ်ချဲ့တို့အား ခုခံတော်လှန်တိုက်ခိုက်ခဲ့ကြပေသည်။ နယ်ချဲ့တို့သည် မြန်မာပြည်အား ၎င်းတို့၏ ကိုလိုနီနယ်မြေအဖြစ် သိမ်းပိုက်သွတ်သွင်းပြီး နောက်ပိုင်းတွင်လွယ်ကူစွာ အုပ်ချုပ်ထိန်းသိမ်းနိုင်မည်ဟု မျှော်လင့်ထားခဲ့သည်။ သို့သော် ၎င်းတို့မျှော်လင့်ထားသည်ထက် အဆပေါင်းများစွာကြီးမားပြင်းထန်သော အုံကြွတော်လှန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ မြန်မာတိုင်းရင်းသားတို့၏ ခုခံတော်လှန်မှုအား ဖိနှိပ်ချေမှုန်းရာတွင် လူအင်အား၊ ငွေအင်အား၊ လက်နက်အင်အား မြောက်မြားစွာ ဖြည့်တင်းအသုံးပြုခဲ့ရပေသည်။

မြန်မာနိုင်ငံအဝှမ်းရှိ တိုင်းရင်းသားတို့သည် နယ်ချဲ့တို့အား(၁၀)နှစ်ကျော်ကြာနေရာ တိုင်း၊ဒေသတိုင်းတွင် သက်စွန့်ကြိုးပမ်း ရှပ်ရှပ်ခွံခွံတော်လှန်ပုန်ကန်ခဲ့ကြသော်လည်းအောင်မြင်မှု မရရှိဘဲ အရှုံးနှင့်သာရင်ဆိုင်ခဲ့ရပေသည်။ ဤကဲ့သို့ဆုံးရှုံးခဲ့ရခြင်းမှာ မြန်မာတိုင်းရင်းသားတို့၏ တော်လှန်ရေးအင်အားစုများသည် ခေါင်းဆောင်မှုတခုအောက်တွင် စုစုစည်းစည်း ညီညီညွတ်ညွတ် စနစ်ကျစွာ ခုခံတော်လှန်တိုက်ခိုက်နိုင်ခြင်း မပြုလုပ်နိုင်ခြင်းကြောင့်လည်းကောင်း၊ အဆမတန်ကြီးမားသော စစ်ရေးအတွက် လေ့ကျင့်ထားပြီးသည့်လူအင်အား၊ အဆမတန်သာလွန်သည့် ခေတ်မှီလက်နက်အင်အားတို့အား မယှဉ်သာနိုင်ဘဲ ဓါး၊ လှံ၊ လေး၊ မြှား တို့ဖြင့်သာခုခံတိုက်ခိုက်ခဲ့ရခြင်းကြောင့်လည်းကောင်း ဖြစ်ပေသည်။ သို့သော် မြန်မာနိုင်ငံသားတို့သည်မိမိတိုင်းပြည်လွတ်လပ်ရေးဆုံးရှုံးမှုကိုလက်ခံခြင်းမပြုခဲ့ပေ။ လွတ်လပ်ရေးပြန်လည်ရယူရန် တော်လှန်ရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ ပျောက်ကွယ်သွားခြင်းမရှိဘဲ ခေတ္တမျှလျှို့ငုပ်သွားခဲ့ခြင်းသာ ရှိခဲ့ပေသည်။

ဤနေရာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးမည်သည်ကြောင့် ဆုံးရှုံးခဲ့ရခြင်းအကြောင်းရင်းကိုပြန်လည်သုံးသပ်ရန်လိုအပ်ပေသည်။ ကမ္ဘာပေါ်တွင် အထူးသဖြင့်အနောက်ဥရောပ၌ အရင်းရှင်စနစ်တိုးတက်ဖွံ့ဖြိုးအားကောင်းလျက်ရှိနေစဉ် မြန်မာနိုင်ငံသည်ပဒေသရာဇ်စနစ်ကိုကျင့်သုံးလျက်ရှိနေသေးသည်။ ထို့ပြင် နောက်ဆုံးဘုရင်ဖြစ်သော သီပေါမင်းလက်ထက်တွင် နန်းတွင်းရေးအရှုပ်တော်ပုံများ ဖြစ်ပေါ်ပြီး ဩဇာအာဏာရရှိရေးအတွက်အုပ်စုဖွဲ့အားပြိုင်ကာညီညွတ်ရေးပြိုကွဲလျက်ဖရိုဖရဲရှိသောအချိန်အခါဖြစ်ပေသည်။ “နွားကွဲလျှင်ကျားဆွဲမည်”ဆိုသည့် မြန်မာ့ဆိုရိုးစကားပုံအတိုင်း နိုင်ငံတွင်းစည်းလုံးညီညွတ်ရေးပျက်စီးနေခြင်းသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အခြေခံအကြောင်းရင်းတရပ်ဖြစ်ခဲ့ပေသည်။ ၎င်းပြင်ကျဉ်းမြောင်းသော အတွေးအခေါ်များအပေါ်အခြေခံကာမျက်စိပိတ်၊ နားပိတ်နှင့် ခေတ်နောက်ကျလျက်ရှိသော ပဒေသရာဇ်စနစ်သည် တိုးတက်ခေတ်မှီသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပညာရေးစနစ်တို့ကို ပြောင်းလဲကျင့်သုံးနေသော စက်မှုလက်မှုထွန်းကားနေသည့် နိုင်ငံတို့အားမယှဉ်သာနိုင်ပေ။ မြန်မာနိုင်ငံလွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်းဟူသော တန်ဖိုးကြီးမားလှသည့် သမိုင်းသင်ခန်းစာကို ဆင်ခြင်ကာအချိန်အခါနှင့်အညီလိုက်လျောညီထွေလိုက်ပါပြောင်းလဲနိုင်ရန်၊ စည်းလုံးညီညွတ်ရန်နှင့်စည်းကမ်းစနစ်ကျနစွာလိုက်နာနိုင်ရန် အရေးကြီးလှကြောင်းကို ကျွန်ုပ်တို့တိုင်းပြည်လူထုသတိပြုကြရပေမည်။

**နယ်စပ်ကပြည်သူတွေဘဝ**



စစ်ဒဏ်စစ်ဘေးကပြေးလာသူတွေက သည်လိုနေ



အနာဂတ်ရေး မရေမရာနှင့် သည်ကလေးတွေ သည်အခြေက



မရေမရာ မသေချာလှသော်လည်း



မီလောင်မြေထဲ ငြိမ်းချမ်းရေး တစပြန်ရှာရသလို



လွတ်လပ်ရေးဆိုတာ ဘာကိုခေါ်တာလဲတဲ့။

၁၉၀၆ ခုနှစ်တွင်“ဝိုင်အမ်ဘီအေ”ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကို မြန်မာတို့၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုရှင်သန်ထွန်းကားစေရန်ထူထောင်ခဲ့သည်။ ၎င်းအသင်းကြီးမှ ပညာတတ်လူငယ်အချို့သည် ကမ္ဘာ့နိုင်ငံရေးအားတစေ့တစောင်းလှမ်းမြော်ထောက်ရှုကာ မိမိတို့အတွေးအခေါ်များသည် ပဒေသရာဇ်ဘုရင်စနစ်နိုင်ငံရေးမှ အမျိုးသားနိုင်ငံရေးသို့တစတစတိုးတက်ပြောင်းလဲလာခဲ့ပေသည်။ ထို့ကြောင့် အသင်းကြီးမှအချို့အဖွဲ့ဝင်များသည် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုနိုးကြားလာခဲ့ပြီး ၁၉၂၀ ခုနှစ်တွင် နိုင်ငံရေးရည်ရွယ်ချက်များဖြင့် ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီး ဟူ၍ ဖွဲ့စည်းခဲ့သည်။

သို့နှင့် ခေတ္တမျှသာ ငုပ်လျှိုးနေခဲ့သော မြန်မာတို့၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်သည် အမျိုးသားရေးစိတ်ဓာတ်များ အရှိန်အဟုန်ဖြင့် ပြန်လည်နိုးကြားတက်ကြွလာခဲ့ကာ မြန်မာနိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိရန် လှုပ်ရှားမှုကြီးများပေါ်ပေါက်လာခဲ့ပေသည်။ ယင်းတို့မှာ ၁၉၂၀ ခုနှစ်တွင် ပထမကျောင်းသားသပိတ်၊ ၁၉၃၀ ခုနှစ်တွင် တို့ဗမာအစည်းအရုံးနှင့် တောင်သူလယ်သမား အရေးတော်ပုံကြီး၊ ၁၉၃၆ ခုနှစ်တွင် ဒုတိယကျောင်းသားသပိတ်၊ ၁၉၃၈ ခုနှစ်တွင် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးနှင့် တတိယကျောင်းသားသပိတ်များ ဖြစ်ခဲ့ကြသည်။

ဤသို့အားဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းပြည်လွတ်လပ်ရေးလှုပ်ရှားမှုတိုက်ပွဲကြီး အရှိန်အဟုန်မြင့်လာခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည့် အချိန်၌ ဗြိတိသျှနယ်ချဲ့တို့အခက်အခဲနှင့်ရင်ဆိုင်ရသည့်အခါ“အင်္ဂလိပ်အခက်ဗမာ့အချက်”ဟူ၍ နားလည်သဘောပေါက်လာကာ တို့ဗမာသခင်များနှင့်ကျောင်းသားလူငယ်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့တို့အား လက်နက်ကိုင်၍ တော်လှန်ရန်ဆုံးဖြတ်ခဲ့ကြပေသည်။ သို့ဆုံးဖြတ်ရခြင်းမှာ အကြမ်းမဖက်ဘဲ ငြိမ်းချမ်းသောနည်းများဖြင့် မိမိတိုင်းပြည်ပြန်လည် လွတ်လပ်ရေးရရှိရန် အကြိမ်ကြိမ်အခါခါ ကြိုးပမ်းအားထုတ်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့၍ဖြစ်ပေသည်။

ထိုစဉ်ထိုအခါက “နေမဝင်” အင်ပါယာကြီးကို စိုးမိုးအုပ်ချုပ်နေသော ဗြိတိသျှတို့သည် မာန်မာနတက်ကြွနေကာ မြန်မာတို့၏တောင်းဆိုချက်များကို လက်ခံစဉ်းစားရန် ဆန္ဒလုံးဝမရှိကြပေ။ ပြည်သူလူထု၏စွမ်းအားသည် မည်မျှအတိုင်းအတာအထိ ကျယ်ပြန့်ထိရောက်သည်ကိုလည်း နယ်ချဲ့တို့သိရှိခဲ့ဟန်မတူပေ။ ဆန္ဒပြင်းပြစွာရှိပါက၊ အောင်မြင်နိုင်သည် ဆိုသည်ကိုလည်း သတိပြုဟန်မတူခဲ့ပေ။

လက်နက်ကိုင်တော်လှန်ရန် ဆုံးဖြတ်ပြီးနောက် ၎င်းလမ်းစဉ်အကောင်အထည်ဖော်နိုင်ရန် အကူအညီရှာဖွေခဲ့ရာ ဂျပန်တို့နှင့်အဆက်အသွယ်ရရှိခဲ့သည်။ သို့နှင့်ဗမာ့လွတ်လပ်ရေးတပ်မတော်ဟုခေါ်တွင်သော ဘီအိုင်အေ တပ်မတော်ကြီးကို အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကွပ်ကဲကြီးမှူး၍ ဖွဲ့စည်းနိုင်ခဲ့ပေသည်။

၁၉၄၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်များအတွင်း ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့် ဂျပန်တပ်များပူးပေါင်းကာ နယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှတိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် စစ်မှန်သော လွတ်လပ်ရေးကိုကား မရရှိသေးဘဲဂျပန်အုပ်ချုပ်ရေးအောက်သို့ရောက်ရှိခဲ့ရပြန်သည်။ ဂျပန်စစ်တပ်များသည် ဘီအိုင်အေ တပ်မတော်ကြီးနှင့်ပူးတွဲ၍ နယ်ချဲ့တို့အားတော်လှန်တိုက်ခိုက်နေသည့်အချိန်မှာပင် ယင်းတို့၏ဖက်ဆစ်ဇာတိရုပ်ကိုစတင်ပြသခဲ့ကာ မြန်မာပြည်ကိုသိမ်းပိုက်ပြီးနောက်ပိုင်းပို၍ရက်စက်ရမ်းကားလာကြသည်၊

ထို့ကြောင့် တိုင်းပြည်လွတ်လပ်ရေးအတွက် မပြီးဆုံးသေးသော သမိုင်းပေးတာဝန်အရလည်းကောင်း၊ ဖက်ဆစ်ဝါဒကိုလုံးဝလက်မခံနိုင်သည်ကြောင့်လည်းကောင်း၊ အတုအယောင်လွတ်လပ်ရေးကို လုံးဝလက်မခံနိုင်သည်တို့ကြောင့်လည်းကောင်း၊ မြန်မာပြည်သူပြည်သားတို့သည် ဖက်ဆစ်ဂျပန်တို့အားတော်လှန်တိုက်ထုတ်ရန် ဖက်ဆစ်တော်လှန်ရေးကြီးကို ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဆင်နွှဲခဲ့ကြပေသည်။

ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲရာတွင် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့သည် သွေးစည်းညီညွတ်စွာပါဝင်ဆောင်ရွက်ခဲ့ကြပေသည်။ ထိုကဲ့သို့သွေးစည်းညီညွတ်ခြင်းကြောင့် ဖက်ဆစ်တပ်တို့အား မြန်မာနိုင်ငံမှ နှင်ထုတ်နိုင်ခဲ့သည်။

**မြန်မာနိုင်ငံသမိုင်းစဉ်အား ပြန်လည်သုံးသပ်ကြည့်သော်၊ အမြင်ကျဉ်းမြောင်းပြီး အယူအဆအစွဲအလမ်းဟောင်းများကို ဖက်တွယ်ထားသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားဖြင့် ခေတ်နောက်ကျလျက်ရှိသောပဒေသရာဇ်စနစ်ကိုကျင့်သုံးကာအချင်းချင်း စည်းလုံးညီညွတ်မှု မရှိသောကြောင့် လွတ်လပ်ရေးကြီးကို ခါးသီးလှစွာ ဆုံးရှုံးခဲ့ရခြင်းကိုတွေ့မြင်ရပေသည်။**

ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာဆင်နွှဲနိုင်သည်ကြောင့် မြန်မာတို့၏ စွမ်းရည်သတ္တိ၊ ဇွဲ၊ ဝီရိယရှိမှုတို့ကို ကမ္ဘာက လေးစားချီးကျူးလာကြရပြီး၊ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မြန်မာတမျိုးသားလုံးတို့၏ ခေါင်းဆောင်ကြီး အစစ်အမှန်ဖြစ်ကြောင်းကို အကျယ်တဝင့်အသိအမှတ်ပြုလာကြရပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကိုခံယူ၍ မြန်မာတမျိုးသားလုံးနှင့် တိုင်းရင်းသားလူမျိုးတို့သည် သွေးစည်းညီညွတ်စွာဖြင့်လွတ်လပ်ရေးကြီးအရယူရန် စိတ်အားထက်သန် ဆန္ဒပြင်းပြလျက်ရှိနေကြပေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသော ဗြိတိသျှတို့သည် “စက္ကူဖြူစာတမ်း”တခုကိုထုတ်ပြန်၍တိုင်းပြည်ကိုတဖန်စိုးမိုးအုပ်ချုပ်ရန် လုပ်ဆောင်လာခဲ့ကြသည်။ သို့သော် ဖဆပလ အဖွဲ့ချုပ်ကြီးက စက္ကူဖြူစာတမ်းသည် မြန်မာတိုင်းရင်းသားတို့၏ဆန္ဒနှင့်မကိုက်ညီဘဲ ခေတ်နောက်ပြန်ဆွဲသောစီမံကိန်းဟူ၍လည်းကောင်း၊ မြန်မာ့လွတ်လပ်ရေးကို အလှမ်းဝေးစေမည့် စီမံကိန်းဟူ၍လည်းကောင်း၊ သဘောထားကာလက်မခံဘဲ ကန့်ကွက်ခဲ့ပေသည်။ တဖက်တွင်လည်း ဒုတိယကမ္ဘာစစ်ကြီး၏ဒဏ်ရာ၊ ဒဏ်ချက်များကြောင့် ဗြိတိသျှအစိုးရသည် အင်အားချည့်နဲ့လျက်ရှိပြီး၊ ယင်းအုပ်ချုပ်မှုလက်အောက်ရှိ ကိုလိုနီနိုင်ငံအားလုံးလိုလို၏ လွတ်လပ်ရေးတောင်းဆိုမှုများနှင့် ရင်ဆိုင်နေရသည်။

မြန်မာနိုင်ငံတွင်လည်း တိုင်းပြည်ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလအဖွဲ့ချုပ်ကြီး)သည်“လုံးဝလွတ်လပ်ရေး”နှင့်“ကိုယ့်ကြမ္မာကိုကိုယ့်ဖာသာကိုယ်ဖန်တီးနိုင်ရေး”များကို ရှေ့လုပ်ငန်းရည်ရွယ်ချက်များအဖြစ်ကြေငြာခဲ့ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဖဆပလ ခေါင်းဆောင်ကြီးများသည် ပြောင်းလဲလျက်ရှိနေသော ကမ္ဘာ့နိုင်ငံရေးအခြေအနေအရပ်ရပ်ကို ဆန်းစစ်သုံးသပ်ကာ၊ ဗြိတိသျှနှင့် ဆွေးနွေးညှိနှိုင်းမှုမှတဆင့်၊ တိုင်းပြည်လွတ်လပ်ရေးကြီးကိုပြန်လည်အရယူရေးလမ်းစဉ်အား ရွေးချယ်ဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံးခြေလှမ်းဖြစ်သည်ဟုတွေ့မြင်ခဲ့ကြပေသည်။ လက်နက်ကိုင်တော်လှန်ရေးမလိုအပ်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပေသည်။ သို့သော်ပြောင်းလဲလာနိုင်မည့် အခြေအနေများအရလိုအပ်ပါလျှင် လက်နက်ကိုင်တော်လှန်ရေးကို ပြန်လည်ဆောင်ရွက်ရမည်ဟု ဆုံးဖြတ်ခဲ့ကြပေသည်။

ဖဆပလ အဖွဲ့ချုပ်ကြီးများကမိမိတို့သည် ပြည်သူလူထု၏ထောက်ခံမှု အပြည့်အဝရရှိပြီး၊ တိုင်းပြည်အားကိုယ်စားပြုကြောင်း ဗြိတိသျှအစိုးရအားပြသရန် အင်တိုက်အားတိုက် မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် “နေသူရိန်”လူထုအစည်းအဝေးကြီးကိုလည်းကောင်း၊ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင်“ရွှေတိဂုံအလယ်ပစ္စယံ” ပြည်လုံးကျွတ်လူထုအစည်းအဝေးကြီးကို၎င်း ကျင်းပပြီး၊ ပြည်သူလူထု၏ တခဲနက်ထောက်ခံမှုဖြင့် သွေးစည်းညီညွတ်မှုကိုရယူတည်ဆောက်နိုင်ခဲ့ပေသည်။ ၎င်းနောက် ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက်နေ့တွင်ကြီးမားသော နိုင်ငံရေးအထွေထွေသပိတ်ကြီး ဖြစ်ပေါ်လာခဲ့ပေသည်။

ဤထွေထွေသပိတ်ကြီးတွင် ပုလိပ်အမှုထမ်းများကစတင်၍ စာတိုက်နှင့်ကြေးနန်းအလုပ်သမားများ၊ မီးရထားအလုပ်သမားများ၊ အစိုးရရုံးအသီးသီးမှ စာရေးဝန်ထမ်းများ၊ ကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများ၊ ရေနံမြေအလုပ်သမားများ၊ ဆိပ်ကမ်းအုပ်ချုပ်ရေးအလုပ်သမားများ၊ စက်ရုံအလုပ်ရုံ အသီးသီးမှ အလုပ်သမားများ၊ ဌာနပေါင်းစုံမှဝန်ထမ်းများပါဝင်ခဲ့ကြပြီး၊ ပြည်သူလူထုတရပ်လုံးက တခဲနက်ထောက်ခံအားပေးခဲ့ပေသည်။ ဤအထွေထွေသပိတ်ကြီးသည် ဖဆပလအဖွဲ့ကြီးမှကြီးမှူးဆင်နွှဲနေသော အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီးကို တိုက်ရိုက်အကျိုးပြုပေသည်။

ဤအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်နှင့်ပြည်သူလူထု၏စစ်မှန်သော ခေါင်းဆောင်အဖြစ် ပိုမိုပေါ်လွင်ထင်ရှားလာကာ၊ မြန်မာနိုင်ငံဘုရင်ခံသည် ဗိုလ်ချုပ်နှင့်တွေ့ဆုံ၍ စေ့စပ်ညှိနှိုင်းကာ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဘုရင်ခံ၏အမှုဆောင်(ဝန်ကြီး)အဖွဲ့ကို ကြေညာဖွဲ့စည်းပေးခဲ့ရသည်။ ဗိုလ်ချုပ်ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးနှင့်ပြည်သူလူထုကြီးသည်တသွေးတည်းတသားတည်း ညီညွတ်စွာဖြင့်ရပ်တည်လျက် လုံးဝလွတ်လပ်ရေးကိုသာရှေ့ရှု ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။

၁၉၄၇ ခု၊ နှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်

အောင်ဆန်းဦးဆောင်သော ဘုရင်ခံ၏အမှုဆောင် (ဝန်ကြီး)အဖွဲ့အားဗြိတိသျှအစိုးရကဗြိတိန်နိုင်ငံသို့ ဖိတ်ခေါ်ဆွေးနွေးညှိနှိုင်းပြီး ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို စတင်ပျိုးခင်းပေးသည့် အောင်ဆန်း–အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပေသည်။ စာချုပ်ချုပ်ဆိုပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့်အခါ မြန်မာနိုင်ငံလွတ်လပ်ရေးကြီးကို တနှစ်အတွင်းရရှိစေရမည်ဟု ဗိုလ်ချုပ်က ကြေညာသည်။

အောင်ဆန်း – အက်တလီစာချုပ်အရ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တပေါင်းတည်းမြန်မာ့လွတ်လပ်ရေးကိုရယူရမည်ဟု ဆုံးဖြတ်သည်။ သို့နှင့် တိုင်းရင်းသားလူမျိုးစုတို့၏ သဘောဆန္ဒကိုရယူရန် တောင်တန်းဒေသများသို့မနားမနေ ခရီးလှည့်လှည်၍ အပူတပြင်းကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တိုင်းရင်းသားညီအကိုမောင်နှမများ စည်းလုံးညီညွတ်စွာပူးပေါင်း၍ လွတ်လပ်ရေးကြီးကို အတူတကွယူမည်ဖြစ်ကြောင်း၊ "ပင်လုံစာချုပ်ကြီး" အရ သဘောတူဆုံးဖြတ်ခဲ့ကြသည်။ တဖက်နှင့်တဖက် တဦးနှင့်တဦးတွေ့ဆုံဆွေးနွေးခြင်းဖြင့်ရရှိခဲ့သော အဖိုးအနဂ္ဃထိုက်တန်လှသော ရလဒ်ကြီးဖြစ်ပေသည်။

မြန်မာ့လွတ်လပ်ရေးကြီးအတွက် မဏ္ဍိုင်စာချုပ်ကြီးသည် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားထုကြီးနှင့် လူမျိုးစုအဖွဲ့အစည်းများသည် တိုင်းပြည်လွတ်လပ်ရေးရရှိရန် မည်မျှကြိုးမားလှသော၊ မည်မျှအရေးပါသော အခန်းကဏ္ဍမှပါဝင်လှုပ်ရှားခဲ့ကြောင်းကို ထင်ထင်ရှားရှားပေါ်လွင်စေသည့် မြန်မာ့နိုင်ငံရေးသမိုင်းကျောက်တိုင်ကြီးဖြစ်ပေသည်။

ဖဆပလ အဖွဲ့ချုပ်ကြီးကကြီးမှူး၍ လွတ်လပ်သော နိုင်ငံတနိုင်ငံအတွက် လိုအပ်သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရန်၊ တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ယူရေးအတွက်အထွေထွေရွေးကောက်ပွဲကြီးကို ၁၉၄၇ ခုနှစ်၊ ဧပြီလ(၉)ရက်နေ့တွင်ကျင်းပခဲ့သည်။ အဆိုပါ အထွေထွေရွေးကောက်ပွဲကြီးတွင် ဖဆပလအဖွဲ့ချုပ်ကြီး၏ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုများကို ပြည်သူလူထုကတခဲနက်ထောက်ခံ၍ ဖဆပလကိုယ်စားပြု အမတ်ရာခိုင်နှုန်း (၉၀)ကျော်တို့အား ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့ပေသည်။

လွတ်လပ်ရေးကြီး တနှစ်အတွင်းရရှိရန် လုံးဝသေချာနေပြီဖြစ်ပေသည်။ တိုင်းရင်းသားများအားလုံးသည် အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရန်အတွက် စိတ်အားထက်သန်စွာ မျှော်လင့်နေခဲ့ကြသည်။ ၁၉၄၇ ခုနှစ်၊ မေလ (၂၃)ရက်နေ့တွင် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံကြီးကို စတင်ကျင်းပခဲ့သည်။ ထိုညီလာခံကြီးတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို တိုင်းပြည်ပြုလွှတ်တော်သို့ တင်သွင်းရန် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၁၉၄၇ ခုနှစ်၊ ဇွန်လတွင်တိုင်းပြည်ပြုလွှတ်တော်ပထမညီလာခံ၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ လမ်းညွှန်အဆိုတင်သွင်းခြင်းများပြုလုပ်ခဲ့ပေသည်။

ယင်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်မပြုနိုင်မီ ၁၉၄၇ ခုနှစ်၊ဇူလိုင်လ(၁၉)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ကြရသည်။

မိုက်မဲလှသော လူယုတ်မာတစုသည် နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့် အဖြေမရှာဘဲ၊ ဤသို့လက်နက်နည်းဖြင့် အဖြေရှာလုပ်ဆောင်ခြင်းကြောင့် ဆိုးရွားသောအကျိုးဆက်အနိဋ္ဌာရုံများပေါ်ပေါက်ကာ တိုင်းပြည်နှင့်လူထုကြီးအတွက် လွန်စွာမှ နစ်နာဆုံးရှုံးခဲ့ရပေသည်။ ထို့ကြောင့် တိုင်းပြည်နှင့်ပြည်သူလူထုတရပ်လုံး အကျိုးအတွက် နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရမည်သာဖြစ်ကြောင်း ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားများ ကမ္ဘာတည်သရွေ့နှလုံးသွင်းထားရန် လိုအပ်ပေသည်။

ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်၊ တိုင်းပြည်ပြုလွှတ်တော်၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းများတင်သွင်းပြီး ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်နေ့တွင် အတည်ပြုနိုင်ခဲ့ပေသည်။ ၎င်းနောက် အဆိုပါဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို၊ ဗြိတိသျှပါလီမန်က အတည်ပြုနိုင်ရန် နု–အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပေသည်။ ယင်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း ကမ္ဘာသို့ကြေညာခဲ့ပေသည်။

ယနေ့ဆိုလျှင် လွတ်လပ်ရေးကြီး ရရှိခဲ့သည်မှာ (၅၄)နှစ်တိုင်တိုင်ရှိခဲ့ပေပြီ။ နိုင်ငံနှင့်လူမျိုးသည် လွတ်လပ်ရေးကြီး၏ အနှစ်သာရကို အမှန်တကယ်ခံစားနိုင်ခဲ့ပြီလော၊ ခံစားနေရပြီလောဆိုသည်တို့ကို ပြန်လည်ဆန်းစစ်ကြည့်ရန်လိုပေလိမ့်မည်။ လွတ်လပ်ရေး၏ အနှစ်သာရသည် တိုင်းပြည်လွတ်လပ်နေရုံနှင့်မပြီး၊ ပြည်သူလူထုတရပ်လုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်များ လွတ်လပ်စွာတိုးတက်နိုင်ပါမှ ပြည့်စုံပေလိမ့်မည်။

၎င်းအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကြီးတွင်ပါရှိသည့် အောက်ပါအချက်များနှင့်ကိုက်ညီသော ခေတ်မီအုပ်ချုပ်ရေးစနစ်လိုအပ်ပေသည်။

"လူ့ခပ်သိမ်း၏ မျိုးရိုးဂုဏ်သိက္ခာနှင့်တကွ လူတိုင်းအညီအမျှခံစားခွင့်ရှိသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လူ့ခပ်သိမ်း၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုတို့၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့်လည်းကောင်း"

* * *

"မည်သူကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာဂုဏ်ငယ်စေသော ဆက်ဆံစေမှုမပြုလုပ်ရ၊ သို့တည်းမဟုတ်အပြစ်ဒဏ်ပေးခြင်းမပြုလုပ်ရ"

* * *

"လူတိုင်းတွင်လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့်လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်ရှိသည်"

* * *

"လူတိုင်းတွင် လွတ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်တို့ရှိသည်။ မည်သူ့ကိုမျှ အဖွဲ့အစည်းတခုသို့ဝင်စေရန် အတင်းအကျပ်မပြုရ"

* * *

ပြည်သူများ ရသင့်ရထိုက်သော အခွင့်အရေးများမရရှိလျှင် လွတ်လပ်ရေး၏အရသာကို ခံစားနိုင်ကြမည်မဟုတ်ဘဲ ဓါးမိုးထားသောလွတ်လပ်ရေးသာဖြစ်မည်ကို အမြော်အမြင်ကြီးမားလှသော အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်နေ့ကပင် ဖဆပလ ညီလာခံကြီး၌အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်၍ မိန့်ကြားရာတွင် လွတ်လပ်ရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ကြိုတင်လမ်းညွှန်မိန့်မှာခဲ့ခြင်းဖြစ်ပေသည်။

"....တိုင်းပြည်လွတ်လပ်တယ်ဆိုတာက နိုင်ငံကတော့လွတ်လပ်တယ်၊ လူမျိုးကတော့ မလွတ်လပ်ဘူး၊ ပြောချင်တာမပြောရဘူး၊ တရားသဖြင့် သူထင်မြင်တာမပြောရ၊ ဆိုချင်တာမဆိုရ၊ ရေးချင်တာမရေးရ၊ လုပ်ချင်တာမလုပ်ရ၊ အဲဒါမျိုးဟာ ဂျပန်ခေတ်တုန်းကခံခဲ့ရတယ်။ အဲဒီလိုလွတ်လပ်ရေးမျိုးဟာ ပါးစပ်ပိတ်ကြောက်လန့်ပြီးတော့နေရတဲ့ လွတ်လပ်ရေးဖြစ်တယ်၊ ဓါးမိုးထားတဲ့လွတ်လပ်ရေးပဲ၊တိုင်းသူပြည်သားတွေမလွတ်လပ်ဘူး...."

မြန်မာနိုင်ငံသည် လွတ်လပ်ရေးကြီးရရှိပြီးသည့်နောက်တွင် လက်နက်ကိုင်သောင်းကျန်းမှုများပေါ်ပေါက်လာခဲ့ပြီး အမျိုးမျိုးသောအနိဋ္ဌာရုံများနှင့်ရင်ဆိုင်ခဲ့ရပေသည်။ လွတ်လပ်ပြီး (၁၀)နှစ်ကာလသည် ပါလီမန်ဒီမိုကရေစီခေတ်ဖြစ်သော်လည်း၊ သောင်းကျန်းမှုများကြောင့် တိုင်းသူပြည်သားများမှာ လွတ်လပ်ရေး၏အရသာကို မခံစားနိုင်ခဲ့ကြပေ။

၎င်းပြင် ၁၉၆၂ ခုနှစ်မှသည် ယနေ့အချိန်အခါထိ ဒီမိုကရေစီဆိတ်သုဉ်းခဲ့သည်။ ဒီမိုကရေစီဆိတ်သုဉ်းခဲ့သည်ကြောင့် အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးနစ်နာခဲ့ကြရပြီး လွတ်လပ်ရေး၏အရသာကို မခံစားခဲ့ကြရကြောင်းတွေ့ရပေသည်။ တိုင်းပြည်နှင့်လူထုအတွက်ပါ ကြေကွဲဝမ်းနည်းဖွယ်ရာ ကြီးမားကျယ်ဝန်းလှသည့် အနိဋ္ဌာရုံကြီးများ ဖြစ်ကြပေသည်။

မြန်မာနိုင်ငံသမိုင်းစဉ်အား ပြန်လည်သုံးသပ်ကြည့်သော်၊ အမြင်ကျဉ်းမြောင်းပြီး အယူအဆအစွဲအလမ်းဟောင်းများကို ဖက်တွယ်ထားသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားဖြင့် ခေတ်နောက်ကျလျက်ရှိသောပဒေသရာဇ်စနစ်ကိုကျင့်သုံးကာအချင်းချင်း စည်းလုံးညီညွတ်မှု မရှိသောကြောင့် လွတ်လပ်ရေးကြီးကို ခါးသီးလှစွာ ဆုံးရှုံးခဲ့ရခြင်းကိုတွေ့မြင်ရပေသည်။

တဖန်လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲအဆင့်ဆင့်တွင်ကိုယ်ကျိုးအတ္တထက် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ရှေ့တန်းတင်ပြီး စည်းလုံးညီညွတ်စွာဆောင်ရွက်မှသာ ထိရောက်သောအောင်မြင်မှုရခဲ့ကြောင်းတွေ့ရပေသည်။ အထူးသဖြင့် ရည်ရွယ်ချက်ခိုင်မာပြတ်သားတိကျသော ခေါင်းဆောင်မှုအောက်တွင် အမျိုးသားအကျိုးစီးပွားတည်းဟူသော လွတ်လပ်ရေးကြီးကိုရှေ့ရှုလျက်၊ နိုင်ငံရေးအင်အားစုများအားလုံးနှင့်တိုင်းရင်းသားပြည်သူတရပ်လုံး သွေးစည်းညီညွတ်စွာ ဇွဲ၊ ဝီရိယ၊ သတ္တိပြည့်စုံစွာဖြင့် လိုက်ပါဆောင်ရွက်ခဲ့ကြရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးကြီးကို ဗြိတိသျှအစိုးရနှင့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းမှတဆင့်အရယူပေးခဲ့ခြင်းဖြစ်ကြောင်းကို အလေးအနက်ထား မှတ်သားကြရမည်ဖြစ်ပေသည်။ ထိုအချိန်ကအချို့အင်အားစုများသည်လွတ်လပ်ရေးဆိုသည်မှာတောင်းယူ၍မရကြောင်း၊ တိုက်ယူမှ စစ်မှန်သောလွတ်လပ်ရေး ရရှိနိုင်မည်ဖြစ်ကြောင်း

## ပြည်တွင်းပြည်သူတွေဘ၀



လူမမယ်အရွယ်လေးက လမ်းဘေးဈေးရောင်း





အရွယ်မရောက်သေးသူတွေက အလုပ်ကြမ်းဝင်လုပ်



လှုပ်ရှင်းမြှုပ်နေရသည့် အခြေအနေတွင် တောင်းစားသူ



တို့ကတဖုံ ဤသို့နှင့် ကျွန်ုပ်တို့၏





အနှစ် ၅၀ ကျော် လွတ်လပ်ရေးကြီးကား ခါးသီးလှပေစွ။

ဗိုလ်ချုပ်အောင်ဆန်းအား အတိုက်အခံပြုခဲ့ခြင်းများတွေ့ကြုံခဲ့ရပေသည်။ သို့သော်ယနေ့အချိန်အခါ (၂၁)ရာစုတွင်သာမကကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတည်နေသရွေ့ ဗိုလ်ချုပ်အောင်ဆန်း၏ ဆောင်ရွက်မှုတို့သည် လက်တွေ့ကျပြီး၊ အတွေးအခေါ်များမှာလည်း ခေတ်မီသစ်လွင်မှန်ကန်နေဆဲဖြစ်နေပေမည်။ ၎င်းပြင်ဤသမိုင်းကိုလည်း လုံးဝဖျက်၍ရမည်မဟုတ်ပေ။

ထို့ကြောင့်ဗိုလ်ချုပ်အောင်ဆန်းကညီညွတ်ကြရန်နှင့် အမျိုးသားသွေးစည်းညီညွတ်ရေးအရေးပါလှပုံကို ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်နေ့ ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီးတွင်–

"....လွတ်လပ်ရေး လုပ်တဲ့ကိစ္စမှာ တတိုင်းပြည်လုံးသွေးစည်းညီညွတ်ပြီးစည်းစည်းလုံးလုံး အလုပ်လုပ်နိုင်မှဖြစ်နိုင်မှာမို့၊ ဒီလိုမလုပ်ရင် ညီညွတ်ရေးမရဘူးဆိုလို့ရှိရင် တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးဟာ ကျကျနနမဖြစ်နိုင်ဘူး....လွတ်လပ်ရေးရအောင်အလိုအပ်ဆုံးအရာမှာ ညီညွတ်ရေးပင်ဖြစ်ကြောင်း၊ ညီညွတ်ရေးသည်တူညီသောအကျိုး၊တူညီသောအလုပ်နှင့် တူညီသောဆောင်ရွက်ချက်တို့တွင်အခြေပြုရမည်ဖြစ်ကြောင်း...."ဟု မိန့်ကြားခဲ့ပေသည်။ အထူးသတိပြုသင့်သော အချက်ဖြစ်ပေသည်။

အတွက် အချိန်များစွာယူရန်မလိုအပ်ပေ။

ထိုမှတဆင့်တက်၍လေးနက်သော နိုင်ငံရေးအသွင်သဏ္ဍာန်ကိုဆောင်သည့် အနှစ်သာရပြည့်ဝသောစားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးပွဲများအား တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက်လက်တွေ့ကျကျဆောင်ရွက်ရန် အထူးလိုအပ်ပေသည်။ တရက်စော၍ဖြေရှင်းနိုင်လျှင် တရက်စော၍ တိုင်ပြည်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကျိုးရှိစွာဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ "အချိန်နှင့်ဒီရေသည်လူကိုမစောင့်"ဆိုသည့်စကားရပ်ကို သတိပြုရမည်ဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒတွင်ပါဝင်သော ပွင့်လင်းမှုနှင့်အပြန်အလှန်လေးစားလိုက်နာရေး၊ ငြိမ်းချမ်းချောမွေ့သောနည်းကိုအသုံးပြုရေး၊ အာဃာတကင်းစင်သောအထွေထွေသဟဇာတဖြစ်မှုကို ရှေ့ရှုရေးမှုများနှင့်လိုက်လျောညီထွေစွာ အဖွဲ့ချုပ်သည်တိုင်းပြည်နှင့် ပြည်သူလူထုတရပ်လုံး(တိုင်းရင်းသားလူမျိုးစုများအပါအဝင်) အကျိုးများအတွက် စာပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းသွားရန် ယနေ့အချိန်ကာလတွင်မှမဟုတ်ဘဲ အဖွဲ့ချုပ်စတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ပင်အသင့်ဖြစ်နေခဲ့ခြင်းဖြစ်ပေသည်၊ မည်သူတဦးတယောက်၊ မည်သည့်အဖွဲ့အစည်း၏ တိုက်တွန်းမှုမပါဘဲ

**တွေ့ဆုံဆွေးနွေးပွဲများအား တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် လက်တွေ့ကျကျဆောင်ရွက်ရန်အထူးလိုအပ်ပေသည်။ တရက်စော၍ ဖြေရှင်းနိုင်လျှင်တရက်စော၍ တိုင်ပြည်ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကျိုးရှိစွာဆောင်ရွက် နိုင်မည်ဖြစ်ပေသည်။**

အတ္တအကျိုးကိုသာကြည့်ပြီး ပရဟိတအကျိုးများကိုမကြည့်ဘဲ အလွန်ကျဉ်းမြောင်းသော ဝါဒများစွဲကပ်နေခဲ့ပါက မည်သည့်နည်းနှင့်မျှ ဆုံးရှုံးခဲ့သည့်လွတ်လပ်ရေးကိုပြန်လည်ရယူနိုင်ခဲ့မည်မဟုတ်ပေ။ အဖိုးအနဂ္ဃထိုက်တန်လှသော အချုပ်အခြာအာဏာပိုင်၍ လွတ်လပ်သော နိုင်ငံတနိုင်ငံအဖြစ်သို့ရောက်ရှိစေရေးအတွက် လွတ်လပ်ရေးကြီးကို တိုင်းရင်းသားပြည်သူပြည်သားအားလုံးသည် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးစီးဦးဆောင်မှုကို ခံယူကြပြီး သွေးစည်းညီညွတ်စွာဖြင့် ရယူပေးခဲ့ရခြင်းဖြစ်ပေသည်။

သို့သော် ယနေ့အချိန်အခါတွင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် နှစ်ပေါင်းများစွာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် အမျိုးသားရေးအကျပ်အတည်းကြီးများအား ကြုံတွေ့ခံစားနေကြရသည်။ ထိုကဲ့သို့ကြီးမားလှသောနိုင်ငံရေးပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းချောမွေ့သောနည်းလမ်း၊ တွေ့ဆုံဆွေးနွေးအဖြေရှာသောနည်းလမ်းဖြင့်ဖြေရှင်းကြရပေမည်။ အခြားနည်းလမ်းမရှိပေ။ နိုင်ငံရေးကိုနိုင်ငံရေးနည်းလမ်းဖြင့်သာဖြေရှင်းကြရပေမည်။

အဆိုပါနည်းလမ်းကို လိုက်နာကျင့်သုံးရန်အတွက် ပထမခြေလှမ်းအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အကြားယုံကြည်မှုကို စတင်တည်ဆောက်နေပေသည်။ တမြေတည်းနေ တရေတည်းသောက်နေထိုင်ကြသူ သွေးရင်းသွေးချင်းများ ဖြစ်ကြသောကြောင့် ယုံကြည်မှုတည်ဆောက်ရေးကာလ

မူလကနဦးကပင် အဖွဲ့ချုပ်၏အရင်းခံမူဝါဒသဘောထားဖြစ်ပေသည်။ ယနေ့တိုင်သဘောထားပြောင်းလဲခဲ့ခြင်းမရှိပေ။

ဤနေရာတွင်ထပ်မံ၍ တင်ပြလိုပေသည်။ မြန်မာ့လွတ်လပ်ရေးကြီးကို ပြန်လည်ရရှိရန် ကြိုးပမ်းစဉ်ကာလကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအစိုးရတို့သည် ရဲရင့်ပြတ်သားစွာဖြင့် အပြန်အလှန်နားလည်မှုယူကာ စာပွဲဝိုင်းတွင် အချိန်တိုတိုကာလအတွင်းတွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

၎င်းပြင် ဗြိတိသျှအစိုးရသည် ကမ္ဘာနှင့်မြန်မာအခြေအနေကို သဘောထားကြီးကြီးလက်တွေ့ကျကျသုံးသပ်ကာ ဗိုလ်ချုပ်အောင်ဆန်းအားဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် ယုံကြည်စွာ ခေါင်းဆောင်တာဝန်ယူရန် အပ်နှင်းခဲ့ပေသည်။ ဤကဲ့သို့နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်လာသောအခါ၌ ပြည်သူလူထုကြီးအား တနှစ်အတွင်း လွတ်လပ်ရေးရရမည်ဟု ဗိုလ်ချုပ်အောင်ဆန်းကယုံကြည်စွာ အာမခံချက်ပေးနိုင်ခဲ့ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကျေးဇူးကို ရှေ့တန်းတင်၍ လက်ငင်းဆောင်ရွက်ရမည့်ကိစ္စများကို ရဲရင့်ပြတ်သားစွာဆုံးဖြတ်ရန်လိုကြောင်းကို သံသယမထားသင့်ပေ။ တပ်မတော်သည် ဗြိတိသျှတို့အားတိုက်ခိုက်ခဲ့ရာတွင်လည်းကောင်း၊ ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်လက်တွဲ၍ ဆင်နွှဲခဲ့ရာတွင်လည်းကောင်း၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်အရေးပါသော တိုင်းပြည်အင်အားစုကြီး ဖြစ်ခဲ့ပေသည်။

ဤတပ်မတော် တည်ထောင်ထားခြင်း၏ ရည်ရွယ်ချက်သည် တိုင်းပြည်နှင့်လူမျိုး၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့်ပြည်သူ့ဆန္ဒအားလေးစားလိုက်နာ အကောင်အထည်ဖော်ရေးပင်ဖြစ်ပေသည်။

သို့ဖြစ်၍ တပ်မတော်၏ကောင်းမွန်သောအစဉ်အလာအတိုင်း နိုင်ငံနှင့်နိုင်ငံသူနိုင်ငံသားတို့အကျိုးအတွက်လိုအပ်သော ပြည်သူလူထု၏ဆန္ဒနှင့်ဆီလျော်ညီညွတ်သော ပြည်သူလူထုမျှော်လင့်တောင့်တသော နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးရေးမှတဆင့် ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ ဖြစ်ပေါ်ရေးအားဆောလျင်စွာဆောင်ရွက်ရန် ရိုးသားဖြူစင်စွာတိုက်တွန်းအပ်ပေသည်။ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီး၏ စည်းလုံးညီညွတ်စွာစွမ်းဆောင်မှုကြောင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်ကြီးများ၏ မျိုးချစ်စိတ်ဓါတ်စွမ်းအားထက်သန်မှုကြောင့်လည်းကောင်း၊ တိုင်ပြည်လွတ်လပ်ရေးရရှိရန်ဆန္ဒပြင်းပြလှသည်တို့ကြောင့်လည်းကောင်း၊ လွတ်လပ်ရေးကြီးရရှိခဲ့သည့်နည်းတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားလူမျိုးအင်အားစုများအားလုံး၊ အခြား ဒီမိုကရေစီနိုင်ငံရေးအင်အားစုများနှင့် ပြည်သူလူထုတို့စည်းစည်းလုံးလုံးဖြင့် သွေးစည်း ညီညွတ်ကြရန် လိုအပ်ပေသည်။

သို့မှသာ တိုင်းပြည်တွင်ဒီမိုကရေစီထွန်းကားလာပြီး ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် လွန်စွာအရေးကြီးလှသည့် အခန်းကဏ္ဍတွင် ရပ်တည်လျက် ရှိနေပေမည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ကြပါက မြန်မာနိုင်ငံ၏ဒီမိုကရေစီပြန်လည်ရရှိရေး ပန်းတိုင်သို့လျင်မြန်စွာရောက်ရှိမည်ဖြစ်ပေသည်။ အဖွဲ့ချုပ်၏အဓိကရည်ရွယ်ချက်၊ ရည်မှန်းချက်သည်ဒီမိုကရေစီရေးပင်ဖြစ်ပေသည်။

အထူးတလည်ဂုဏ်ယူရသည့် ဤနေ့ထူးနေ့မြတ်လွတ်လပ်ရေးနေ့ကြီးသည် နှစ်သစ်ကူးအခါသမယနှင့်လည်း တိုက်ဆိုင်နေပေသည်။ သို့ပါ၍ ပြည်သူပြည်သားအားလုံး(တိုင်းရင်းသားလူမျိုးစုများအပါအဝင်)အဖွဲ့အစည်းများအားလုံး(တပ်မတော်အပါအဝင်)တို့သည်အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲကြီးကို အချိန်မဆွဲဘဲ ထမြောက်အောင်မြင်ရေးအတွက် လူသစ်၊ စိတ်သစ်၊ အတွေးအခေါ်သစ်၊ အကြံဉာဏ်သစ်များနှင့် ဖြူစင်သန့်ရှင်းသော စိတ်စေတနာများကို မွေးမြူကြရပေမည်။

ယင်းဆွေးနွေးပွဲကြီးတွင် တိုင်းပြည်၏ပြဿနာများကို စစ်မှန်စွာညှိနှိုင်းဖြေရှင်း၍ ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောသော၊ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ရေး ပန်းတိုင်ဆီသို့ ဦးတည်ချီတက်ကြပါစို့ဟု ခိုင်မာသော၊ မသွေဖီမယိမ်းယိုင်သောအဓိဋ္ဌာန်ချမှတ်ဆောင်ရွက်သွားကြရန် မေတ္တာ၊ စေတနာသန့်ရှင်းစွာဖြင့် ထပ်မံ၍အလေးအနက်တိုက်တွန်းအပ်ပေသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ရန်ကုန်မြို့။**

**၁၃၆၂ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၅)ရက်။**
**၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်။**

# အမျိုးသားပြန်လည်သင့်မြတ်ရေး အမြန်တည်ဆောက်ရန် လွတ်လပ်ရေးတိုက်ပွဲဝင်နိုင်ငံရေးသမားကြီးများကပန်ကြားလွှာထုတ်ပြန်

**(၈၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့က ရန်ကုန်မြို့တွင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီး(၁၀၅)ဦးတို့က လက်မှတ်ရေးထိုးပြီး နအဖစစ်အုပ်စုနှင့် အတိုက်အခံနိုင်ငံရေးပါတီများသို့ ပန်ကြားလွှာတစောင်ပေးပို့ခဲ့ရာ အဆိုပါပန်ကြားလွှာကို ဖော်ပြလိုက်ပါသည်။**

၁။ မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့ ခရစ်သက္ကရာဇ် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့သည် (၈၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကြီးဖြစ်ပေသည်။

၂။ လွန်ခဲ့သော ခရစ်သက္ကရာဇ် ၁၉၂၀ ခုနှစ်က ကျွန်ပညာရေးစနစ် သက်ဆိုးရှည်စေမည့် ယူနီဗာစတီအက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများ ဦးဆောင်တိုက်ပွဲဝင်၍ အောင်ပွဲရခဲ့သောနေ့ကို နဝမအကြိမ်မြောက် ဂျီ–စီ–ဘီ–အေ ကွန်ဖရင့်ကြီးက အမျိုးသားအောင်ပွဲနေ့အဖြစ်သတ်မှတ်ကာ ထိုအချိန်မှစ၍နှစ်စဉ်ထိုနေ့သို့ရောက်တိုင်း မြန်မာတနိုင်ငံလုံး ချိမ့်ချိမ့်သဲသဲကျင်းပ၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ အတွက် "အမျိုးသားသွေးစည်းညီညွတ်ရေး" လိုအပ်ကြောင်းတပ်လှန့်နှိုးဆော်ခဲ့ကြပေသည်။

၃။ ထို့ကြောင့်လည်း မြန်မာပြည်သူတို့သည် ၁၉၄၈ ခုနှစ်တွင် လုံးဝလွတ်လပ်ရေးကို လက်ဆုပ်လက်ကိုင်ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့ကြပေသည်။ သို့သော်လည်းလွတ်လပ်ရေးရရှိပြီးသည်မှ ယနေ့ထက်တိုင်အမျိုးမျိုးသောအကြောင်းများကြောင့် အမျိုးသားညီညွတ်ရေးပြိုကွဲကာ ပြည်တွင်းစစ်မီးကြီး တဟုန်းဟုန်းတောက်လောင်ခဲ့ရပေသည်။

၄။ ယင်းပြည်တွင်းစစ်၏ ဒဏ်ကြောင့်လည်းကောင်း၊ အမျိုးသားသွေးစည်းညီညွတ်ရေးပြိုကွဲကာ သွေးစည်းညီညွတ်သော အမျိုးသားအစိုးရတရပ်မတည်ဆောက်နိုင်မှုကြောင့်လည်းကောင်း၊ ပြည်သူတရပ်လုံးသည် ယနေ့ထက်တိုင် လွတ်လပ်ရေးအသီးအပွင့်များကိုမခံစားရဘဲ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများကို ခါးသီးစွာရင်ဆိုင်ရလျက်ရှိပေသည်။ ဤအကြပ်အတည်းများကို ကုစားရန်တခုတည်းသော နည်းလမ်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးမှတဆင့် အမျိုးသားသွေးစည်းညီညွတ်ရေးကိုစောလျင်စွာ တည်ဆောက်ကြရန်ဖြစ်ပေသည်။

၅။ ထို့ကြောင့်လည်း တမျိုးသားလုံးသွေးစည်းညီညွတ်မှုကို အုတ်မြစ်ချမှတ်နိုင်ခဲ့သည့်မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍သမိုင်းနှင့်ချီကာဂုဏ်ယူဖွယ်ရာဖြစ်သော ဤအမျိုးသားအောင်ပွဲနေ့ကြီးတွင် လွတ်လပ်ရေးတိုက်ပွဲ ခေတ်သုံးခေတ်တွင်၊ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားညီညွတ်ရေးတို့အတွက် တိုက်ပွဲဝင်ခဲ့ကြသော ကျွန်ုပ်တို့ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များနှင့် ဤအမျိုးသားအောင်ပွဲနေ့ကို တက်ရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များက တမျိုးသားလုံးသွေးစည်းညီညွတ်မှုအထိမ်းအမှတ်ဖြစ်သည့် (၈၁)နှစ်မြောက် အမျိုးသားနေ့ကြီးတွင်တိုင်းပြည်နှင့်တမျိုးသားလုံးအကျိုးကိုရှေးရှုကာ အောက်ပါတို့ကိုသက်ဆိုင်သူကာယကံရှင်အားလုံးက အချိန်မနှောင်းမီအမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြပါရန်ပန်ကြားလိုက်ပါသည်။

(က)ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့တွေ့ဆုံဆွေးနွေးနေသည့် "ယုံကြည်မှုတည်ဆောက်နေခြင်းမှသည်နိုင်ငံရေးသဘောတူညီချက်ရရှိရေး"အတွက်ဆွေးနွေးပွဲအဖြစ်သို့ အမြန်ဆုံးတိုးမြှင့်ဆောင်ရွက်ကြပါရန်နှင့် ၎င်းမှတဆက်တည်း–

– ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေးအဖွဲ့အစည်းများနှင့်လည်းကောင်း၊

– အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသည့် တိုင်းရင်းသားလူမျိုးစုအဖွဲ့များနှင့် လည်းကောင်း၊

– ကျန်ရှိနေသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း အပစ်အခတ်ရပ်စဲကာ နိုင်ငံရေးသဘောတူညီချက်ရရေးအတွက် အလျင်အမြန်ဆွေးနွေးကြရန်လည်းကောင်း ပန်ကြားအပ်ပါသည်။

(ခ) ယင်းသို့ဆွေးနွေးနေသည့် ကာလအတွင်း ဆွေးနွေးဖက်ဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့် အခြားသော နိုင်ငံရေးအကျဉ်းသားအားလုံးအားခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်နှင့်

(ဂ) နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစုများကို ရပ်ကွက်၊ ကျေးရွာအဖွဲ့များမှသည်ဗဟိုအထိ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ရှိစေရန် အမြန်ဆုံးဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြပါရန်မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ကျွန်ုပ်တို့၏ ဤမေတ္တာရပ်ခံချက်များ အလျင်အမြန်အကောင်အထည်ပေါ်လာနိုင်သည်နှင့်အမျှလက်ရှိတွေ့ကြုံနေရသော အထွေထွေအကြပ်အတည်းများမှ လွတ်မြောက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

**ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ**

၁၃၆၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်